www.burmeseclassic.com

# ဘကြည်ဝေါက်

## လုပ်ချင်တာ လုပ်ခွင့်ရှိသော တိုင်းပြည်



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| အဖုံးဒီဇိုင်း | ◆ | ကိုဆန်း |
| ထုတ်ဝေသူ | ◆ | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြဲ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇လမ်း<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ◆ | ဒေါ်ရွှေ (မြဲ-၀၂၀၇၉)<br>သုခပုံနှိပ်တိုက်<br>အမှတ် (၁၄၈)၊ ၄၅လမ်း(ထက်)<br>ဗိုလ်တထောင်။ |
| အတွင်းဖလင် | ◆ | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | ◆ | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | ◆ | ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ |
| အုပ်ရေ | ◆ | ၅၀၀ |
| တန်ဖိုး | ◆ | ၁၈၀၀ ကျပ် |

အကြည်တော်
လှပ်ချပ်တာလှပ်ခွင့်ရှိသောတိုင်းပြည်

စိုးမိုးစာပေ၊ ၂၀၁၅
၁၄၀-စာ၊ ၁၃.၅ × ၁၈.၅ စင်တီ။
အကြည်တော်/လှပ်ချပ်တာလှပ်ခွင့်ရှိသောတိုင်းပြည်


www.burmeseclassic.com

www.burmeseclassic.com



ဤစာစုများမှာပုံပြင်သာဖြစ်၍ ပုံပြင်လိုသာဖတ်ပေး၊ နားလည်ပေးကြပါရန်။

အကြည်တော်



www.burmeseclassic.com

www.burmeseclassic.com



## လုပ်ချင်တာလုပ်ခွင့် ရှိသောတိုင်းပြည်

ထိုတိုင်းပြည်သည် လုပ်ချင်တာလုပ်ခွင့်ရှိသော တိုင်းပြည်ဖြစ်သည်။

ထိုတိုင်းပြည်တွင်ရှိသောသူများသည် ကိုယ်လုပ်ချင်သည်များကို လွတ်လပ်စွာလုပ်ခွင့်ရှိကြသည်။

ဆန္ဒပြချင်သူက ဆန္ဒပြခွင့်ရှိသည်။ ဖမ်းချင်သူက ဖမ်းချင်သလို ဖမ်းခွင့်ရှိသည်။

ကျူးကျော်သူက ကျူးကျော်ချင်သလို ကျူးကျော်ခွင့်ရှိသည်။ မြေသိမ်းချင်သူက သိမ်းချင်သလိုသိမ်းခွင့်ရှိသည်။

သစ်ပင်စိုက်သူက စိုက်ချင်သလို စိုက်ခွင့်ရှိသည်။ သစ်ပင်ခုတ်သူက သစ်တောပြုန်းတီးသည်အထိ ခုတ်ခွင့်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com


ဝတ်သေသူများ ဝတ်သေခွင့်ရှိသလို၊ ချမ်းသာသူများ စိတ်ကြိုက် ချမ်းသာခွင့်ရှိသည်။

တော်လှန်ချင်သူက လက်နှင့်တော်လှန်ခွင့်ရှိသလို၊ သေနတ်ရှိသူများကလည်း ရှိသောသေနတ်နှင့် စိတ်ကြိုက်ပစ်ခွင့်ရှိသည်။

ကိုးကွယ်ချင်က ကိုးကွယ်ချင် ရာကိုးကွယ်ခွင့်ရှိသလို အယူသီးသူများကလည်း အစွန်းရောက်အယူသီးခွင့်ရှိသည်။

လယ်သမားများ ထမင်းတစ်နပ်လျှော့စားခွင့်ရှိသလို၊ လာဘ်ပေး လာဘ်ယူသမားများ စိတ်ကြိုက်လာဘ်စားခွင့်ရှိသည်။

ဆင်းရဲချင်သူများ ဆင်းရဲခွင့်ရှိသလို၊ ချမ်းသာသူများ ပိုက်ဆံမထားနိုင်အောင် လွတ်လပ်စွာ ချမ်းသာခွင့်ရှိသည်။

အခွန်ဆောင်သူများ အခွန်ဆောင်နိုင်သလို၊ အခွန်ရှောင်သူများ ရာသက်ပန်အခွန်ရှောင်နိုင်သည်။

အရပ်သားများ ဥပဒေဘောင်အတွင်း နေထိုင်ခွင့်ရှိသလို၊ ပတ်သက်စပ်ယှက်များ လွတ်လပ်စွာ ရမ်းကားခွင့်ရှိသည်။

အချို့သောသူများ ဥပဒေအောက်တွင်ရှိသလို၊ အချို့သူများ ဥပဒေအထက်တွင် နေထိုင်ခွင့်ရှိသည်။

အချို့သောသူများ ကြိုက်ရာ ပြစ်မှုကိုလုပ် ဒါဏ်ငွေငါးဆယ် တစ်ရာနှင့် ပြီးနိုင်သလို၊ ထောင်ကျချင်သူများက မဆိုစလောက်ပြစ်မှုလုပ်၊ ထောင် ဒါဏ်နှစ်ပေါင်းငါးဆယ်၊ တစ်ရာအထိလည်း ကျခံနိုင်သည်။

အချို့သောသူများ လိုင်စင်နှင့်ယာဉ်များစီးကြရပြီး၊ အချို့သောသူများ လိုင်စင်မဲ့ယာဉ် ပြောင်ပြောင်တင်းတင်း စီးခွင့်ရသည်။

အချို့သောသူများ ဥပဒေကိုပြင်ဆင်လိုကြပြီး၊ အချို့သောသူများက မပြင်ဘဲလည်း နေလိုကြသည်။

နေစရာ နေရာမရှိသောသူများ လမ်းပေါ်ဖြစ်သလိုနေခွင့်ရှိပြီး ရောင်းချင်သူကမြစ်ချောင်းတောတောင်မှအစ နှစ်သက်ရာကို နှစ်သက်ရာဈေးနှင့် ရောင်းချင်သလို ရောင်းချပိုင်ခွင့်ရှိသည်။


www.burmeseclassic.com

www.burmeseclassic.com


ပြောချင်သူက ပြောချင်တာပြောခွင့်ရှိပြီး၊ လုပ်ချင်သူက လုပ်ချင်သလို လုပ်ပိုင်ခွင့်ရှိသည်။

ခရီးသည်များ ခရီးသွားခွင့်ရှိပြီး မော်တော်ကားများလည်း မောက်ချင်သလို မောက်ခွင့်ရှိသည်။

တရားစွဲဆိုခံသူများက တရားစွဲဆိုခံရပြီး၊ တရားစွဲသူများက စိတ်ကြိုက်ပုဒ်မတပ် တရားစွဲခွင့်ရှိသည်။

ဟုတ်တာလုပ်ပြီး စိတ်ညစ်ခွင့်ရှိသလို၊ မဟုတ်တာလုပ်နေသူများလည်း ပျော်ရွှင်ခွင့်ရှိသည်။

အမှန်ကိုအမှားဟု အပြောခံခွင့်ရှိပြီး၊ အမှားကိုအမှန်ဟု ဖွတ်ငြင်းချင်သူလည်း ငြင်းပိုင်ခွင့်ရှိသည်။

ထိုတိုင်းပြည်သည် စိတ်ညစ်သူများ စိတ်ညစ်ခွင့်ရှိပြီး ပျော်ရွှင်သူများ အတိုင်းမသိ ပျော်ရွှင်နိုင်သော တိုင်းပြည်ဖြစ်သည်။

ထို့ကြောင့် ထိုတိုင်းပြည်သည် လုပ်ချင်ရာလုပ်ခွင့်ရသော တိုင်းပြည် ဖြစ်သည်။

သင်ပျော်ရွှင်က ပျော်ရွှင်နိုင်ပြီး ဝမ်းနည်းလိုပါကလည်း ဝမ်းနည်းခွင့်ရှိပါသည်။

■


www.burmeseclassic.com

www.burmeseclassic.com



# တိုင်လုပွဲ

ထိုအခါက ထိုတိုင်းပြည်၌အများပြည်သူများ မကျေမနပ်ဖြစ်ကြသည့်အကြောင်းမှာ သက်တမ်းရှည် အမတ်များအကျင့်ပျက်ခြစားမှုတွေကြောင့် ဖြစ်၏။

ပြည်သူကလည်း နှစ်ပေါင်းမြောက်မြားစွာ ထိုဒဏ်ကို ခံလာရ၍ အမတ်များအပြောင်းအလဲပြုပေးရန် တောင်းဆိုလာကြ၏။ အများက ကျယ်ကျယ်လောင်လောင် တောင်းဆိုလာသောအခါ ရေမြေ့သနင်းကြီးလည်း မနေနိုင်တော့။ ထို့ကြောင့်

==ဟဲ့. . ငါ့နားမှာ ညာစားနေကြတဲ့ ဝန်မင်းများအပေါင်းတို့+-

==ဘုရား++



www.burmeseclassic.com

www.burmeseclassic.com



••အင်း မောင်မင်းတို့လည်း သိကြတဲ့အတိုင်း တိုင်းသူပြည်သားများက မောင်မင်းတို့ကို လုပ်ပုံမလျော်ကန်လို့ နေရာချိန်းပေးဖို့ တောင်းဆိုနေကြပြီကွယ့်++

••မှန်လှပါ ကျွန်တော်မျိုးတို့လည်း မကြာခဏချိန်းနေသားပဲဘုရား။ သူတို့ မမြင်လို့ပါဘုရား++

••ဟုတ်ပါတယ် မကြာမကြာချိန်းလာတာ နှစ်ပေါင်းမနည်းတော့ပါဘူး ဘုရား။ သူတို့မမြင်လို့ပါဘုရား++

အားလုံးပွက်လောရိုက်ကုန်၏။ ဒါကို ဘုရင်ကြီးက လက်ကာပြပြီး

••မင်းတို့ချိန်းတာက ချိန်းတာပဲလေ။ ပွင့်လင်းမြင်သာမှုမရှိတော့ ပြည်သူတွေက ဘယ်သိပါ့မလဲ။ နောက်ပြီး ပြည်သူတွေကိုလည်း အခွင့်အရေး ပေးသင့်တာပေါ့။ ဟုတ်ဘူးလား ++

ဘုရင်ကြီး စိတ်ကောင်းဝင်စဉ် ပြောသောစကားကြောင့် ဝန်ကြီးများ ပျာတောက်သွားကြ၏။ တစ်ယောက်တစ်ပေါက်နှင့်ထတဲ့ပြီး

••ကျွန်တော်မျိုးက ဘုရင်ကြီးရဲ့ဖခမည်းတော်လက်ထက်ကတည်းက အမှုထမ်းလာတာနော်။ ထွက်တော့မထွက်နိုင်ဘူး++

••ကျွန်တော်မျိုးကလည်း ဘုရင်ကြီးရဲ့ဖွားဘက်တော်နော်။ ကျွန်တော်မျိုး ထွက်ရလို့ကတော့ ဘုရင်ကြီးအကြောင်း ဖင်လှန်ပစ်မှာ++

••ကျွန်တော်မျိုးကိုတော့ လာမထိနဲ့။ လျှို့ဝှက်ချက်တွေအားလုံး ဖော်ပစ်မယ်။ ဘာမှတ်နေလဲ++

တကယ်တမ်းကျတော့လည်း ဘယ်သူ့ကိုမှဘုရင်ကြီးမထိန်းနိုင်။ အားလုံးက နှစ်ပေါင်းများစွာ ကျူးလွန်ခဲ့သောပြစ်မှုများရှိနေ၍ တစ်ယောက်ဖော်လျှင် အားလုံးအစုအပြုံလိုက်ပေါ်ကုန်မှာကိုး။ ထို့ကြောင့် ဘုရင်ကြီးက လက်ကာပြပြီး

••ကဲ. . ကဲ. . ငြိမ်ကြ၊ ငြိမ်ကြ၊ သူတို့လည်းပါဝင်ခွင့်ရပြီး တို့လည်း နေရာချိန်းပြနိုင်မယ့် နည်းလမ်းစဉ်းစားကြည့်ကြမယ်။ ဟုတ်ပြီလား++

ဝန်ကြီးများအားလုံး ငြိမ်ကုန်ကြ၏။ အကြံထုတ်ကြပုံရ၏။ သူတို့လည်း သူတို့နေရာမတည်မြဲမှာကို ကြောက်လန့်၍ အပြင်းအထန် စဉ်းစားနေကြပုံ။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာထိ ဘာအသံမှ မထွက်လာ။ အကြံတုံး၊ ဉာဏ်တုံးများမို့ ဘာမှလည်းလုပ်တတ်ပုံမရ။ ဒါကို ဘုရင်ကြီးကပဲ

--ကဲ. . ဒါဖြင့်ဒီလိုလုပ် ပြည်သူတွေလည်း ပါဝင်ဆင်နွှဲနိုင်အောင်ဆိုရင်++

ဘုရင်ကြီးက သူ့အကြံကို ပြောပြလိုက်သည်။ ထိုတော့မှ ဝန်ကြီးများ အားလုံး ဝမ်းသာအားရ ထခုန်ကြ၏။

--အေး ဟုတ်တယ်။ အဲဒီအကြံကောင်းတယ်++

--နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ပဲကွ++

--တို့က မြန်ပြီးသား၊ မြန်ပြီးသား++

နောက်တစ်နေ့တွင် နန်းတော်မှသတင်းတစ်ခု ထုတ်ပြန်ကြေညာလိုက်သည်။

--ဝန်ကြီးနေရာအတွက် ဝင်ရောက်အရွေးခံချင်သူ မည်သူမဆိုလက်ရှိ ဝန်ကြီးများနှင့်အပြိုင် ရွေးချယ်ခံနိုင်ရန် နန်းတော်တွင်းသို့ ကြွနိုင်ကြောင်း++

အရွေးခံချင်သူက များများစားစားမရှိ။ လေး၊ ငါး၊ ခြောက် ယောက်သာ။

နန်းတော်တွင်းပြင်ဆင်ထားသည်က နန်းတော်တွင်းရှိတိုင်များ၌ ပြည်ထဲရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ သတင်းထုတ်ပြန်ရေး၊ ကွပ်ကဲရေး၊ ကြီးကြပ်ရေးစသည် စသည်ဖြင့်တိုင်တစ်တိုင်တွင် ဌာနတစ်ခုစီ ရေးထား၏။ ထိုတိုင်တစ်တိုင်ချင်းစီ၌လည်း ဝန်ကြီးတစ်ဦးစီဖက်ထားကြ၏။

ဘုရင်ကြီးက ဝင်ရောက် အရွေးခံမည့်ပြည်သူ လေး၊ ငါးယောက်ကို

--ကဲ. . ပြည်သူ၊ ပြည်သားများလည်း နန်းတွင်းဝန်ကြီးများနဲ့အတူ မျှတစွာ ဝင်ရောက်ရွေးချယ်ခွင့်ရှိပါပြီ++

ဝင်အရွေးခံမည့်ပြည်သူများက ဌာနဆိုင်ရာတိုင်များကို ဖက်ထားသော ဝန်ကြီးများကိုကြောင်တောင်တောင်ကြည့်သည်။

ဘုရင်ကြီးက ဆက်ပြီး

--ကိုင်းခုဆို အားလုံးမြင်ကြတဲ့အတိုင်း ဌာနဆိုင်ရာတိုင်တစ်တိုင်စီမှာ ဝန်ကြီးတစ်ပါးစီ အသီးသီးရှိနေပါပြီ။ ဒီတော့ဝန်ကြီးတွေ တိုင်ချိန်းရင်



www.burmeseclassic.com

www.burmeseclassic.com



နောက်ဖြစ်မယ့်ဝန်ကြီးများက ဌာနတိုင်ဝင်လုခွင့်ရှိပါတယ်။ ကိုယ်ဝင်လုလို့ရတဲ့တိုင်ကို ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ကြရမှာပါ++

အမှန်တော့ တိုင်လုတမ်းကစားခြင်းပင်။ ဌာနနာမည်များတပ်ထားသည်မှအပ ကလေးများအတိုင်း

=ကဲ. . အခုဆိုရင် ကစားနည်းလည်း ရှင်းပြပြီးပြီမို့ ပြိုင်ပွဲစပါပြီ။ ဘယ်သူက ဘယ်ဝန်ကြီးဖြစ်မယ်ဆိုတာ ရှုစားကြပါ++

ဘုရင်ကြီးစကားဆုံးသည်နှင့် ကျန်းမာရေးဝန်ကြီးနှင့် လူမှုရေးဝန်ကြီး ဖတ်ခနဲမျက်စပစ်ပြီး တိုင်ချင်းချိန်းလိုက်သည်။ နောက်ဝင်အရွေးခံမည့် ပြည်သူများ မမီလိုက်။ ကြည့်နေတုန်းမှာပင် ဘဏ္ဍာရေးဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီး တိုင်ချင်းပြေးချိန်းသည်။

=ဟော့. . ငါက ဝန်ကြီးသစ်ကွ++

ဝမ်းသာအားရထအော်သည်။ ဝင်အရွေးခံသူများ မမီလိုက်ပြန်။

တစ်နေရာတွင် ဝန်ကြီးနှစ်ပါးနေရာ အချိန်းတွင်ဝင်အရွေးချယ်ခံမည့် ပြည်သူကလှစ်ခနဲ၊ ဖတ်ခနဲဦးဆောင် ပြေးပြီးနေရာယူလိုက်သည်။ ဘုရင်ကြီးပါ မျက်နှာပျက်သွား၏။

=ဟေး. . ဝန်ကြီးတစ်နေရာရပြီကွ။ ပြည်သူတွေကိုယ်စား ဝန်ကြီးဖြစ်ပြီ++

သူ့အော်သံပင် မဆုံးလိုက်

=ဘွာတေး. . ဘွာတေး++

ခုနက တိုင်လွတ်သွားသော ဝန်ကြီးထအော်သည်။ ဒါကို ပြည်သူ့ကိုယ်စားပြု တိုင်ရထားသူက

=ဟင်. . ဘာလဲ++

သူ့အမေးကို ယခင်ဝန်ကြီးက

=ကျုပ်နေရာချင်းမလဲခင် ဘွာတေးအရင်အော်ထားတယ်++

=ဘာ. . ဝန်ကြီးက ဘွာတေး++

ဝန်ကြီးက ခေါင်းညိတ်ပြီး

=ဟုတ်တယ် တို့ဝန်ကြီးတွေများရင်လုပ်နေကျပဲ။ ဘွာတေးအော်ထားရင် ပြန်လုပ်ရမယ်။ နော်ဘုရင်ကြီး++



www.burmeseclassic.com

www.burmeseclassic.com


သူ့စကားကို ဘုရင်ကြီးကလည်း ခေါင်းညိတ်ပြီး

--အေးလေကွယ်. . ဝန်ကြီးက ဘွာတေးအော်ထားတာပဲ။ ပြည်သူ့ကိုယ်စားလှယ်က ခွင့်လွှတ်ရမှာပေါ့။ ပြန်လုပ်++

--လုပ်ပြီးသွားပြီ။ ကျွန်တော်မျိုးက နေရာချိန်းမလို့လုပ်ပြီး အရင်နေရာပဲ++

ဝန်ကြီးက သူ့တိုင်သူပြန်ဖက်ထား၍ ဘာမှမတတ်နိုင်။

ထိုစဉ် တိုင်နှစ်တိုင်အချိန်းအပြောင်း ဖျတ်ခနဲမြင်ရ၍ပြည်သူ့ကိုယ်စားလှယ်ကြီး ပြေးပြီးနေရာယူလိုက်သည်။

--ဟေး. . ဒီတစ်ခါကျုပ်ဦးပြီ။ ဘာတတ်နိုင်သေးလဲ၊ ဘာတတ်နိုင်သေးလဲ++

သူ့စကားမဆုံးလိုက်။

--ဟော့လူ. . ++

အသံကြား၍ ကြည့်လိုက်တော့ တစ်ဖက်ခြမ်းမှ တိုင်ဖက်ထားသူ တစ်ဦး။ ပြည်သူ့ကိုယ်စားလှယ် အံ့ အားသင့်သွားပြီး

--ဟင်. . ခင်ဗျား၊ ခင်ဗျားက ဘယ်သူလဲ++

တိုင်ကို ပိုင်ပိုင်နိုင်နိုင်ဖက်ထားသူက ခပ်တည်တည်ပင်။

--ကျုပ်ကဒုဝန်ကြီး။ ဒီနေရာ ကျုပ်အရင်ရောက်တာ။ ခင်ဗျားဖယ်နေလိုက်ပါ++

--ဟမ်++

ဤသို့ဖြင့် ပြည်သူ့ကိုယ်စားလှယ်များ ဘယ်နေရာမှမရလိုက်။ နောက်တစ်နေ့ ထုတ်ပြန်ချက်တွင်

--အများပြည်သူရှေ့ တရားမျှတစွာ ရွေးချယ်ခဲ့ပြီး လက်ရှိအဖွဲ့သာ ပြည်သူ၊ ပြည်သားထောက်ခံမဲ ၁၀၂မဲ ကန့်ကွက်မဲ မရှိဖြင့် အနိုင်ရပါကြောင်း++

■


www.burmeseclassic.com

www.burmeseclassic.com



# သရဖူပုံပြင်

ဘုရင်ကြီးကပြောသည်။

••အေးကွယ်၊ ငါတို့လည်း အလုပ်လုပ်နေကြတာပဲ။ ဒါကို ပြည်သူတွေက ဘာလို့ငါတို့ကို မကြည်ညိုလည်းမသိဘူး ကွာ။ ဟင်း. . . ++

ဝန်ကြီးတစ်ပါးက ဝင်ပြောသည်။

••ဘယ်အမြင်ကြည်ပါ့မလဲ မင်းကြီးရယ်။ မင်းကြီးနဲ့ကျုပ်တို့ ဝန်ကြီးအဖွဲ့လုပ်သမျှ အကုန်အမှားချည်းပဲဟာကို++

နောက် ဝန်ကြီးတစ်ပါးက. . .

••ဟုတ်ပ၊ ကျုပ်လည်း ဒါတွေဟာ စေတနာအမှားတွေပါလို့ပဲမိ ပြောနေရတာလည်း မောနေပါပြီ။ ဝါသနာပါလွန်းလို့သာ ခံသာနေတာ ဟီးဟီး++



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးက ခေါင်းညိတ်သည်။

••အင်း မှားတာလဲမှားတာ၊ ညာတာလဲညာတာပေါ့။ ဒါပေမဲ့ ရေမြေသနင်းပြည့်ရှင်မင်းဖြစ်တဲ့အတွက် ပြည်သူတွေကနည်းနည်းလေးစားဖို့တော့ ကောင်းတာပေါ့။ သူတို့ငါ့ကိုလေးစားအောင်ဘယ်လိုလုပ်ရပ့်++

ဘုရင်ကြီးစကားကြောင့် အမတ်များအားလုံး ခေါင်းချင်းဆိုင်ကုန်၏။ ပြီးနောက်တိုင်ပင်ကြ၏။

••အင်း. . တစ်သက်လုံးမှားလာကြတာဆိုတော့ ပြည်သူတွေချက်ခြင်း လေးစားအောင်လုပ်ဖို့က သိပ်လွယ်မှာတော့ မဟုတ်ဘူး++

••ဟုတ်ပ။ အဲဒီအမှားတွေပြင်ဖို့ဆိုရင် ငါတို့တွေအစကပြန်မွေးမှရမှာ++

••ဒါတော့၊ ဒါပေါ့လေ။ ဒါပေမဲ့သက်တမ်းတစ်လျှောက် တစ်ခါလောက် လေးလေးစားစားရှိအောင်လုပ်ကြည့်ဖို့တော့ လိုလိမ့်မယ်++

အတန်ကြာသည်အထိ အဖြေမထွက်။ အတန်ကြာမှ ဝန်ကြီးတစ်ပါးက . . .

•ဒီလိုလုပ်၊ လူတွေမင်းကြီးကို ချက်ခြင်းလေးစားတဲ့အကြည့်နဲ့အကြည့်ခံရဖို့ဆိုရင် လွယ်ပါတယ်++

••ဘယ်လိုလဲ++

အားလုံးစိတ်ဝင်စားကုန်၏။

••မင်းကြီးခေါင်းပေါ်၊ အခုဖော့ခေါင်းပေါင်းအစား ရွှေခေါင်းပေါင်းကြီး တင်ပေးလိုက်ရင် ဘာပဲပြောပြော၊ လူတွေကတော့ ရွှေခေါင်းပေါင်းကို လေးလေး စားစားကြည့်မှာပဲ++

••အေး၊ အဲဒီအကြံမဆိုးဘူး++

တိုင်ပင်ကြကာ ဘုရင်ကြီးထံလျှောက်တင်ကြသည်။

••မှန်လှပါ။ လူတကာလေးလေးစားစားနဲ့ ချက်ခြင်းကြည်ညိုဖို့အကြည့်လိုချင်လျှင်တော့ အခုခေါင်းပေါင်းအစား၊ မင်းကြီးခေါင်းမှာရွှေခေါင်းပေါင်းဆောင်းပြလိုက်ရင်ဖြင့် ရွှေခေါင်းပေါင်းနှင့်မင်းကြီးအား လူတကာလေးစားပြီး ကြည့်ကြမှာပါဘုရား။ ကြည့်ကြမှာပါ++



www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးများ၏ လျှောက်တင်စကားကို ဘုရင်ကလည်းသဘော ကျသွားပြီ. .

••အဲဒါဆို တကယ်လေးလေးစားစား ကြည့်ကြမှာလား++

••မလွဲကေန်ပါဘုရား++

ဘုရင်ကြီးလည်း ဝမ်းသာပြီး

••အေး. . ဒါဖြင့်ငါ့အတွက် ရွှေခေါင်းပေါင်းလုပ်ကြတာပေါ့++

ဘုရင်စကားကို ဝန်မင်းတစ်ပါးက

••မလောပါနဲ့ဘုရား။ ရွှေခေါင်းပေါင်းဆိုသော်ငြား ရွှေချိန်နည်းပါး က လူအထင်ကြီးမှုနည်းပါးမှာ စိုးရိမ်ရပါတယ်ဘုရား++

••ဒါဆို++

••အနည်းလေးရွှေပိဿာချိန်သုံးပိဿာလောက် ခေါင်းပေါင်းကြီး ပြုလုပ်ပြီး ဆောင်းပြမှသာလျှင် လူပိုလေးစားမှာဖြစ်ကြောင်းပါ ဘုရား++

ဘုရင်ကြီးသဘောကျသွား၏။

••ကဲ ဒါဖြင့်တစ်တိုင်းတစ်ပြည်လုံးရှိတဲ့ ရွှေကိုစုပြီး သရဖူပြုစေ။ အနည်းဆုံးရွှေပိဿာချိန်သုံးပိဿာရှိရမှာဖြစ်ပြီး ရွှေချိန်ပိုနိုင်သမျှပိုစေ။ အမိန့် တော်++

ဤသို့ဖြင့် ဘုရင်ကြီးနှင့်အပေါင်းပါအမတ်များ၊ လူအများအံ့အား သင့်သွားစေရန် ရွှေခေါင်းပေါင်းသို့မဟုတ်၊ ရွှေသရဖူကြီးကို အစွမ်းကုန် ပြုလုပ်ကြလေသည်။ ငွေကုန်ကြေးကျလည်း လွန်စွာများ၏။ ပင်လည်း ပင်ပန်းကြ၏။ သို့သော် သူတို့စိတ်၌

••လူအထင်ကြီးခံရနည်းလား++

ဆိုသောစိတ်ဖြင့် ကြိုးစားပန်းစားပြုလုပ်ကြသည်။

ဤသို့ဖြင့် ဘုရင်ကြီးဂုဏ်တက်စေရန် ရွှေချိန်သုံးပိဿာကျော် ရွှေသရဖူကြီး ပြီး၏။ လှလည်းလှသည်။ ရွှေသရဖူကြီးပြီးသည်နှင့် မင်းကြီးနဲ့ ဝန်မင်းများ တိုင်းပြည်သို့ ကြေညာ၏။

••တိုင်းသူပြည်သားများခင်ဗျား၊ ဘုန်းတော်ကြောင့် ဘုန်းတော် တက်ရရှာသော ရေမြေ့သနင်းသည်၊ ဤနေ့ဤအချိန်၌ ရွှေသရဖူဆောင်း၍



www.burmeseclassic.com

www.burmeseclassic.com



လူကြည့်ခံ ကြွရောက်မည်ဖြစ်ပါ၍ မည်သူမဆို ရောက်ရာအရပ်က မော်ဖူးစေ++

အားလုံးကစိတ်ဝင်တစားစောင့် ကြည့်ကြသည်။ မကြာပါ။ ဘုရင်ကြီးမှာ သုံးပိသာကျော်ရွှေသရဖူကြီး အနိုင်နိုင်ရွက်ရင်း လူကြည့်ခံထွက်လာသည်။

မှန်ပေသည်။ ရွှေသရဖူကားကြီးလည်းကြီး၏။ လှလည်းလှ၏။ အကွက်အထွင်းလည်းကောင်း၏။ သို့သော် ဘုရင်ကြီးနှင့်သရဖူကို ကြည့်နေရင်း တစ်ယောက်က ထမေးသည်။

--ဘယ်သူ့အတွက် အကျိုးရှိသလဲ++

ထိုသို့အမေးကို နောက်တစ်ယောက်ကထပြီး

--ဘယ်သူ့အတွက်မှ အကျိုးမရှိဘူး++

ထိုစကားကြားသည်နှင့် လူအများကလဲ

--ဘယ်သူ့အတွက်မှ အကျိုးမရှိတာ။ ဒါကြီးဘာလို့ထိုင်ကြည့်နေရမှာလဲ++

ဆိုကာ အလျှိုလျှို ထပြန်ကြကုန်၏။

မှန်ပေသည်။ သရဖူကား လှလည်းလှ၏။ ကြီးလည်းကြီးမားပါပေသည်။ သို့သော်မည်သူ့အတွက်မှ အကျိုးမပြု၊ မည်သူ့ကိုမှ ကိုယ်စားမပြုသော ကိစ္စနှင့်တော့ ထိုထက်ကြီးသော သရဖူကိုထုတ်ပြစေဦးတော့။ ထိုအပြုအမူအတွက်မည်သူ့ကြည်ညိုမှုမှမရနိုင်။

■



www.burmeseclassic.com

www.burmeseclassic.com



## မမွနှင့် အစမွ

ဘုရင်ကြီးက ပြောသည်။

--အေး တိုင်းသူပြည်သားများက တယ်ခက်။ ငါ့နှယ် ရွှေသရဖူကြီး ဆောင်းပြတာတောင် အကောင်းမထင်ကြဘူး။ ဘယ့်နှာတွေပါလိမ့်++

ဘုရင်ကြီးက သူ့ရဲ့ရွှေစင်သုံးပိဿာကျော်၊ ရွှေသရဖူကြီးကို သတိရစွာပြောသည်။ ဒါကို ကပ်ဖားယပ်ဖား ဝန်ကြီးများကလည်း

--ဟုတ်ပ ရွှေချိန်သုံးပိဿာကျော်သရဖူကြီး ဘယ်သူဆောင်းဖူးလို့လဲ၊ တို့ရဲ့ ရွှေနန်းရှင်ကြီးဒါကြီးဆောင်းပြတာကို အလဟဿပိုက်ဆံဖြုန်းတယ်လေး၊ ဘာလေးနဲ့ အားမနာလျှာမကျိုးပြောကြတယ်။ ကြည့်လို့မရဘူး။ အဲဒီပြည်သူ မသားတွေ++

စိုး : မိုး : ၈ ၁ ၄ ၅

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို နောက်ဝန်ကြီးတစ်ပါးက

"ကြည့်မရရင် ရော်ဘာတုတ်နဲ့ ဆော်ပေးမယ်လေ။ သူတို့ခေါင်းပေါ်ရောက်မှ သံတုတ်ဖြစ်လည်းမတတ်နိုင်ဘူး။ ဟီး. . ဟီး"

ဘုရင်ကြီးကခေါင်းခါပြီး စိတ်ပျက်စွာဖြင့်

"မင်းတို့မလည်း လုပ်လိုက်ရင်သောက်တလွဲချည်းပဲ။ မင်းတို့ အဲဒီလို အလုပ်ကောင်းလို့ ပြည်သူတွေက ငါတို့ကို ဓမ္မနဲ့အဓမ္မမကွဲဘူးလို့ ပြောကြတာပေါ့"

ဘုရင်ကြီးစကားကြောင့် အားလုံးကြောင်ကုန်၏။ ပြီးတော့ ရေရွတ်ကြသည်။

"ဓမ္မနဲ့ အဓမ္မ ဘာလဲအဲဒါ"

"အေးလေ ဘာစကားလဲဟ၊ ငါတို့တော့ မကြားဖူးပါဘူး"

ဓမ္မနဲ့ အဓမ္မဆိုသောစကားကို မည်သည့်ဝန်ကြီးမှမသိကြပေ။ သူတို့ လုပ်ဆောင်နေသမျှ ဓမ္မနဲ့အဓမ္မကို နှိုင်းယှဉ်ခဲ့ခြင်းမရှိကြ၍ဖြစ်သည်။

"အရှင်မင်းကြီးခင်ဗျား။ အရှင်မင်းကြီးပြောသောစကားများ လွန်စွာ မြင့်မားလှပါသည်။ ထို့ကြောင့် ဓမ္မနဲ့အဓမ္မ ဘာလဲဆိုတာသိရအောင် ကျွန်တော်တို့ နလပိန်းတုံးဝန်ကြီးများကို ရှင်းပြပါဘုရား"

ဝန်ကြီးအမေးကို ဘုရင်ကစိတ်ပျက်လက်ပျက်နှင့် ခေါင်းခါသည်။ ပြီးနောက်

"ငါလည်း မသိလို့မေးတာပေါ့ဟ။ ပြည်သူတွေက ငါတို့အုပ်ချုပ်နေသူတွေကို ဓမ္မမရှိဘူး။ အဓမ္မချည်းပဲပြောနေကြတယ်။ ဓမ္မနဲ့အဓမ္မ ဘယ်လိုခွဲရမလဲဟင်"

ဝန်ကြီးများခေါင်းချင်းဆိုင်ကုန်၏။ သူတို့လည်း လုပ်သာလုပ်နေရတာ။ ဘယ်ဟာတော့ဖြင့်ဓမ္မ ဘယ်ဟာတော့ဖြင့်အဓမ္မ ဘယ်သူမှမသိ၊ အတန်ကြာမှ ဝန်ကြီးတစ်ပါးက အတွေးပေါက်ပြီး

"ကျွန်တော်မျိုး သိပါပြီဘုရား။ ဓမ္မနဲ့ အဓမ္မဆိုတာ ကျွန်တော်မျိုး ခွဲခြားသိပါပြီ။ ပြည်သူပြည်သားများ ပြောသလို ကျွန်တော်မျိုးတို့အဖွဲ့ဟာ ဓမ္မနဲ့ နေရင်ပိုအကျိုးရှိမှာ သေချာပါတယ်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးလှုပ်လှုပ်ရှားရှားဖြစ်ကုန်၏။

"ဟင် ငါတို့က အစမ္မတွေဖြစ်နေလို့လား၊ ဓမ္မနဲ့အဓမ္မဆိုတာ ငါတို့သိအောင် ရှင်းပြဦးဟ"

ဆိုတော့ ခုနက အဆိုတင်သွင်းသည့် ဝန်ကြီးက

"ဓမ္မနဲ့ အဓမ္မကို ကျွန်တော်မျိုး အသေအချာခွဲခြားပြပါမယ်။ ရှင်းလင်းစွာ ခွဲခြားပြမှာမို့ ခဏစောင့်"

ဆိုကာ နန်းတွင်းမှလှစ်ခနဲ ပြေးထွက်သွားသည်။ သိပ်မကြာပါ။ အထုပ်နှစ်ထုပ်ဆွဲပြီး ပြန်ရောက်လာသည်။ ထိုအထုပ်နှစ်ထုပ်ကို ဝန်ကြီးများနှင့် ဘုရင်ရှေ့ပစ်ချလိုက်သည်။

"ခလွမ်"

သူပစ်ချလိုက်သည်ကို တအံ့တ ဩကြည့်ပြီး

"ဟင် ဓားမကြီးတွေပါလား"

"ဟာ ဒီဓားမစုတ်ကတော့ အသွားတွေလိပ်လို့"

မှန်ပေသည်၊ ထိုဝန်ကြီးပစ်ချလိုက်သည်က တစ်ခုမှာအသွားထက်နေသောထင်းခွဲဓားမကြီးဖြစ်ပြီး တစ်ခုမှာအသွားလိပ်နေပြီး သံချေးအထပ်ထပ်နှင့် ဓားမအတုံးကြီးတစ်ခုပင်။ ဤသည်ကိုကြည့်၍ ဘုရင်ကြီးက

"ဟင် ဒါကြီးတွေက"

ဘုရင်ကြီးအမေးကို ဝန်ကြီးကပြုံးပြီး

"အဲဒါ ပြည်သူတွေပြောနေတဲ့ ဓားမနဲ့အဓားမပါဘုရား"

"ဘယ်လို"

ဒီလိုပါဘုရား၊ ဒီဘက်က ထက်မြအောင်သွေးထားတာက ဓားမဖြစ်ပြီး ဟိုဖက်ကအသွားလိပ်ပြီးသုံးမရတော့တာကတော့ အနေတဲ့ဓားမဖြစ်လို့ အဓားမပါဘုရား"

အားလုံး စိတ်ဝင်တစား နားထောင်ကြသည်။ ဒါကိုဝန်ကြီးက အသွားထက်နေသောဓားမကို ဘုရင်ကြီးအားဆက်ပြီး

"ဒါကြောင့် ပြည်သူတွေလိုအပ်တဲ့အတိုင်း ဘုရင်ကြီးနဲ့ ကျွန်တော်မျိုးတို့ ဝန်ကြီးများအပေါင်းမှာ ဟောဒီလိုဓားမမျိုးနဲ့သာ ပခုံးပေါ် ထမ်းရွက်



www.burmeseclassic.com

www.burmeseclassic.com



ထားသင့်ပါတယ်ဘုရား++

ဝန်ကြီး၏ လျှောက်တင်စကားကြောင့် ဘုရင်ကြီးမှာနှလုံးပီတိဂွမ်း ဆီထိသကဲ့သို့ ပြုံးရွှင်သွားပြီး

••အိမ်း ဒါဆိုလည်း ငါဘုရင်ကြီးမှာ ပြည်သူတွေတောင့်တသော ဓားမဖြင့်သာ နေထိုင်တော့မည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်စေ အမိန့်တော်++

••သင့်မြတ်လှကြောင်းပါဘုရား++

သိပ်မကြာခင် နန်းတော်တွင်းမှ ကြေညာချက်တစ်စောင် ထွက် ပေါ်လာသည်။

••ရေမြေ့သနင်းပြည့်ရှင်မင်းမှာ ခေါင်းပေါ်တွင်ရွှေချိန်သုံးပိဿာ ကျော် သရဖူကြီးကိုဆောင်းပြီးသကာလ ထူးခြားသောအတွေးရပြီးပြည်သူ၊ ပြည်သားများအတွက် ဓားမဖြင့်သာ အုပ်ချုပ်နေထိုင်တော့မည်ဖြစ် ကြောင်း++

စသည်ဖြင့် ကြေညာချက်နှင့်အတူ ရွှေချိန်သုံးပိဿာကျော်သရဖူ ကြီးကိုဆောင်း၊ ဓားမတိုကြီးထမ်းထားသော ဘုရင်ကြီး၏ပြုံးဖြဖြရုပ်ပုံကြီး ထွက်လာပါလေတော့သတည်း။

■



www.burmeseclassic.com

www.burmeseclassic.com



# နို့ဆီခွက်ပုံပြင်

ထိုတိုင်းပြည်သည် ဆန်ရေစပါးပေါ်များကြွယ်ဝ သယံဇာတများလည်း ထွက်ရှိပါ၏။ လူချွန်လူကောင်းများလည်း နေထိုင်ပါသည်။ သို့သော် ထိုတိုင်းပြည်သည် ဘယ်သောအခါမှ တိုးတက်မှုမရှိခဲ့။

နှစ်ပေါင်းမြောက်မြားစွာ တလည်လည်နှင့် တိုးတက်ဖွယ်ရာဘာမှ မရှိဖြစ်နေလေတော့သည်။

ပညာရှင်များက တီထွင်မှုမပြု၍မဟုတ်။ တီထွင်ကြ၏။ ထိုတီထွင် သမျှကိုလည်း ရေမြေ့သနင်းနှင့် အဖွဲ့ဝင်များက - ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းပိုက်၏။ ပြည့်ရှင်နှင့် အပေါင်းပါဝန်မင်းများမှာ ပြည်သူကြားမှ ပြည်သူ

စိုး : မိုး : ၈ ၁ ၆ ၅

www.burmeseclassic.com

www.burmeseclassic.com



များသာဖြစ်ကြ၏။ ထို့ကြောင့် ပြည်သူ့ဘဏ္ဍာမှာ ပြည်သူဖြစ်သော မင်းနှင့် တပည့်ကျော်များပိုင်ကြ၏။ ရှိရှိသမျှ သယံဇာတများသိမ်းသောအခါ မင်းနှင့် အပေါင်းပါများမှာ အာဏာရှင်များဖြစ်ပြီး သူတို့ပင်ပိုင်ကြသည်။

သို့သော် ရေမြေ့သနင်းနှင့် မှုးမတ်များသည် တိုင်းပြည်တစ်ပြည်လုံး ပိုင်နေရုံနှင့်အားမရ။ နောက်ထပ် ဘာထပ်ပိုင်ရမလဲဟူ၍ အမြဲစနည်းနာနေလေ့ရှိသည်။ တစ်ခုခုထူးဆန်းသည်ပေါ်လာတိုင်း ထိုနေရာသို့အရောက်သွားပြီး ပြည်သူ့ဘဏ္ဍာဖြစ် အပိုင်သိမ်းလေ့ရှိကြသည်။

ယခုလည်း တိုင်းပြည်၌ထူးဆန်းသော ပစ္စည်းတစ်မျိုး ခေတ်စားနေလေသည်။ ထိုပစ္စည်းမှာ တိုင်းသူပြည်သားလူကြီးများသုံးသော ပစ္စည်းမဟုတ်သော်ငြား ကလေးသူငယ်များကြား အလွန်တရာရေပန်းစားနေလေသည်။ ထိုထူးဆန်းသောပစ္စည်းမှာ တစ်ဖက်နှင့်တစ်ဖက်လူမမြင်ရဘဲ ဆက်သွယ်၍ရသော စကားပြောခွက်တစ်မျိုးပင်။

--အေးကွ လူမမြင်ရဘဲစကား ပြောလို့ရတယ်ဆိုတော့ အထူးအဆန်းပဲ++

ပြည့်ရှင်မင်းစကားကို ဝန်ကြီးများက. .

--ဟုတ်ပါ့ မင်းကြီးရာ ထူးဆန်းလွန်းလို့ ကျွန်တော်မျိုးတောင်ပြေးကြည့်ချင်နေပါပြီ++

--အလွန်ထူးဆန်းကြောင်း သတင်းထုတ်ပြန်ပေးပါ့မယ်မင်းကြီး++

--ဒီပစ္စည်းသာရှိရင် နှစ်ကိုယ်ကြားညစ်ကွက်တွေမှာ အရှင်မင်းကြီးအနေနဲ့ ကျွန်တော်မျိုးတို့ကို အလိုရှိရင်အလိုရှိတိုင်း ခေါ်ဖို့လွယ်ကူတာပေါ့ မင်းကြီး++

ဘုရင်ကြီးက ပို၍စိတ်ဝင်စားသွားသည်။

--အေး ဟုတ်တယ်ကွ ကလေးပစ္စည်းဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် ပြည်သူမှာရှိရင် ငါတို့မှာလည်း ရှိသင့်တာပဲမဟုတ်လား++

--ဟုတ်ကြောင်း၊ မှန်ကြောင်း၊ သင့်လျော်ကြောင်းပါ မင်းကြီး++

--ကဲ ဒါဖြင့်++

--အချိန်မနှောင်းခင် ထုံးစံအတိုင်းလူစုပြီး ဒိုးလိုက်ရအောင်++



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ရေမြေ့သနင်းနှင့် ဝန်ကြီးအပေါင်းထူးဆန်းသော စကားပြောခွက်ခေတ်စားရာ မြို့လယ်သို့ လူစု၍ ချီတက်လိုက်ကြသည်။ မြို့လယ်တွင်ကား. .

••ဟာ++

ကလေးငယ်များတစ်ယောက်နှင့်တစ်ယောက် တိုင်ကွယ်ရင်း နို့ဆီခွက်တွင် အပ်ချည်ကြိုးနှင့်သွယ်ပြီး တစ်ဖက်နှင့်တစ်ဖက် စကားပြောနေကြသည်ကိုတွေ့ရ၏။ ဘုရင်နှင့်ဝန်ကြီးများ ထိုနို့ဆီခွက်ကို ကလေးများဆီမှ ယဉ်ယဉ်ကျေးကျေးလုယူပြီး

••ဟင် ဒါလားလူမမြင်ရဘဲ ပြောလို့ရတဲ့စကားပြောခွက်ဆိုတာ++

••အေးလေ ဒါကဘယ်လို စကားပြောခွက်မျိုးလဲ++

အားလုံးက ဇဝေဇဝါဖြစ်ကုန်၏။

••ဟုတ်ကော ဟုတ်ရဲ့လား++

နို့ဆီခွက်ကိုအပေါက်ဖောက်ပြီး ထည့်ထားသောအပ်ချည်ကြိုးကို ကိုင်ကြည့်သည်။ အထဲမှာ တုတ်ကလေးနှင့် ကလန့်ထား၍ ကြိုးပြုတ်မကျ။

နို့ဆီခွက်ကို အသေချာကြည့်ပြီး

••ကဲ စမ်းကြည့်တာ ပိုသေချာမယ်။ ဟော့ကောင် အမြဲပြန်ကြားချင်နေတဲ့ကောင် မင်းဟိုဘက်ခွက်ကိုင်စမ်း++

••ဟုတ်ကဲ့ပါ မင်းကြီး++

ဝန်ကြီးက တခြားဘက်ပြေးသွားပြီး နို့ဆီခွက်ကိုကိုင်သည်။

••ဟယ်လို ဟယ်လို ကြားလား++

••ဟာ ကြားတယ်. . ကြားတယ် အရှင်မင်းကြီး အသံကိုရှင်းနေတာ++

နို့ဆီခွက်ကအသံက အပ်ချည်ကြိုးပေါ်တုန်ခါပြီး သွားကြားနေရခြင်းပင်။

••ဟင် မင်းအသံလည်း ငါကြားနေရတယ်++

••ဟုတ်လား ဒါဆိုဒါကြီးက သိပ္ပံပစ္စည်းကြီးပေါ့။ မှန်း ငါလည်းစမ်း



www.burmeseclassic.com

www.burmeseclassic.com


မယ်++

ဆိုကာ ဝန်ကြီးများအားလုံး တစ်ယောက်တစ်လှည့်စမ်းကြည့်ကြသည်။

==အာ အပဟုတ်ဟ ကြားရတယ်။ ကြားရတယ်++

==ဟုတ်တယ် ဒီပစ္စည်းအထင်သေးလို့မရဘူး++

အားလုံးထိုနို့ဆီခွက်ကို သဘောကျကုန်၏။ နောက်မှ ဘုရင်ကြီးက

==အေးကွ ဒါကအသုံးတော့ကျတယ်။ ဒါပေမဲ့ နို့ဆီနှစ်ခွက်မှ တစ်ယောက်ပြောလို့ရမှာဆိုတော့ အဆင်ပြေမှာမဟုတ်ဘူး++

အားလုံးတွေဝေသွားကုန်၏။ နောက်မှ ဉာဏ်ကောင်းသော ဝန်ကြီးတစ်ပါးက

==ဒါက ဘာခက်လို့လဲဘုရား။ ဝန်ကြီးတစ်ပါးကို နို့ဆီခွက်တစ်လုံးစီ ချိတ်လိုက်ပေါ့။ ဝန်ကြီးကအပါးတစ်ရာကျော်ဆိုတော့ ဘုရင်ကြီးလည်း နို့ဆီခွက်တစ်ရာလောက်လေး ခါးချိတ်ရမှာ++

ဘုရင်ကြီး ဝမ်းသာသွားသည်။

==အေး ဟုတ်တယ်ကွ။ နို့ဆီခွက်တစ်ရာလောက် ခါးချိတ်လိုက်ရင် ပိုခန့်သွားမယ်။ ဒါပေမဲ့ လိုင်းမမိရင်ကော++

=ဒါလည်း ကလေးတွေကပြောတယ်။ ခေါင်းပေါ်မှာ ယပ်တောင်ချည်လိုက်ရင် လိုင်းပိုကောင်းတယ်တဲ့ဘုရား++

==ဟုတ်လား ဒါဆိုလာချည်စမ်း၊ ဟယ်လို ဟယ်လို ဟာဟုတ်ပ့ါ အသံကို ကြည်တောက်နေတာ++

ဤသို့ဖြင့် မိတ်ဆွေများ အလည်တစ်ခေါက် ထိုတိုင်းပြည် ရောက်ခဲ့လေသော် ခေါင်းပေါ်ယပ်တောင်စိုက်၍ ခါးတွင်နို့ဆီခွက်ရာကျော်ဆွဲထားသည် တွေ့သော် အရူးဟု မထင်ပါနှင့် . . . ။

သူ့အထာနှင့် သူရှိကြသူများသာ။

■


www.burmeseclassic.com

www.burmeseclassic.com



# လက်ညှိုးပုံပြင်

တစ်ခါက ထိုတိုင်းပြည်တွင် သဘာဝဘေးအန္တရာယ်များ ကြုံရလေသည်။

ရေကြီးရေလျှံခြင်းများ၊ မုန်တိုင်းထန်ခြင်းများလည်းဖြစ်ပေါ်နေလေသည်။ နဂိုကတည်းက ကြိုတင်ပြင်ဆင်မှုမရှိခဲ့၍ လယ်ယာစပါးများကအစ မိုးဖျက်၍ပျက်ရလေပြီ။

ဘာဖြစ်လျှင် ဘာလုပ်ရမည်ကိုမသိသော ရေမြေ့သနင်းပြည်ရှင်မင်းနှင့် ဝန်မင်းများအပေါင်းမှာ သူတို့ဘာသာသူတို့ နန်းတော်တွင်း၌



www.burmeseclassic.com

www.burmeseclassic.com


သာယာနေကြသည်။ ပြည်သူပြည်သားများကတော့ ရေကြီးရေလျှံမှုများကြောင့် ဘာလုပ်ငန်းမှမလုပ်နိုင်၊ ဘယ်မှမသွားနိုင်နှင့် ဒုက္ခတွေရောက်နေကြရတော့၏။ ကြာလာတော့ ပြည်သူများစွာ လုပ်စားကိုင်စားမရတော့ကုန်။ အခွန်ချည်းလှိမ့်ကောက်ပြီး ဘာမှပြန်မလုပ်ပေးသော နန်းတော်အတွင်း လက်ညှိုးထိုးကြတော့၏။

ဤသည်ကိုသိသော ဘုရင်နှင့်အပေါင်းအပါများ လွှတ်တော်ခေါ်ယူရန်ဆုံးဖြတ်ကြလေသည်။

--အေးကွ. . တိုင်းပြည်ရေနစ်နေတာ ငါတို့ကြောင့်ဆိုပြီး ပြည်သူတွေက ပြောနေပြီ။ ဘယ်နှယ့်လုပ်ကြမတုန်း++

သူ့အမေးကို ဝန်ကြီးတစ်ပါးက

--မှန်ပါ. . ဒါကျွန်တော်မျိုးတို့နဲ့ မဆိုင်ပါဘူး။ သိကြားမင်းကိစ္စပါဘုရား++

အရှင်ဘုရင်ကြီး မျက်မှောင်ကျုံ့သွား၏။

--ဘာလို့လဲကွယ်++

ဝန်ကြီးက သွက်လက်စွာရှေ့တိုးလာပြီး

--မှန်လှပါ သိကြားမင်း မိုးအများကြီးရွာလို့ ကျွန်တော်တို့တိုင်းပြည်ရေကြီးရတာပါ။ သူသာမိုးလျှော့ရွာရင် ကျွန်တော်တို့တိုင်းပြည် ရေကြီးမှာမဟုတ်ပါဘူး ခင်ဗျ။ ဒါကြောင့် တိုင်းပြည်ရေကြီးတာ ကျွန်တော်တို့နဲ့မဆိုင်ဘဲ သိကြားမင်းနဲ့သာ ဆိုင်ကြောင်းပါဘုရား++

ဝန်ကြီး၏ လျှောက်တင်စကားကြားတော့ ဘုရင်ကြီးဘဝင်ကျသွားသည်။

--အေး. . ဝန်ကြီးရှင်းတော့လည်း ရှင်းသွားတာပဲ။ ဘယ်နှယ့်။ ဟုတ်ပ ဒီမိုးကို ငါတို့ရွာခိုင်းတာမှမဟုတ်တာ သိကြားမင်းသူ့ဘာသူယွပြီး ရွာတဲ့ဟာပဲ။ လူတွေက သိကြားမင်းအပြစ်တင်ရမယ့်ဟာကို ငါတို့ကို အပြစ်လာတင်နေတယ်။ ဒါနဲ့ မုန်တိုင်းတိုက်လို့ အိမ်တွေပြို၊ လူတွေသေဘေးနဲ့ကြုံရတယ်ဆိုတာကော++

--အာ အဲဒါလည်း သိကြားမင်းကိစ္စပါဘုရား++


www.burmeseclassic.com

www.burmeseclassic.com



"ဟော . . ဒါလည်း ငါတို့နဲ့မဆိုင်ဘူးလား"

"မဆိုင်ပါဘူးဘုရား။ အမှန်ဆို ဒီမုန်တိုင်းကို ကျွန်တော်တို့ တိုက်ခိုင်းတာ မဟုတ်ပါဘူးဘုရား။ သိကြားမင်းတိုက်လို့သာ ဒီမုန်တိုင်း ကျွန်တော်မျိုးတို့ဆီရောက်ပြီး အတိုက်ခံရတာပါဘုရား။ ဒါကြောင့် ကျွန်တော်မျိုးတို့က အနေသာကြီးပါ အပြစ်တင်ချင် သိကြားမင်းကိုသာ အပြစ်တင်သင့်ပါတယ်ဘုရား"

ဘုရင်ကြီးပြုံးသွားသည်။

"အေး . . မင်းရှင်းပြတော့လည်းဟုတ်သား။ ဒီမုန်တိုင်း ငါတို့က တိုက်ခိုင်းတာမှမဟုတ်တာ။ သိကြားမင်းတိုက်ခိုင်းလို့တိုက်တာ။ ပြည်သူတွေ အပြစ်တင်ချင် သိကြားမင်းကိုပဲတင်ရမှာ။ ဟုတ်သားကွ။ ဒါနဲ့ လမ်းပန်း ဆက်သွယ်ရေးတွေလည်း ပျက်ဆို"

"ဒါလည်း သိကြားမင်းကြောင့်ပါဘုရား"

"ဟော ဆိုစမ်းပါဦး"

"မှန်ပါ့ တစ်လောက သိကြားမင်းက လ နဲ့ တိုင်းပြည်နီးအောင် လုပ်ခဲ့တဲ့အတွက် လဆွဲငင်အားပိုကြီးပြီး မြစ်ရေ ပင်လယ်ရေလျှံပြီး လမ်း တွေအပေါ် ရေတွေကျော်ပြီး လမ်းပေါ်လူတွေသွားမရ လာမရနဲ့ ဖြစ်နေရ တာပါဘုရား။ သိကြားမင်းကြောင့်ပါဘုရား"

ဘုရင်ကြီး ခေါင်းတစ်ညိမ့်ညိမ့်နဲ့ သဘောကျနေသည်။ ပြီးမှ

"အေး . . ဒီသိကြားမင်း နည်းနည်းတော့လွန်နေပြီ။ ပြည်သူတွေနဲ့ ငါတို့အုပ်ချုပ်သူတွေအကြား သဘောထားကွဲလွဲအောင် လုပ်တာများပြီ။ ဒါကြောင့်"

ထိုစဉ်မှာပင်

"ဒိန်း . . . "

ကျယ်လောင်သောအသံကြီး ကြားရ၍ ဘုရင်ကြီးလန့်ပြီး ထခုန် သည်။

"ဟဲ့ . . ဘာသံကြီးတုန်း"



www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးတစ်ယောက်က ဇက်ကိုပုရင်း

--မိုးကြိုးပစ်တာပါဘုရား++

ဘုရင်မျက်လုံးပြူးပြီး

--ဘယ်သူပစ်တာတုန်း++

--သိကြားမင်းပစ်တာပါဘုရား++

--ဒိန်း. . . ++

--ဟဲ့. . သောက်ပလုတ်တုတ်++

ပြောမဆုံးခင် မိုးကြိုးထပ်ပစ်ချ၍ အားလုံးယောက်ယက်ခတ်ကုန်၏။

--သိကြားမင်းတော့ နှောက်ယှက်တာများ++

--ဒိန်း. . . ++

--ဒိန်း. . . ++

--ဒိန်း. . . ++

--ဒိန်း. . . ++

မိုးကြိုးပစ်သံ အဆက်မပြတ်ကြားရ၍

--ဟာဟ မရတော့ဘူး။ ပြေးဟ ပြေး. . ပြေး. . ++

--ဒိန်း. . . ++

--ဒိန်း. . . ++

--ဒိန်း. . . ++

--ဒိန်း. . . ++

အားလုံးသော မင်းနှင့်အပေါင်းအပါများ မိုးကြိုးပစ်သံများကြားဖရိုဖရဲထွက်ပြေးကြရလေတော့သည်။

နောက်တစ်နေ့ နန်းတော်တွင်း၌ သတင်းထုတ်ပြန်မှု စာချွန်တစ်စောင် ထွက်ပေါ်လာသည်။

--အဆွေတော်သိကြားမင်း သိသာစေရန်++

--အဆွေတော်နှင့် ကျွန်ုပ်တို့တိုင်းပြည်သည် နှစ်အိမ်ခြံစပ်အိမ်ဆွေမျိုးရင်းချာသဖွယ် နေထိုင်လာခဲ့သည်မှာ နှစ်ပေါင်းကြောက်မြားစွာ



www.burmeseclassic.com

www.burmeseclassic.com



ကြာမြင့်ခဲ့ပြီးဖြစ်ပါကြောင်း++

--မိမိတို့အနေနှင့် အဆွေတော် သိကြားမင်းတို့အား စိတ်ရင်းစေတနာမှန်စွာ ပေါင်းသင်းခဲ့သော်ငြား အဆွေတော်သိကြားမင်းကား ခင်မင်မှုအား ခုတုံးလုပ်၍ မိမိတို့တိုင်းပြည်ကို ရေကြီးရေလျှံမှုများ၊ အများပြည်သူအသက်အိုးအိမ်စည်းစိမ် ပျက်စီးနိုင်သော မုန်တိုင်းတစ်သွယ်၊ လေပြင်းတစ်ဖုံနှင့် ခြိမ်းခြောက်ရုံမျှမက ယခုဆိုလျှင် လူအများအသက်ဆုံးရှုံးနိုင်သော မိုးကြိုးလက်နက်ကိုပင် အကြောင်းမဲ့ ပစ်ခတ်နေပြီဖြစ်ပါကြောင်း။ ဤကဲ့သို့အပြစ်မဲ့သော မိမိတို့တိုင်းပြည်အား တစ်ဖက်သက်ထိပါးမှုများကို ဆက်လက် သည်းခံတော့မည်မဟုတ်ပါကြောင်း++

--ထို့ကြောင့် ယခုကဲ့သို့ မိုးကြိုးများ ဆက်လက်ပစ်ခတ်နေပါက မိမိတို့အနေဖြင့် သည်းမခံတော့ဘဲ မိမိတို့လက်နက်ဖြစ်သော လက်ညှိုးများဖြင့် အကြီးအကျယ်ပြန်ထိုးရတော့မည်ဖြစ်ကြောင်း++

--အသင်သိကြားမင်းအရှက်ရမှ မိမိတို့ကို အပြစ်မတင်သင့်ကြောင်းကို ကြိုတင်အသိပေးဆင့်ဆိုပါကြောင်း++

--ယခုပင်လျှင် မိမိတို့၏လက်နက်လက်ညှိုးများကို တံတွေးဆွတ်၍ အသင့်ပြင်ဆင်ထားပြီးဖြစ်ကြောင်းကို သိစေအပ်သည်+

စသည်ဖြင့် လက်ညှိုးပုံတံဆိပ်ပါ တံဆိပ်တုံးတစ်ခုထု၍ သိကြားမင်း တစ်ဖက်လှည့်နှင့် ရိပ်ဖမ်းသံဖမ်းသိစေရန် ပြည်သူသို့ ဖြန့်ဝေလိုက်လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com


# ထမင်းထုပ်ပုံပြင်

တစ်ခါက တိုင်းပြည်ကြီး ရေကြီးမည့်သတင်းကို သိုးသိုးသန့်သန့် ကြားကြရသည်။ ထိုသတင်းကြောင့် ဘုရင်ကြီးနှင့်ဝန်မင်းများအပေါင်း ခေါင်းချင်းဆိုင်ကုန်၏။

--ကဲ ဘယ်လိုလုပ်မလဲ တိုင်းပြည်ရေကြီးတော့မယ်တဲ့ ငါတို့လည်း ဘာမှမလုပ်တတ်ဘူး++

--ရေတကယ်ကြီးရင်တော့ တိုင်းပြည်ရေမြုပ်တော့မယ်။ ဒုက္ခပဲ အကြံပေး ပါဦး++

အားလုံးအကြံထုတ်ကြသည်။ အတန်ကြာမှ ဝန်ကြီးစစ်ပါးက


www.burmeseclassic.com

www.burmeseclassic.com



--ဒီအချိန်မှာ မြို့ရိုးကိုတမံတုပ်ပြီးကာရင်တော့ မီပါသေးတယ်++

သူ့စကားကို နောက်ဝန်ကြီးတစ်ပါးကခေါင်းခါပြီး

--အို တမံတုပ်ရင်မီတယ်ဆိုပေမယ့် ဒီတမံကတစ်ခါတုပ်ပြီး နောက်ထပ် ရေထပ်ကြီးမှာမှ မဟုတ်တာ။ ဘယ်လိုအသုံးဝင်မလဲ++

--ဟုတ်သား ပိုက်ဆံလည်းကုန် ပြည်သူကလည်း ကျုပ်တို့လုပ်ရပ်ကို အသိအမှတ်ပြုမှာမဟုတ်ဘူး++

စေတနာနည်းသူများမို့ ကူညီချင်စိတ်လည်းနည်း၏။ ဒါကို တစ်ယောက်ကညည်းသလိုဖြင့်

--ရေသာတကယ်ကြီးရင် ပြည်သူအားလုံး ဒုက္ခသည်တွေဖြစ်ကုန်တော့မှာပဲ++

--ဟာ++

ထိုဝန်ကြီးစကားကြားသည်နှင့် နောက်ဝန်ကြီးတစ်ပါး မျက်လုံးအရောင်တောက်ပြောင်သွား၏။ ပြီးသည်နှင့်

--ကျွန်တော်မျိုး စဉ်းစားရပါပြီခင်ဗျ။ စဉ်းစားရပါပြီ++

သူ့စကားကို အားလုံးစိတ်ဝင်စားသွား၏။

--ဘယ်လိုစဉ်းစားမိတုန်း ဝန်ကြီးရဲ့++

--လုပ်ပါဦး မဟုတ်ကဟုတ်ကအကြံလေး++

အားလုံးအမေးကို ဝန်ကြီးကအားရဝမ်းသာဖြင့်

--ဒီလိုပါဘုရား တိုင်းပြည်ကြီးရေမြုပ်ရင် ပြည်သူတွေ ဒုက္ခသည်မလွဲဧကန် ဖြစ်ရမှာပါခင်ဗျ++

သူ့စကားကြောင့် အားလုံး မျက်လုံးပြူးကုန်၏။

--ဟဲ့ရေကြီးမှတော့ ပြည်သူတွေဒုက္ခသည်တွေဖြစ်ပြီပေါ့။ မင်းကလည်း++

--ဟုတ်ပ အစကတည်းက ဒုက္ခသည်တိုင်းပြည်ဆိုနေမှ++

ဝန်ကြီးက စကားဆက်၏။

--ဒါဟာ ကျွန်တော်မျိုးတို့ရဲ့ မဟာအခွင့်အရေးပါ++

--ဘယ်လို++



www.burmeseclassic.com

www.burmeseclassic.com



--မှန်လှပါ တိုင်းပြည်ရေကြီးလျှင် ပြည်သူများဒုက္ခကေန်ရောက် ပေလိမ့်မည်။ ထိုအခါ နိုင်ငံတကာမှာလည်း အလှူခံတာ မျက်နှာပန်းလှ အောင် တပည့်တော်တို့ ဝန်ကြီးအဖွဲ့က ဒုက္ခသည်များကို ထမင်းထုပ်ဝေ နိုင်အောင် ထမင်းချက်ပြီးစောင့်နေရုံပါဘုရား။ ထမင်းချက်စောင့်နေရုံပါ++

--ဟေ++

--ဟိုလို ရေကြီးတာကာကွယ်ဖို့ တမံတုတ်သလောက်လဲ ငွေရင်း မကြီးဘူး။ ထမင်းထုပ်လေးထုပ်ပြီး အေးဆေးထိုင်စောင့်နေရုံပဲ++

ထိုဝန်ကြီးစကားကြောင့် အားလုံးမျက်လုံးပြူးသွားကြ၏။ ပြီးမှ တစ်ယောက်တစ်ပေါက်နှင့်

--အေး ဟုတ်တယ်ကွ ရေကြီးရင်ပြည်သူတွေ ဒုက္ခရောက်မယ် ပြည်သူတွေဒုက္ခရောက်ရင် ငါတို့မျက်နှာကောင်းရအောင် ထမင်းထုပ်လိုက် ဝေရမယ်++

--ဟုတ်တယ် ဒါမှတခြားနိုင်ငံကကြည့်ရင်လည်း ငါတို့အုပ်ချုပ်သူ များ ဒုက္ခရောက်ပြည်သူတွေကို ကူညီတယ်ဆိုပြီး အသိအမှတ်ပြုကြမှာ++

--ဒါတင်ဘယ်ကမလဲ ဒုက္ခသည်ပြည်သူများကလည်း ကျုပ်တို့ဝေ တဲ့ ထမင်းထုပ်စားပြီး အမှန်ကိုပျော်ပါးကြမှာ++

--ဒါဖြင့် နိုင်ငံတကာကထောက်ပံ့တဲ့ ဒုက္ခသည်တွေအတွက် ငွေကြေးတွေလည်း ကျုပ်တို့ရမှာပေါ့။ ပျော်စရာကြီး ဟေး. . ဟေး++

အုပ်ချုပ်သူအဖွဲ့အားလုံး ပျော်ရွှင်သွားကြသည်။ ဒါကို ဘုရင်ကြီး က

--ကဲ ဒါဆို တို့လည်းကူညီရ၊ ငွေချေးလို့ရမယ့်တိုင်းပြည်တွေလည်း ထင်သာမြင်သာရှိသည်အထိ ဒုက္ခသည်လည်းများလာအောင် ဘယ်လိုလုပ် ရမှာလဲ++

သူ့အမေးကို ဝန်ကြီးတစ်ပါးက

--အို လွယ်ပါတယ်။ မင်းကြီးကလည်း ရေကြီးမယ်ဆိုတဲ့ သတင်း ဟာ ကောလာဟလပါဆိုပြီး ကြေညာလိုက်ရုံပေါ့++



www.burmeseclassic.com

www.burmeseclassic.com



••အေးကောင်းတယ်။ လုပ်ကွဲဒါမှ လူတွေဘယ်မှမရွှေ့တော့ပဲ ရေကြီးတဲ့ဘေး ကောင်းကောင်းခံကြရမှာ ချချအားပေးတယ်ချ++ -

နောက်တစ်နေ့ ရွှေနန်းတော်မှ ကြေညာချက်တစ်စောင် ထွက်ပေါ်လာလေသည်။

••ယခုဖြစ်ပေါ်နေသော တိုင်းပြည်ရေကြီးရေလျှံမည်ဆိုသည့် သတင်းမှာ မသမာသူတွေက နိုင်ငံရေးအမြတ်ထုတ်ရန် ထုတ်လွှင့်နေကြခြင်းသာဖြစ်ကြောင်း၊ အမှန်တကယ်မှာ တိုင်းပြည်ကြီး ရေမှုံတစ်မှုံပင်စင်မည် မဟုတ်၍ မိမိနေအိမ်၌သာ အေးချမ်းသာယာစွာ နေထိုင်ကြစေကြောင်း အမိန့်တော်. . . ++

ထို့နောက်တွင်တော့ တိုင်းပြည်ကြီးရေကြီးရေလျှံဖြစ်လျှင်ပို၍ ဒုက္ခရောက်မည်ကိုသိသော်လည်း ရေကြီးရေလျှံမှုကို ကာကွယ်ရန်မကြိုးစားဘဲ ဒုက္ခသည်ဖြစ်မှ ထမင်းထုပ်ဝေရန် ဘုရင်ကြီးနှင့်အပေါင်းအပါများ ထမင်းခိုးချက်နေကြလေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



# ခွေးပုံပြင်

ခွေးနှစ်ကောင် စကားများနေကြသည်။

––အေး အခုတလော ငါတို့အစားကိုဝအောင်စားရပြီး၊ နွေးနွေးထွေးထွေးနဲ့ ခြင်ထောင်နဲ့စောင်နဲ့ နေနေရပါလား။ ခါတိုင်း ထမင်းတောင်မကျွေးဘဲ ရိုက်မောင်းပုတ်မောင်းလုပ်နေတဲ့သခင် အခုတလော စိတ်ကောင်းတွေဝင်လို့ပါလား။ ဘာလို့ပါလိမ့်––

ပထမခွေးအမေးကို ဒုတိယခွေးက

––အို မင်းကလည်း ဒါတောင်မသိဘူးလား။ တိုင်းပြည်ကြီးရေကြီးရေလျှံဖြစ်လို့ကွ––



www.burmeseclassic.com

www.burmeseclassic.com



--ဟော တိုင်းပြည်ရေကြီးရေလျှံဖြစ်တော့ ငါတို့ကဘာလို့ထမင်းဝနေရတာလဲ++

--အေ မင်းအဲဒါကြောင့် ခွေးဖြစ်နေတာဟခွေးရ။ တိုင်းပြည်ရေကြီးရေလျှံဖြစ်တော့ လူတွေဒုက္ခရောက်ကြတယ်မဟုတ်လား++

--အေးလေ အဲဒါတော့ငါလဲသိသား။ လူတွေသနားပါတယ်။ ကူပါကယ်ပါနဲ့ အော်ဟစ်ငိုယိုနေကြတယ်။ အဲ. . ဒါနဲ့ ငါတို့ကဘာလို့ထမင်းဝတာလဲ++

--မင်းကလည်း လူတွေဒုက္ခရောက်တော့ ဘုရင်ကြီးနဲ့တို့သခင်တွေက ကြံပြီး ထမင်းထုပ်+ထုပ်ကြတယ်လေ++

--အင်း အဲဒါငါမြင်သား၊ အဲဒီတော့++

--တကယ်လည်း ရေကြီးရော၊ ထမင်းထုပ်ဝေဖို့ကျတော့ တကယ့်ဒုက္ခသည်တွေဆီ ဘယ်သူမှမသွားရဲ မခံစားရဲဘူးလေ++

--ဒီတော့++

--ဒီတော့ တို့သခင်တွေအချင်းချင်းပဲ ဒုက္ခသည်တွေပါဆိုပြီး ရုပ်ဖျက်ပြီး ထမင်းထုပ်ဝေယူကြရတော့တာပေါ့++

--ဟယ် အကြံပိုင်ပါ့++

--ဒါဆို တို့တွေစားနေရတာက++

--အဲဒါက သူတို့အချင်းချင်းဝေလို့မကုန်တာတွေ တို့ကိုချကျွေးနေတာပေါ့++

--ဒါဆို တစ်ကယ်ရေလျှံလို့ ဒုက္ခရောက်နေတဲ့ ဒုက္ခသည်တွေကိုမကျွေးဘူးလား++

--ကျွေးစရာလား သူတို့ကိုယ်တိုင်က ရုပ်ဖျက်ပြီး ဒုက္ခသည်ဟန်လုပ်ထားတာပါဆိုနေမှ သူတို့ပဲစားတာပေါ်++

--ဩော် ဒီလိုလား၊ ဒါဆို တို့ခြံနေတဲ့ စောင်တွေကကော++

--ဒါက သူများထောက်ပံ့တာတွေ တို့ရတာပေါ့++

--ဟင် ဟိုဒုက္ခသည်ဆိုတဲ့လူတွေကို သွားမပေးဘူးလား++

--ပေးမလားကွ၊ မင်းဘာမှမသိရင်တိတ်တိတ်နေ ထမဟောင်နဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလို လူတွေ ဒုက္ခရောက်တုန်း၊ တို့တွေဇိမ်နဲ့နေရတာ။ မှိန်းနေစမ်းပါကွာ++

ခွေးနှစ်ကောင်လုံး အသံမထွက်တော့။ စောင်ထည်များနှင့် နွေးထွေးနေ၏။

အတန်ကြာမှ ပထမခွေးက

--အေး ဒီလူတွေ ဒုက္ခသည်ဖြစ်ထိုက်ပါတယ် ကြည့်လေလူကြီး အိမ်က ခွေးလောက်မှ ကံမကောင်းကြတာ++

ဆိုကာ အမှီးကလေးကိုယ်စီနန့်၍ အပြင်မှာဒုက္ခရောက်နေသော သူများကို သနားသောမျက်လုံးမျိုးနှင့် ငေးကြည့်နေကြလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



# အတွေးသူခိုးပုံပြင်

တစ်ခါက ပညာရှင်တစ်ဦးသည် လူအများအတွက် အကျိုးရှိနိုင်သော ပစ္စည်းတစ်မျိုးကို တီထွင်လေသည်။ ထိုပစ္စည်းကား လူများ၏ ခေါင်းထဲမှ အတွေးများကို ခိုးယူနိုင်သော စက်တစ်မျိုးပင်။

ထိုစက်ကိုဖွင့်ပြီး ကိုယ်သိချင်သော အတွေးပိုင်ရှင်၏နာမည် ရိုက်ထည့်လိုက်ရုံနှင့် ထိုသူတွေးနေသောအတွေးများ တန်းစီပေါ်လာပြီး ကိုယ်လိုအပ်သမျှ အတွေးများကို အလွယ်တကူကြည့်ရှုနိုင်သည်။ လိုအပ်လျှင် ထိုသူ၏အတွေးများကို အလွယ်တကူခိုးယူနိုင်လေသည်။

ပညာရှင်သည် ထိုပစ္စည်းကို တီထွင်ပြီးဘုရင်နှင့် အပေါင်းအပါ



www.burmeseclassic.com

www.burmeseclassic.com



များကိုမပြသတော့။ ယခင်က ဘုရင့်အား အသိပေးပြသခဲ့သော ပညာရှင်များမှာ အသတ်ခံရခြင်း၊ ကိုယ်လွတ်ရုန်း ထွက်ပြေးရခြင်းများရှိခဲ့လေရာ ပညာရှင်က ရှေးတီထွင်သူတို့လို ရှင်ဘုရင်ထံပြသ၍ အလဟဿဖြစ်မည့် အစား အတိုက်အခံများကို ခေါ်ပြလိုက်လေသည်။

--ဟာ. . ဟုတ်တယ်။ ကျုပ်အတွေးတွေ စက်မှာပေါ်လာပြီ++

--ကြည့်စမ်း၊ စက်ထဲ ကျုပ်နာမည်ရိုက်ထည့်လိုက်ရုံနဲ့ တိုက်မယ်၊ ခိုက်မယ်၊ ပုန်ကန်မယ်၊ ဆန့်ကျင်မယ်ဆိုတာ ပေါ်လာတယ်။ ဟုတ်ပ၊ ကျုပ်လည်းအဲဒါပဲ တွေးနေတာဗျ++

--ဟုတ်ပ ကျုပ်နာမည်ရိုက်ထည့်လိုက်တော့လဲ မကျေနပ်ဖူး မကျေနပ်ဖူးကြီး ထွက်လာတယ် ဟုတ်တယ် ခုကျုပ်စိတ်ထဲမှာလည်း တကယ်ကို မကျေနပ်နေတာ++

လူတိုင်း၏ခေါင်းထဲမှအတွေးများ စက်တွင်ပေါ်နေ၍ အားလုံး အံ့အားသင့်နေကြသည်။

--ကဲ. . စက်ကတော့ဟုတ်နေပြီ။ ဘယ်လိုအသုံးချမလဲ++

--တစ်ခုခုအကျိုးရှိအောင် လုပ်မှပဲ++

လူအများအတွေး ခိုးယူနိုင်သော စက်ကြီးကိုကြည့်ပြီး အားရနေကြသည်။

ဒါကို တစ်ယောက်က. .

--ဒီလိုလုပ်ဗျာ။ ကျုပ်တို့ကို တစ်သက်လုံးနှိပ်စက်လာတဲ့ နန်းတော်တွင်းက ဝန်မင်းများအပေါင်းရဲ့ အတွေးကိုခိုးမယ်ဗျာ။ ပြီးရင် ပြည်သူလူထုကို သိအောင်ဖွင့်ချပြမယ်။ ဒါဆို ဒင်းတို့အရှက်ရမှာ အသေအချာပဲ++

--ဟုတ်တယ်ဗျို့။ သူတို့အတွေးတွေသိရင် သူတို့ကိုပုန်ကန်ရတာ လွယ်ပြီ။ သူတို့အတွေးတွေကိုနင်းပြီး ကျုပ်တို့လက်စားချေမယ်++

--ကဲ. . ဒါဖြင့် ဘယ်ဝန်ကြီးရဲ့အတွေး အရင်ခိုးကြမလဲ++

အားလုံးတက်ကြွနေကြသည်။

--ဒီလိုလုပ်ဗျာ။ ဟို ဆက်ဆံရေးဆိုလား၊ လူမှုရေးဆိုလား အဲဒီဝန်ကြီးအတွေး အရင်ခိုးမယ်++



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ဒါမှ ဒီလူဘယ်သူတွေနဲ့ ဆက်ဆံနေလဲသိရမယ်"

"ပြောနေကြတာတယ်။ သူ့နာမည် ရိုက်ထည့်လိုက်"

တတီတီနှင့် ထိုဝန်ကြီးနာမည် ရိုက်ထည့်လိုက်သည်။ မကြာပါ။ ထိုဝန်ကြီး၏အတွေးက စက်၏စခရင်ပေါ် ပေါ်လာသည်။ ထိုစာတန်းမှာ. .

"ပါးဖြတ်ရိုက်လိုက်မယ်"

"ဟင်"

"ဟာ"

"ဘာကြီးလဲ"

စက်တွင်ပေါ်လာသောစာတန်းကြောင့် အားလုံးအံ့အားသင့်သွားကြသည်။

"ဒီလူကြီးက ငါတို့ကို ပါးဖြတ်ရိုက်လိုက်မယ်တဲ့။ ဘာလဲဟ"

လူတိုင်း နားမလည်နိုင်။

"ကဲ. . ဒါဖြင့် ဟိုသတင်းတွေ ထုတ်ထုတ်နေတဲ့ လူကြီးနာမည် ရိုက်ကွာ"

"အေး. . ဟုတ်တယ်။ ဒီလူကြီး ဘာလုပ်မလဲသိရအောင်"

ထိုလူကြီး၏နာမည် ရိုက်ထည့်လိုက်သည်။ သိပ်မကြာ၊ ထွက်လာသည့်စာတမ်းက

"ဘာဖာရမလဲပြော စေတနာအမှားတွေပါ"

အားလုံး အံ့အားသင့်ကုန်ပြန်သည်။

"ဟ. . ဒါကျတစ်မျိုးကြီး"

"အေးလေ၊ ဖာနေကျဆိုတော့ ခေါင်းထဲမှာအဲဒါပဲ ပေါ်တယ်ထင်တယ်"

"ဒါလည်းမဟုတ်သေးဘူးကွ။ နောက်တစ်ယောက်လုပ်ဦး"

"ဒါဖြင့် ဟိုတရားစီရင်နေတဲ့ လူကြီးကိုနှိပ်ကွာ"

နောက်နာမည်တစ်မျိုး ရိုက်ထည့်လိုက်သည်။

"ကျွန်တော်ဘာမှမသိဘူး။ ကျွန်တော်ဘာမှမသိဘူး"

စာတမ်းမြင်တော့ အံ့အားသင့်ကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



--ဟာ. . သူကျ ဘာမှမသိဘူးတဲ့ကွ++

--အေးလေ၊ သူဘာမှမသိဘဲ ငါတို့လူ ဘယ်လိုဆယ်နှစ်ကျသွားလဲ++

--မဟုတ်သေးပါဘူးကွာ++

အားလုံး စက်ကြီးကိုကြည့်ပြီး တွေဝေတွေးတောနေကြသည်။ ပြီးမှ တစ်ယောက်က

--အေး. . ဒီလူတွေခေါင်းထဲမှာ ဘာမှမည်မည်ရရမရှိဘဲ ဘယ်လို အုပ်ချုပ်နေလဲမသိဘူး++

အတန်ကြာမှ တစ်ယောက်က

--ဒီလိုလုပ်ကွာ။ တို့ကိုတကယ်အုပ်ချုပ်နေတာ ဘုရင်ကြီးပဲ။ ဘုရင်ကြီး နာမည်ရိုက်ထည့်လိုက်။ သူဘာစဉ်းစားနေလဲ သိရရင်ပြီးပြီလေ++

--အေး၊ အဲဒါဟုတ်တယ်။ ဘုရင်ကြီးခေါင်းထဲက အတွေးကိုသိရရင် ပြီးပြီ++

--ဟုတ်တယ်ဗျို့။ ဘုရင်ကြီး နာမည်ရိုက်ထည့်ပါဗျို့++

အားလုံးတောင်းဆိုကုန်ကြ၏။ လူတိုင်းကလည်း ဘုရင်ကြီးအတွေးကို သိချင်နေကြသည်။

--ကဲ. . ရိုက်ပြီဗျာ++

တစ်ယောက်က ဘုရင်ကြီးနာမည်ရိုက်ထည့်လိုက်သည်။ သိပ်မကြာပါ။ တတီတီနှင့် စာတမ်းပေါ်လာသည်။

--တောက်++

ပညာရှင်သည် တောက်တစ်ချက်ခေါက်၍ သူ့စက်ကြီးကို ဝုန်းခနဲ ထကန်ပစ်လိုက်သည်။ လူများအားလုံး အံ့အားသင့်ကုန်ကြသည်။

--ဘာပေါ်လို့လဲ။ ဘာပေါ်လို့လဲ++

ပညာရှင် မျက်နှာတစ်ချက်မဲ့ပြီး

--ပိုက်ဆံလှမ်းချေးနေလို့ကွာ။ တောက်++

■



www.burmeseclassic.com

www.burmeseclassic.com



# နာရီပုံပြင်

တစ်ခါသော်ပညာရှိတစ်ဦးက လူအများနှင့်အကျိုးရှိနိုင်မည့်နာရီတစ်လုံး တီထွင်ပြန်သည်။ ထိုနာရီကားနာရီလက်တံကို နောက်ပြန်လှည့်ပါက အချိန်များက နောက်ပြန်၍အတိတ်ဆီပြန်ရောက်သွားမည်ဖြစ်သည်။

နာရီလက်တံကို ရှေ့သို့ရွှေ့ပါက အနာဂတ်ကာလဆီ ရှေ့ဆက်သွားမည်ဖြစ်ပါသည်။ လူအများနာရီလက်တံကို နောက်ပြန်ရွှေ့ပြီး အတိတ်ကာလမှ မှားယွင်းမှုကို ပြုပြင်နိုင်သလို၊ နာရီလက်တံရှေ့ရွှေ့ပြီး အနာဂတ်တွင် ကိုယ်ဘာဖြစ်လာနိုင်သည်ကိုသိရှိပြီး ပြုပြင်နိုင်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် လူတစ်ဦးချင်း ထိုသို့ပြုပြင်နိုင်သော်လည်း တစ်တိုင်းတစ်ပြည်လုံး၏ ကံကြမ္မာကိုကား၊ တိုင်းပြည်အုပ်စိုးနေသော ရေမြေ့သနင်း ပြည့်ရှင်မင်း ကိုယ်တိုင်ရွေ့မှဖြစ်မည့် အရေးကြောင့် အားလုံးက တိုင်းပြည်ကောင်းစားရေး အတွက် ဘုန်းကံကြီး၍ဘုရင်ဖြစ်နေရှာသော ရှင်ဘုရင်အား ဦးတိုက်ကြ သည်။

--အေး. . ဒါတော့မဆိုးဘူးလားပဲ ငါ့ကောင်တွေ++

ဘုရင့်စကားကို ပေးလားဝါးလားဝန်ကြီးများကလည်း . . .

--ဘာပဲဖြစ်ဖြစ် စမ်းကြည့်လိုက်ကိုယ်တော် ဟုတ်သည်ရှိ မဟုတ် သည်ရှိ မဟုတ်တော့လည်း လိမ်ရတာပေါ့ ဟီဟီ++

--ကျွန်တော်သတင်းထုတ်ပြန်ပါမယ်လို့ အကြံပေးပါတယ်++

ဤသို့ဖြင့် ရှင်ဘုရင်နှင့် အပေါင်းအပါများ နာရီနားရောက်လာကြ သည်။ နာရီကတော့ ဘာမှထူးထူးခြားခြားမဟုတ်။ ဟောင်းနွမ်းဆွေး မြည့်နေ သောနာရီအိုကြီးသာ။ ချိန်သီးကသာတချောက်ချောက်နှင့် ရမ်းခါနေသည် ရှင်ဘုရင်နဲ့ အဖွဲ့သားများ နာရီကိုကြည့်ကြသည်။

--ဒီနာရီလား အတိတ်နဲ့အနာဂတ်ကို သွားလို့ရတာ++

ရှင်ဘုရင်စကားကို ပညာရှင်က

--ဟုတ်ပါတယ်မင်းကြီး ဒီနာရီရဲ့လက်တံကို အနောက်ဘက် လှည့်လိုက်ပါက အလိုအလျောက် အတိတ်ကိုပြန်ရောက်ပြီး အတိတ်မှာမှား ယွင်းခဲ့သမျှကို ပြုပြင်နိုင်မှာဖြစ်ပြီး အရှေ့ဘက်ကိုလှည့်လိုက်ပါက အနာဂတ် ဆီရောက်သွားမှာပါ အနာဂတ်မှာ ကိုယ်ဘာဖြစ်နိုင်တယ်ဆိုတာ သင်ခန်းစာ ယူလို့ရပါတယ်မင်းကြီး++

ပညာရှင်စကားကြားတော့ ဘုရင်ကနာရီဆီလက်လှမ်းလိုက်သည်။ ပြီးနောက် အတိတ်ကိုသွားရန်နှင့် အနာဂတ်ကိုသွားရန်နှင့် လက်ကနာရီပေါ် လည်နေ၏။အတန်ကြာသည်အထိလက်သာလှုပ်ပြီး နာရီကိုရွေ့ရဲပုံမပေါ်။ သူ့ခမျာ အတိတ်ကိုပဲ သွားရန်း၊ အနာဂတ်ကိုပဲလှမ်းကြည့်ရန်းနှင့် ဇဝေဇဝါ ဖြစ်နေပုံရ၏။

နောက် ဘယ်ဘက်မှမလှည့်ဘဲ သူ၏အပေါင်းအပါဝန်ကြီးများထံ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လျှောက်လာသည်။ ပြီးနောက် တီးတိုးတီးတိုးနှင့်တိုင်ပင်ကြသည်။

--ကဲ လိမ်ညာလှည့်စားဝန်ကြီးများတို့ ဒီနာရီကို ငါ့အတိတ်ဘက်ပြန်လှည့် ရမလား။ ဒါမှမဟုတ် အနာဂတ်ဘက်ကိုပဲ လှည့်လိုက်ရမလား++

သူ့စကားကို ဝန်ကြီးတစ်ပါးက

--အတိတ်ကိုတော့ ပြန်မလှည့်သင့်ဘူးနော်။ အတိတ်မှာ ကျုပ်တို့ကောင်းတာ ဘာမှလုပ်ခဲ့တာမဟုတ်ဘူး။ ပြည်သူတွေကို တစ်ခါပြန်လိမ်နေရမယ်++

--ဟုတ်ပ ဒီအခြေအနေရောက်အောင်တောင် မနည်းညာချယူလာရတာ။ အတိတ်ပြန်သွားလိုက်ရင် ကိုယ်လိမ်ခဲ့သမျှ အကုန်ပေါ်မယ်++

--ကျွန်တော် သတင်းထုတ်ပြန်ပေးပါ့မယ်လို့ အကြံပေးပါတယ် မင်းကြီး++

အားလုံးကညာစားထားသူချည်းမို့ အတိတ်ကိုပြန်မသွားချင်။

ထို့ကြောင့်. .

--ဒါဆို အနာဂတ်ကို သွားရင်ရော++

မင်းကြီးစကားကို ဝန်ကြီးများ ခေါင်းတခါခါဖြစ်သွားပြီး

--အဲဒါက ပိုဆိုးလိမ့်မယ်။ အနာဂတ်မှာ ကျုပ်တို့အလုပ်ပြုတ်နေရင် ဘယ်နှယ့်လုပ်မှာလဲ++

--ဟုတ်ပ့ါ အနာဂတ်မှာ ကျုပ်တို့အလုပ်ပြုတ်နေရင် ပြည်သူတွေဝိုင်းသမလို့အစရှာမရတောင်ဖြစ်နေမယ်။ မဖြစ်ဘူး. . မဖြစ်ဘူး++

--ကျွန်တော်သတင်းထုတ် ပြန်ပေးပါ့မယ်လို့ အကြံပေးပါတယ် မင်းကြီး++

--အားလုံး၏ ဆုံးဖြတ်ချက်ကို သိရသောအခါဘုရင်ကြီးက နာရီဆီပြန်သွားသည်။ ပြည်သူများကလည်း ဘုရင်ကြီးတိုင်းပြည်ကို အတိတ်ဆီပြန်ခေါ်သွားပြီး အမှားတွေကို ပြန်ပြုပြင်ပေးမလား၊ သို့မဟုတ် ပြည်သူအားလုံးကို အနာဂတ်ဆီ ခေါ်ဆောင်သွားပြီး ပိုမိုကောင်းမွန်သောဘဝပြောင်းပြန်တီးပေးမလားဟူသောစိတ်ဖြင့် တထိတ်ထိတ် စောင့်ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကြီး နာရီရှေ့ရပ်လိုက်သည်။ သူ၏လက်ညှိုးလေးမြောက်တက်လာသည်။ သူ၏လက်ညှိုးမှာ ပြည်သူပြည်သားများ၏ ကံကြမ္မာမို့ အားလုံးက စောင့်ကြည့်နေကြသည်။

--ဒေါက်++

ဘုရင်ကြီး၏လက်ညှိုးက လှုပ်ရမ်းနေသော နာရီချိန်သီးပေါ်ကျရောက်သွားခြင်းပင်။ ဘုရင်ကြီးကောင်းမှုနှင့် ချိန်သီးရပ်သွားပေပြီ။ ချိန်သီးရပ်သွား၍ အတိတ်နှင့်အနာဂတ်ကို လိုသလိုသွားနိုင်သောနာရီကြီးလည်း ရပ်သွားလေပြီ။

--ဟေး++

ဝန်ကြီးများ ဝမ်းသာအားရ ထခုန်ကြ၊ ကခုန်ကြသည်။

မှန်ပေသည်။

အတိတ်မှာလည်း ကောင်းမှုမလုပ်ခဲ့။ အနာဂါတ်မှာပြင်ဆင်ရန်လဲ မဖြစ်နိုင်။

အတိတ်မကောင်းခဲ့၍ အနာဂတ်လည်း မသေချာ။

ထို့ကြောင့် သူတို့ဘဝများသည် ဘယ်သူဘာပြောပြော ပစ္စုပ္ပန်၌ဇိမ်ကျကျ နေထိုင်ခြင်းသာအကောင်းဆုံး။ ထို့ကြောင့် တိုင်းပြည်ကြီးလည်း ကန့်လန့်တိုက်၍ ရပ်နေပေပြီ။

■



www.burmeseclassic.com

www.burmeseclassic.com



# နာရီပုံပြင်(၂)

ပထမတစ်ကြိမ်အချိန်ရွှေ့လျှား၍ရသော ယန္တရားနာရီကြီးနှင့် အတိတ်ကိုလည်း မသွားရဲ၊ အနာဂတ်သူတို့ အခြေအနေကိုလည်း မကြည့်ရဲသော ရေမြေ့သနင်း ပြည့်ရှင်မင်းနှင့် တပည့်တပန်းအပေါင်းဝန်ကြီးဟောင်းများ တိုင်ပင်ကြပြန်သည်။

--အေးကွယ် ဒီနာရီကြီးနဲ့ကတော့ ခက်ပါတယ်။ နာရီက အနောက် ပြန်လှည့်လိုက်ရင် အတိတ်ကိုပြန်ရောက်မယ်။ ဒါပေမဲ့ ငါတို့က အတိတ်မှာဆိုးခဲ့၊ ပေခဲ့၊ လိမ်ခဲ့တာများလွန်းတော့ အတိတ်ပြန်မသွားရဲ။ နာရီလက်တံ အရှေ့ဘက်လှည့်ရင် အနာဂတ်ကိုရောက်မယ်ဆိုပြန်တော့



www.burmeseclassic.com

www.burmeseclassic.com


လည်း အတိတ်ရော၊ ပစ္စုပ္ပန်ပါမကောင်းခဲ့သမျှ အနာဂတ်ဆိုတဲ့ ကံကြမ္မာကိုလည်းမမြင်ရဲ။ ကဲ ဒီအတိုင်း နာရီရပ်ထားပြန်တော့လည်း တိုင်းပြည်က ဒီဘုရင်အုပ်ချုပ်နေသရွေ့ ဘယ်မှမရောက်တော့ဘူးဆိုပြီး ပြည်သူကဆူပူ၊ တိုင်းတစ်ပါးနိုင်ငံများက ကဲ့ရဲ့ရှုတ်ချနဲ့ ငါ့မှာလည်း သူများတံတွေးခွက်နဲ့ ရှုပ်ပွပေရေနေရပါပြီကွယ်++

ညာစားနေသောဝန်ကြီးများက ဘုရင်ကြီးစကားကို. .

••ဒါထုံးစံပဲလေ. . ဘုရင်ကြီးရဲ့ သူများကို လက်ညှိုးတစ်ချောင်းထိုးရင် ကိုယ့်ကို လေးချောင်းပြန်ထိုးတယ်လို့ ကလေးတွေလိုပဲသဘောထားလိုက် အေးရော++

••မင်းမကြီးတော် ပြည်သူတွေက အဲဒါသိလို့ လက်တောင်မကွေးတော့ဘဲ ဆယ့်တစ်ချောင်းနဲ့ကို စုံထိုးနေတာ++

••တစ်ချောင်းဘယ်က ပိုလာပါလိမ့်++

••ကျွန်တော် သတင်းထုတ်ပြန်ပေးမယ်လို့ အကြံပေးပါတယ် မင်းကြီး++

••အဲဒီသောက်ဖောင်းကလည်း ငါထုမိတော့မယ်။ နေရာတကာ သတင်းထုတ်ပြန်ဖို့ချည်းပဲ။ ကိုယ့်မိန်းမတောင် ကိုယ်မနိုင်ဘဲနဲ့ အင်တာနက်ပေါ် ဟိုပုံဒီပုံလျှောက်တင်++

••အဲဒီကိစ္စလည်း ကျွန်တော်သတင်းထုတ်ပြန်ပြီးပါပြီ မင်းကြီး++

••တိတ်စမ်း++

ဘုရင်ကြီးဒေါသထွက်တာမြင်တော့ ဝန်ကြီးများကုပ်ကုန်ကြသည်။

••ကဲ ပြောကြစမ်း။ အခုအချိန်ရွှေ့လျားလို့ရတဲ့နာရီကြီးနဲ့ ငါတို့ကို ပြည်သူတွေအပြစ်ပြောနေပြီ။ ဘာလုပ်ကြမလဲ ပြောစမ်း++

ဘုရင်ကြီးအမေးကို ချောင်ကပ်နေသော ဝန်ကြီးတစ်ပါးက ထပြီး. .

••အရင်ထိုင်ခုံတွေလိုပဲ ဒီနာရီကြီးကို ထုခွဲလိုက်ရင်ရော မင်းကြီး++

သူ့စကားကို နောက်ဝန်ကြီးတစ်ပါးက. .


www.burmeseclassic.com

www.burmeseclassic.com



==ဟယ် ဒါကဟိုထိုင်ခုံတွေလို မဟုတ်ဘူး။ ပြည်သူတွေအားလုံးက စောင့်ကြည့်နေကြတာ++

နောက်ထပ်ဝန်ကြီးတစ်ပါးက အားရပါးရထပြီး. .

==ဒါဆိုလည်း အရင်လိုနည်းအတိုင်း အဲဒီနာရီကြီးဖြုတ်သိမ်းပြီး ပညာရှင်ကို ရှောလိုက်ရင် မကောင်းဘူးလား မင်းကြီး++

==တလောကမှ ပညာရှင်တစ်ယောက်ရှောပြီး အခုနောက်တစ်ယောက် ထပ်ရှောမယ်ဆို ပြည်သူမပြောနဲ့ တိုင်းတစ်ပါးနိုင်ငံတွေတောင် ခံမှာမဟုတ်ဘူး။ တော်ကြာ စီးပွားရေးပိတ်ဆို့လို့ မင်းတို့အားလုံး ဘာမှထုတ်ရောင်းစားမရဖြစ်ကုန်မယ်++

==အဲဒီသတင်းကို ကျွန်တော်ထုတ်ပြန်မယ်လို့ အကြံပေးပါတယ် မင်းကြီး++

ဝန်ကြီးတွေ အားလုံးခေါင်းချင်းဆိုင်ကုန်ကြသည်။ အားလုံးက လည်း ဘုရင်သူကောင်းပြုလို့သာ ဝန်ကြီးဖြစ်ရရှာတာ။ တုံးတုံးအအချည်းပဲမို့ ဘာအကြံမှမထွက်။

နောက်ဆုံးတော့. .

==ကဲ. . ဒါဖြင့်ဒီလိုလုပ် နာရီကြီးဆီပြန်သွားမယ်။ ပြီးရင် အတိတ်ဖက်ကိုလှည့်လိုက်မယ်++

==လှည့်လိုက်ရင်++

==အတိတ်က ကြောက်စရာမရှိဘူးလေ။ အတိတ်မှာက ကိုယ်တွေပဲ အုပ်စိုးခဲ့တာဆိုတော့ ဘယ်သူ့သောက်ဂရုစိုက်ရမှာလဲ++

==အေးဒါလည်းဟုတ်တာပဲ။ အတိတ်ပြန်ရောက်သွားလည်း တို့တွေ ပြည်သူတွေကို အစကပြန်လိမ်ကြတာပေါ့++

==အတိတ်ကိုရွှေ့ပြီး ဘာမှသိပ်မပြောင်းလဲရင် အနာဂတ်ကိုနည်းနည်းရွှေ့ကြည့်++

==အနာဂတ်ကျတော့ ဘာလို့နည်းနည်းပဲ ရွှေ့ကြည့်ရတာလဲ++

==အများကြီးရွှေ့ရင် ငါတို့ ဂိသွားမှာပေါ့ မသာရဲ့++

==အေး. . ဟေး ဟေး အဲဒီအကြံမဆိုးဘူး။ လုပ်ကြည့်ရအောင်++



www.burmeseclassic.com

www.burmeseclassic.com


ဤသို့ဖြင့် ဘုရင်နှင့်မင်းကြီးများ လူအများ အပြောအဆို ခဏတာ လွတ်စေရန် အချိန်ရွှေ့လျှားယန္တရားနာရီကြီးကို အတိတ်နှင့်အနာဂတ်ကို ရွှေ့ဖို့ ချီတက်သွားကြပြန်လေတော့သည်။

ပြည်သူများလည်းစုံတော့မှ ရေမြေ့သနင်းပြည့်ရှင်မင်းက. .

••ပြည်သူ့မိဘတို့မိဘများခင်ဗျား ကျွန်တော်ဟာ မိဘပြည်သူများ ကောင်းစားရေးကိုရှေးရှုပြီး အခုဆိုရင် ဒီအချိန်ရွှေ့လျှားယန္တရားနာရီကြီးကို လှည့်ဖို့ ရဲဝံ့စွာရောက်လာပါပြီ++

ပြည်သူပြည်သားများ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

••ပထမဆုံးအနေနဲ့ အတိတ်ကိုပြန်သွားပါ့မယ်။ အတိတ်မှာ ပြင်သင့်တာကို ပြုပြင်ပြီးအခြေခိုင်မှ ကောင်းမွန်သောအနာဂတ်ကို ပြန်သွားကြမယ်++

လူတွေကတော့ ဘုရင်မို့ ဘာမှမပြောသာ။ ဒီအတိုင်းစောင့်ကြည့်နေရသည်။

ဘုရင်ကြီးက နာရီလက်တံကိုကိုင်ပြီး အတိတ်သို့လှည့်ချလိုက်သည်။

တဝေါဝေါမြည်သံကြီးနှင့် တိုင်းပြည်ကြီးတုန်ဟီးသွားသည်။ တော်လဲသံ၊ မိုးကြိုးပစ်သံများနှင့် တိုင်းပြည်ကြီး သွက်သွက်ခါသွားသည်။

သိပ်မကြာလိုက်ပါ။ တိုင်းပြည်ကြီးပြန်လည်ငြိမ်သက်သွားသည်။ အားလုံး တိုင်းပြည်ကိုပြန်ကြည့်ကြသည်။

••ဘာမှမပြောင်းဘူး++

••ဟင် ဘာမှလည်းမပြောင်းဘူး++

••ကျွန်တော်သတင်းထုတ်ပြန်ပေးမယ်လို့ အကြံပေးပါတယ် မင်းကြီး++

မှန်ပေသည်။ အတိတ်ကို ပြန်လှည့်လိုက်တော့ တိုင်းပြည်ကြီးက ဘာမှ မပြောင်းလဲ++

••နာရီများ ပျက်နေတာလား++

လူတွေက သံသယဝင်ကုန်၏။

••ကဲ. . အတိတ်မှာ ဘာမှမပြောင်းပေမယ့် အနာဂတ်မှာပြောင်းချင် ပြောင်းမယ်။ အနာဂတ်ကိုလှည့်ပါဗျို့++


www.burmeseclassic.com

www.burmeseclassic.com



==ဟုတ်တယ် အနာဂတ်ကို ကြည့်ပါရစေဗျို့++

ပြည်သူများ ထအော်ကြတော့ ရှင်ဘုရင်ကြီး ဇဝေဇဝါဖြစ်သွားသည်။ အနာဂတ်ကိုလှည့်ရနိုး၊ ကြည့်ရနိုးနှင့်ဖြစ်နေသည်။ နောက်မှ

==အတိတ်မှာတောင် ဘာမှမဖြစ်ရင် အနာဂတ်ကိုလည်း ပူစရာမလိုဘူး++

ဟု စိတ်ပိုင်းဖြတ်ကာ နာရီလက်တံကို အနာဂတ်ဆီသို့ လှည့်ချလိုက်သည်။

ဝေါခနဲမြေပြိုသံလို၊ တော်လဲသံလိုမြည်ဟီးပြီး တိုင်းပြည်ကြီးတုန်ခါသွားပြန်လေသည်။ တိုင်းပြည်တစ်ခုလုံး မြေမှုန့်လိုလို ဖုန်မှုန့်လိုလိုများရှတ်ချည်း ပြည့်နှက်သွားသည်။

သိပ်မကြာပါ။ တိုင်းပြည်ကြီး ပြန်လည်ငြိမ်သက်သွားသည်။ လူအများ ကြောက်ကြောက်လန့်လန့်နှင့် တိုင်းပြည်ကြီးကိုပြန်ကြည့်ကြသည်။

==ဟင် ဘာမှမပြောင်းဘူး++

==ဟုတ်ပ ဘာမှလည်းမပြောင်းဘူး++

==ဟင် အနာဂတ်လည်း ဒီအတိုင်းပါလား++

ယန္တရားနာရီကြီးလှည့်ပြီး တိုင်းပြည်ဘာမှ မပြောင်းလဲ၍ လူအများအံ့အားသင့်ကုန်ကြ၏။ ဘုရင်ကြီးနှင့်အဖွဲ့မှာ ဆိုဖွယ်ရာမရှိတော့

==ဟေး ဘာမှမပြောင်းဘူးဟေ့++

==ဟေး အတိတ်ရော၊ အနာဂတ်ရောမပြောင်းလဲ ပကတိတည်ငြိမ်နေတာ တို့တိုင်းပြည်ပဲရှိတယ်ဟေး++

==ဟေး တည်တည်ငြိမ်ငြိမ်ရှိတဲ့တိုင်းပြည်လို့ သတင်းထုတ်ပြန်ပေးမယ်လို့ အကြံပေးတယ်ဟေး++

ဘာဆိုဘာမှမပြောင်းလဲ၍ ဘုရင်ကြီးနှင့် ဝန်ကြီးများအဖွဲ့ နန်းတော်ဆီပြန်ကြသည်။ လမ်းတွင်မူ. .

==အေးကွာ ငါကအတိတ်နဲ့အနာဂတ်မှာ တစ်ခုခုပြောင်းမယ်မှတ်ပြီး တထိတ်ထိတ်ဖြစ်နေတာ++

==ဟုတ်ပ ကျုပ်လည်း အတိတ်မှာမပြောင်းရင်တောင် အနာဂတ်မှာ တစ်ခုခုပြောင်းမယ်မှတ်နေတာ++



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ အတိတ်ရော၊ အနာဂတ်ပါ ဘာမှမပြောင်းလို့တော်သေး"

စကားပြောရင်းပြောရင်းနှင့် တစ်ယောက်ကိုတစ်ယောက်ပြန်ကြည့်မိကာ. .

"အေး တိုင်းပြည်သာဘာမှမပြောင်းတာ ကျုပ်တို့ဝတ်စုံတွေပြောင်းသွားသလိုပဲနော်"

"ဟုတ်ပ၊ ခင်ဗျားပြောမှ သတိထားမိတယ်။ အတိတ်တုန်းက ကျုပ်တို့ဝတ်စုံတစ်စုံ အနာဂတ်ကျတော့တစ်စုံ ဟိဟိ"

"ဟုတ်သား တိုင်းပြည်သာမပြောင်းတာ ကျုပ်တို့အကျီတွေပြောင်းသွားတာတော့ ထူးဆန်းတယ်"

"ဒါဆို ဒီနာရီကြီးတစ်ခုခုစွမ်းသလားပဲ"

အသာနေစမ်းပါကွာ ဝတ်စုံဘယ်လောက် ပြောင်းပြောင်း လူမပြောင်းရင်ပြီးတာပဲ

နောက်တစ်နေ့တွင်မူ နန်းတော်တွင်းမှ သတင်းတစ်ခုထုတ်ပြန်လာသည်။

"ယခုအခါသမယ အေးချမ်းသောရာသီ ဖြစ်ပါကြောင်း၊ မိဘပြည်သူများရှေ့မှောက် ရေမြေ့သနင်းပြည့်ရှင်မင်းကိုယ်တိုင် ယန္တရားနာရီတော်ကြီးကိုလှည့်၍ အတိတ်နှင့်အနာဂတ်ကိုသွားခဲ့သည်ကို မိဘပြည်သူများပွင့်လင်းမြင်သာစွာ တွေ့မြင်ခဲ့ရပြီဖြစ်ပါကြောင်း၊ အဆိုပါနာရီကြီးကို လှည့်လိုက်ရာ တိုင်းပြည်မှာဘာမှမပြောင်းလဲသော်ငြား၊ ဘုန်းတော်ကြောင့် ဘုရင်နှင့် မှူးကြီးမတ်ရာများ အဝတ်အစားမှာ ထူးဆန်းစွာပြောင်းလဲသွားပါကြောင်း"

စသည်ဖြင့်ကြေညာပြီး ရှေးသီချင်းဖြစ်သော "ထူးထွေတည့်အံ့ရာသော်" သီချင်းကိုထုတ်လွှင့်လိုက်လေတော့သတည်း။

ဤတွင် နာရီပုံပြင်ပြီး၏။

■



www.burmeseclassic.com

www.burmeseclassic.com



# ခုံသုံးလုံးပုံပြင် (၁)

တစ်ခါသော် ပညာရှင်တစ်ဦးက လူအများအတွက် အသုံးဝင် အကျိုးရှိနိုင်သော ထိုင်ခုံသုံးလုံးကို တီထွင်မှုပြုခဲ့လေသည်။

၁။ ကျန်းမာရေးခုံ

၂။ ခွန်အားဗလခုံ

၃။ ဉာဏ်ပညာခုံ

ထိုထိုင်ခုံသုံးလုံးမှာ သူ့နေရာနှင့်သူ အသုံးဝင်ပေလိမ့်မည်။

နံပါတ်တစ်ခုံက ကျန်းမာရေးမကောင်းသူများ တိုးတက်ကောင်း မွန်စေရန် ရည်ရွယ်သည်။



www.burmeseclassic.com

www.burmeseclassic.com


နံပါတ်နှစ်ထိုင်ခုံက ခွန်အားနည်းသူများကို ပြည့်စုံလုံလောက်သော ခွန်အားများ ဖြည့်တင်းပေးနိုင်ပါသည်။

နံပါတ်သုံးထိုင်ခုံက လူတို့၏ဉာဏ်ပညာကို ပို၍တိုးတက်ကောင်းမွန်ရန်ဖြစ်ပါသည်။

နှစ်ရှည်လများ ထိုင်ခုံသုံးလုံးကိုပြုလုပ်၍ ပြီးစီးခြင်းကိုရလေသည်။

ထုံးစံအတိုင်း ထိုင်ခုံဖွင့်ပွဲကို ကြီးကျယ်ခမ်းနားစွာ ဖွင့်လှစ်ရန် အတွက် ရေမြေ့သနင်းပြည့်ရှင်မင်းကိုယ်တိုင် ကြွရောက်လာလေသည်။

ဖဲကြိုးကို စက်ခလုတ်နှိပ်ချင်ယောင်ဆောင်၍ လက်ဖြင့်ဆွဲဖြတ်သည်။

တွေ့ပါပြီ ထိုင်ခုံသုံးလုံး. .

ထိုင်ခုံများက ဘာမှထူးခြားမှုမရှိ။ သာမန်သစ်သားခုံများသာ။

ပြည့်ရှင်မင်းက ထိုင်ခုံသုံးလုံးအား မျက်မှောင်ကြုတ်ကြည့်ပြီး. .

--ထိုင်ခုံက ဘာမှလည်းမထူးခြားပါလား++

ပြည့်ရှင်၏အမေးကို ပညာရှင်က. .

--မှန်ပါ ထိုင်ခုံများမှာ ကြည့်ရသည်သာ မထူးခြားသော်လည်း အစွမ်းကား ရောမကြီးမားပါသည်ဘုရား။ စမ်းကြည့်တော်မူပါ++

ပြည့်ရှင်မင်းက မသက်ာသော်လည်း ခေါင်းတညိတ်ညိတ်လုပ်ရင်း

--ဟုတ်ရင်ဟုတ်ပေါ့ကွာ++

ဆိုကာ ခပ်တည်တည်နှင့် ထိုင်ခုံသုံးလုံးဆီလျှောက်သွားသည်။

ကြွရောက်လာကြသော မင်းပရိသတ်အပေါင်းကလည်း တအံ့တဩ ငေးမောနေကြသည်။

--ထိုင်မယ်နော်++

ဘုရင်ကြီးက ပညာရှင်ထံခွင့်တောင်းသည်။ ပညာရှင်က ရိုကျိုးစွာ ခေါင်းညိတ်ပြီး. .

--ဟုတ်ကဲ့။ ထိုင်ပါခင်ဗျ။ ထိုင်ကြည့်ပါ++

ဘုရင်ကြီးက ထိုင်ခုံသုံးလုံးကိုလှည့်ကြည့်ရင်း ဘယ်ထိုင်ခုံကစထိုင်ရနိုးနိုးဖြစ်နေရာ ပထမဆုံးကျန်းမာရေးထိုင်ခုံသို့ ထိုင်ချလိုက်သည်


www.burmeseclassic.com

www.burmeseclassic.com



=ဟာ++

ဘုရင်ကြီး၏မျက်နှာမှာ ကျေနပ်မှုဖြင့်ဝင်းလက်လာသည်။ နောက်ထိုင်ခုံမှထလာပြီး. .

=ကြည့်စမ်း မနက်က ငါ့ခြေထောက်ကျဉ်နေတာ အခုမကျဉ်တော့ဘူး။ နောက်ပြီး ငါ့နှလုံးခုန်သံလည်း ပုံမှန်ပြန်ဖြစ်ပြီ။ ငါ့မျက်လုံး လည်းမမှုန်တော့ဘူး။ ဟေး. . . ငါကျန်းမာရေးကောင်းပြီကွ။ နွားနို့သောက်စရာမလိုတော့ဘူး++

=ဟေး++

=နွားနို့သောက်စရာ မလိုတော့ဘူး++

=နွားနို့သောက်စရာ မလိုတော့ဘူး++

ဘုရင်ကြီး၏စကားကို ပြည်သူများအားပေးကြသည်။

ကျန်းမာရေးကောင်းသွားသောဘုရင်က ပညာရှင်၏ပခုံးကိုသွားပုတ်ပြီး . .

=တော်တယ်၊ မောင်မင်းကိုဆုတော်လာဘ်တော် ချီးမြှင့်ရမယ် နောက်ထိုင်ခုံတွေကကော ဒီလိုစွမ်းရဲ့လားမောင်မင်း++

ပညာရှင်က

=ရှင်ဘုရင်ကြီးကိုယ်တိုင်ပဲ စမ်းကြည့်ပါခင်ဗျ++

ဘုရင်ကြီးက ခေါင်းတညိတ်ညိတ်လုပ်ရင်း ထိုင်ခုံများဆီပြန်သွားသည်။ ပြီးနောက်ခုံနှစ်ခုံကို ဟိုခုံဝင်ထိုင်ရနိုး၊ ဒီခုံဝင်ထိုင်ရနိုး ချီတုံချတုံဖြစ်နေသည်။ ပြီးမှ မျက်စိမှိတ်၍ ခုံတစ်လုံးပေါ် ထိုင်ချလိုက်သည်။

=ဟာ++

ဘုရင်ကြီး၏ အာမေဋိတ်သံ။ ပြီးနောက်မျက်နှာကြီးဝင်းပပြီး

=ငါခွန်အားတွေတိုးလာပြီ။ ခွန်အားတွေတိုးလာပြီ။ ကြည့်စမ်း၊ ငါ့လက်မောင်းကိုက ငါဆယ့်ရှစ်နှစ်သားတုန်းကလိုပဲ ကြည့်စမ်းကြည့်စမ်း++

ဘုရင်းကြီးက သူ့လက်မောင်းကို ပင့်ပြသည်။

=ဟေး++

=ထမင်းတစ်နပ်လျှော့စားနိုင်ပြီ++



www.burmeseclassic.com

www.burmeseclassic.com



••ထမင်းတစ်နပ်လျှော့စားနိုင်ပြီ++

ပြည်သူများက အားပေးကြပြန်သည်။ ဘုရင်ကြီးက ပေါ့ပါးလန်းဆန်းစွာ ပညာရှင်နားသွားပြီး

••မောင်မင်းတော်လွန်းသွားပြီ။ ဆုတော်လာဘ်တော်ချီးမြှင့်ရမယ်။ ကဲ နောက်ဆုံးထိုင်ခုံတစ်လုံးက ဘာလဲ။++

••ဉာဏ်ပညာခုံပါဘုရား++

ဘုရင်ကြီးခေါင်းညိတ်ပြီး. .

••ဉာဏ်ပညာခုံဟုတ်လား၊ ကဲ ထိုင်ကြည့်တာပေါ့++

ဆိုကာ နောက်ဆုံးခုံပေါ်ဝင် ထိုင်လိုက်သည်။

••ဟာ++

ဘုရင်ကြီးအာမေဋိတ်သံ။ ပြည်သူများကသူ့အား ဘာမြွက်ကြားလေမလဲဟု နားစွင့်နေသည်။ ဘုရင်ကြီးနှုတ်ကထွက်လာသည်က. .

••ဘာမှမထူးဘူး++

ထိုစကားကြားတော့ ပညာရှင်ပြာတောက်သွားသည်။

ခုံဆီသွားပြီး ချွတ်ယွင်းချက်များ ရှာကြည့်သည်။ ချွတ်ယွင်းမှုဘာကိုမှ မတွေ့ရ။ သေချာအောင် အထပ်ထပ်စစ်ဆေးသည်။ လုံးဝပြည့်စုံမှ

••တစ်ခါလောက်ပြန်ထိုင်ကြည့်ပါ အရှင်မင်းကြီး++

ဘုရင်ကြီးက ပြန်ဝင်ထိုင်သည်။

••အဲ++

ဘုရင်ကြီးမျက်လုံးပြူးသွားသည်။ နောက် ကြောင်တောင်တောင်နှင့် ပညာရှင်ကို ပြန်ကြည့်ပြီး

••ဘာမှပြောင်းမသွားဘူး++

ပညာရှင်ဟျာဟျာသလဲဖြစ်သွား၏။ သူ့ခုံ၏ မှားယွင်းမှုများရှာသည်။ ပြင်သည်။ ပြန်ပြီး သေချာမှ. .

••ပြန်ထိုင်ကြည့်ပါအရှင်++

ဘုရင်ကြီး ပြန်ထိုင်ကြည့်သည်။ ခေါင်းကိုယမ်းခါကာ

••ထူးပါဘူးဟာ++



www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်ခုံကို အထပ်ထပ်ပြန်စစ်သည်။ ချွတ်ယွင်းချက်မတွေ့ရ။ နောက်မှ အဖြေရှာတွေ့ပြီး ဘုရင်ကြီး၏ခေါင်းကို ဆွဲယူကြည့်လိုက်သည်။ ဘုရင်ကြီး၏ဦးခေါင်းကို အသေအချာကြည့်ပြီးမှ သက်ပြင်းချကာ ဤသို့ လျှောက်၏။

--လေးမြတ်သော ရေမြေ့သခင်ဘုရင်ကြီးခင်ဗျာ။ ဤခုံများမှာ မစွမ်းမဟုတ်။ စွမ်းပါသည်။ ကျန်းမာရေး မကောင်းသူကို ကောင်းစေ၏။ မသန်သူကိုလည်း ဤခုံကစွမ်းစေပါ၏++

--ဒါဖြင့် ဟိုခုံကကောစွမ်းလို့လား၊ ဘာမှမစွမ်းဘဲ++

ဘုရင်ကြီး၏ ဖြတ်ပြောသောစကားကို ပညာရှင်က. .

--အရှင်မင်းကြီးအမှန်ဆိုရသော် ထိုခုံကလည်း စွမ်းပါသည်။ သို့သော် ခုံများ၏ထုံးစံအရ ဉာဏ်ပညာအနည်းငယ်ရှိသူကိုသာ ဉာဏ်ပညာ ပိုတိုးပွားအောင် ပြုလုပ်၍ရပါသည်။ အရှင်မင်းကြီးကဲ့သို့ ဉာဏ်ပညာလုံးဝ မရှိသူကို ဉာဏ်ပညာတိုးပွားပေးရန် မည်သည့်မည်သို့သော ထိုင်ခုံအရှိန်အဝါဖြင့် ပေးစွမ်း၍မရနိုင်ခြင်းပင် ဖြစ်ပေလေတော့၏++

--မီးရှို့ပစ်လိုက်++

ပညာရှင်၏ စကားမှန်ပေလိမ့်မည်။ ပြည်သူတွေအတွက် အသုံးဝင်နိုင်သော ထိုင်ခုံသုံးလုံးမှာ ဉာဏ်ပညာမရှိသောဘုရင်ကြောင့် မီးလောင်တိုက်အသွင်းခံရတော့မည့် အခြေဆိုက်ရလေတော့သတည်း။

■



www.burmeseclassic.com

www.burmeseclassic.com



# ခုံသုံးလုံးပုံပြင် (၂)

ထိုင်ခုံတွင်ထိုင်၍ ဉာဏ်ပညာမတိုးပွားလာသော ရေမြေ့သနင်းကို ၄င်း၏ဝန်ကြီးများက ဤသို့လျှောက်၏။

--အရှင်မင်းကြီး။ အရှင်မင်းကြီး ဩဇာအာဏာကြီးမားသော်လည်း ကျန်းမာရေးထိုင်ခုံကြောင့် ပို၍ကျန်းမာ၏။ ခွန်အားဗလထိုင်ခုံအကျိုးကြောင့် ပို၍ခွန်အားကြီးမားပါ၏။ သို့သော် ဉာဏ်ပညာထိုင်ခုံထိုင်ပြီး ဘာဉာဏ်ပညာမှ မတိုးလာခြင်းကို အတိုင်းတိုင်းအပြည်ပြည်က သိ၍မသင့်တော်++

--မှန်၏ မင်းကြီး။ အတိုင်းတိုင်းအပြည်ပြည်က ကျွန်တော်မျိုးတို့



www.burmeseclassic.com

www.burmeseclassic.com



ဌာနေအား လက်ညှိုးငေါက်ငေါက် ထိုးချင်နေသည့်ကြားတည်း အရှင်မင်းကြီး သော်မှ ဉာဏ်ပညာမရှိဆိုလျှင် ကျွန်တော်တို့ဝန်ကြီးတွေမှာ ပြောစရာမရှိ တော့++

--ဆဲစရာတော့ကျန်သား++

ဝန်ကြီးများ၏ လျှောက်တင်စကားကို ရေမြေ့ရှင်က. .

--ကဲ ဒါဖြင့် ငါကဘာလုပ်ရမှာတုံး++

--ပြည့်ရှင်မင်းကြီး ထိုထိုင်ခုံများထံပြန်သွား၍ ဟုတ်သည်ရှိ မဟုတ်သည်ရှိ ကျန်းမာရေးထိုင်ခုံထိုင်၍ ငါ ပိုကျန်းမာလာပြီ။ ခွန်အားခုံ ထိုင်ပြီး ငါခွန်အားတိုးလာပြီ။ ဉာဏ်ပညာခုံထိုင်၍ ငါဉာဏ်ရည်တိုးတက် လာပြီ။ နှစ်နဲ့နှစ်နဲ့ပေါင်းရင် လေးရမှန်းတောင်ငါသိပြီဟု ခပ်တည်တည် ပြောပါလေ++

--ပြောရင်++

--ဒါမှ အရှင်မင်းကြီး ဉာဏ်ပညာရှိသူဟု ပြည်သူများ၊ တိုင်းတစ် ပါးသားများက ထင်ယောင်ထင်မှား ဖြစ်ကြပေလိမ့်မည် မင်းကြီး++

ဘုရင်ကြီးခေါင်းကုတ်သည်။ ပြီးမှ. .

--အေး. . မဆိုးဘူးကွ။ လိမ်နည်းအတော်များများ မင်းတို့ဝန်ကြီး တွေ တတ်တာပဲနော်++

--ဝန်ကြီးပါဆိုမှ ဟီးဟီး++

--ကဲ ဒါဖြင့်လည်း ပညာရှင်ရဲ့ထိုင်ခုံတွေဆီကို ပြန်သွားပြီးပြင်ခိုင်း မယ်။ ပြီးမှ ပြန်ထိုင်ပြ။ ပြီးရင် ဉာဏ်ပညာတိုးတက်လာလို့ အလီပေါင်းတွေ တောင်ရပြီလို့ ညာဖြီးကြတာပေ့ါ++

ဘုရင်ကြီးနှင့်ဝန်ကြီးများ ပညာရှင်ထံ ချီတက်ကြပြန်သည်။ ပြည်သူများကလည်း စိတ်ဝင်တစားဖြင့် လိုက်ပါကြ၏။

--ဘယ်မှာလဲဟေ့ ပညာရှင်၊ ဟိုခုံတွေ ပြန်ထုတ်စမ်း++

မီးရှို့လုဆဲဆဲ ထိုင်ခုံသုံးလုံးကို ပြန်ထုတ်လာသည်။ ဘုရင်ကြီးက ခပ်တည်တည်နှင့် ထိုင်ခုံတစ်လုံးပေါ် တက်ထိုင်လိုက်ပြီး. .

--ဟေး. . ငါကျန်းမာရေး ပိုကောင်းလာပြီကွ++



www.burmeseclassic.com

www.burmeseclassic.com


--ဟော++

လူအများ၏ အာမေဋိတ်သံ။ ဘုရင်ကြီးက နောက်ခုံတစ်ခုံပေါ် ထပ်ထိုင်လိုက်ပြီး ဝမ်းသာအားရဖြင့်

--ဟေး. . ငါခွန်အားတွေပိုရှိလာပြီဟေ့. . ကြည့်ကြစမ်း++

သူလက်မောင်းသူညှစ်ပြသည်။ ဝန်ကြီးများက ပြုံးပျော်ပေးကြ၏။

--ဟော++

ပြည်သူများထအော်ပြန်သည်။ ဘုရင်ကြီးက နောက်ဆုံးခုံပေါ်ဝင် ထိုင်ပြီး. .

--ဟေး. . ငါဉာဏ်ပိုကောင်းလာပြီကွ။ နှစ်နဲ့နှစ်ပေါင်းရင် လေး ရမှန်း ငါသိပြီ။ ငါဉာဏ်ပိုကောင်းလာပြီ++

--ရှီ. . ဖြောင်း. . ဖြောင်း. . ဖြောင်း++

ဝန်ကြီးများ ဝမ်းသာအားရ လက်ခေါက်မှုတ်ကြသည်။ လက်ခုပ် လက်ဝါးတီးကြသည်။ တချို့က ကွေးနေအောင်ကကြ၏။

သူတို့ကို စောင့်ကြည့်နေသော ပြည်သူများက

--ကျွန်းမာရေးထိုင်ခုံထိုင်ပြီး ဉာဏ်ပိုကောင်းသွားတာ ဒီဘုရင်တစ် ယောက်ပဲ တွေ့ဖူးသေးတယ်++

--အေးလေ။ ဟုတ်ပ့ါ ပေါတောတောနဲ့ ခုံမှားထိုင်ပြီး ဉာဏ်ပို ကောင်းတယ်တဲ့ ဟင်း++

ထိုင်ခုံတီထွင်သော ပညာရှင်လည်း မျက်နှာမကောင်း။ ရှင်ဘုရင် နှင့် ဝန်ကြီးများကတော့ သူတို့ဉာဏ်ပိုကောင်းပြီအမှတ်နှင့် ကွေးနေအောင် ကတုန်း။

■


www.burmeseclassic.com

www.burmeseclassic.com



# ထိုင်ခုံသုံးလုံးပုံပြင် (၃)

ထိုင်ခုံသုံးလုံးနှင့်ပြဿနာတက်နေသော ရေမြေ့သနင်းပြည့်ရှင်မင်းက သူ၏အတိုင်ပင်ခံဝန်မင်းများကို ခေါ်၍ ဆွေးနွေးပြန်သည်။

==အေးကွာ. . ငါ့မှာထိုင်နေရင် အကောင်းကြီး။ တစ်ခုလေးထလုပ်တာနဲ့ ပြဿနာကတက်ပြီ++

ဝန်ကြီးများကလည်း တင်ပြသည်။

==ဟုတ်ပါတယ်မင်းကြီး။ မင်းကြီးဟာ ဘုန်းကံကြီးသူဖြစ်ပါတယ်။ ကျန်းမာရေးထိုင်ခုံထိုင်လို့ ပိုကျန်းမာလာပါတယ်။ ခွန်အားထိုင်ခုံထိုင်ရွှေ့လည်း ခွန်အားပိုတိုးလာပါတယ်။ ဒါပေမဲ့ ဉာဏ်ပညာထိုင်ခုံက ဘာလို့ဉာဏ်ပညာ



www.burmeseclassic.com

www.burmeseclassic.com



မတိုးတာလဲဆိုတာ စဉ်းစားလို့တောင်မရပါဘူး ဘုရား++

--စဉ်းစားလို့ဘယ်ရမလဲ။ မင်းလည်းငါ့လိုပဲ ဦးနှောက်မှမရှိတာ++

--အဟီး. . အရှင့်တပည့်ဆိုတော့ စဉ်းစားကြည့်ပေါ့ဘုရား။ အရှင့်မှာတောင်မပါတာ။ တပည့်ဆို. . . ++

--ကိုင်း. . အဲဒါအသာထား။ ပြည်သူတွေကိုညာစားဖို့ နောက်တစ်ကြိမ်ထိုင်ပြန်တော့လည်း ငါမင်းမြတ်သည် ကျန်းမာရေးထိုင်ခုံထိုင်ပြီး၊ အေး . . ငါညဏ်ပိုကောင်းလာပြီ။ နှစ်နဲ့နှစ်ပေါင်း လေးရပြီအော်မိသည့်အတွက် ပြည်သူ၊ ပြည်သားများ သတိထားမိပြီး ကျန်းမာရေးထိုင်ခုံထိုင်ပြီး ညဏ်ကောင်းတာ ဒီဘုရင်ပဲရှိသေးတယ်။ ပေါတောတောနဲ့ကွာဆိုပြီး အပြောခံရပြန်ရော++

--အမှန်စဉ်းစားကြည့်ရင်လည်း ပေါတောတောကြီးပါဘုရား++

--မောင်မင်းတို့ကလည်း အသေအချာမကြည့်ထားကြဘူးလား++

--တပည့်တို့မှာလည်း ပျော်ချင်ဟန်ဆောင်ပြီး လှည့်ပတ်ကပြဖို့လောက် အာရုံရောက်နေတာမို့ သတိမထားမိဘူးဘုရား++

ဘုရင်ကြီးက သက်ပြင်းချသည်။

--ကဲ. . အခုဘယ်လိုလုပ်ကြမလဲ။ ပြည်သူ၊ ပြည်သားများကလည်း ငါ့ကို ပေါတောတောနဲ့တဲ့။ တိုင်းတစ်ပါးကလည်း ငါတို့လုပ်ရပ်ကို ရယ်နေကြပြီ။ တစ်ခုခုပြန်လုပ်မှ ဖြစ်တော့မှာပေါ့ ဝန်မင်းတို့++

အားလုံးငြိမ်ကုန်၏။ အဖြေရှာနေကြပုံပေါ်၏။ အားလုံးကလည်း ခပ်တုံးတုံးချည်းမို့ အဖြေကရုတ်တရက်မထွက်လာ။ အတန်ကြာမှ ဝန်ကြီးတစ်ပါးက

--ကျွန်တော်မျိုး သိပါပြီဘုရား++

အားလုံးက ထိုဝန်မင်းကို အာရုံ စိုက်ကုန်၏။

--နောက်တစ်ကြိမ်သွားပြီး ထိုင်ခုံကိုမှန်အောင်ထိုင်ပြီး၊ ဟေး. . ငါညဏ်ကောင်းလာပြီ။ နှစ်နဲ့နှစ်ပေါင်းရင်တောင် ငါးလား၊ လေးလားခွဲနိုင်ပါသိပြီဆိုရင်ရော++

အားလုံးငြိမ်ကုန်၏။ အားလုံးက ခပ်ကြောင်ကြောင်ဖြင့် ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားမပေါ်။ အတန်ကြာမှ ဘုရင်ကြီးကခေါင်းခါပြီး

==နှစ်ခါကသုံးခါဆို မကောင်းဘူးထင်တယ်။ ငါကိုယ်တော်မရှက်တတ်ပေမယ့် ရှက်ချင်ယောင်ဆောင်မှ တန်ကာကျတော့မယ်++

ဘုရင်ကြီး၏ အမြော်အမြင်ကြီးပုံကို ခေါင်းညိတ်ကြသည်။ အတန်ကြာမှ ဝန်ကြီးတစ်ပါးကခုန်ထပြီး

==ကျွန်တော်မျိုး သိပါပြီဘုရား++

အားလုံးထိုဝန်မင်းကို ကြည့်ကြသည်။ ဝန်မင်းက ဝင်းလက်သောမျက်နှာဖြင့်

==အမှန်တော့ ဒီကိစ္စများရဲ့အခြေခံဟာ အဲဒီထိုင်ခုံသုံးလုံးကြောင့်ဖြစ်တဲ့ ပြဿနာပါဘုရား++

အားလုံးလှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြသည်။ တချို့ကလည်း ခေါင်းညိတ် ထောက်ခံကြသည်။ တချို့က လက်မထောင်ကြသည်။ ထိုဝန်ကြီးဆက်၍. . .

==အဲဒီတော့ အဲဒီထိုင်ခုံတွေကို ဖျောက်ဖျက်ပစ်ပြီး ထိုင်ခုံသုံးလုံးဆိုတာ တကယ်မရှိခဲ့ဘူး။ ဘုရင်ကြီး ခုံသုံးလုံးကို ထိုင်တယ်ဆိုတာလည်းပဲ ကောလာဟလပါဆိုပြီး ခါတိုင်းလိုပဲ ပြောင်လိမ်ကြတာပေါ့။ ဟုတ်ဖူးလား။ သူ့စကားကို ဝန်ကြီးများကအားရပြီး

==ဟုတ်တယ်၊ ဒီအကြံကောင်းတယ်++

==ခါတိုင်းလိုပေါ့ ပြောင်လိမ် ပြောင်စား++

==မိုက်(စ်)++

==မိုက်(စ်)ဟော့ ကြိုက်စ်ဟ++

အားလုံးပျော်ရွှင်ကုန်၏။ ဘုရင်ကြီးက စဉ်းစားနေသည်။ အတန်ကြာမှ

==အေး။ အဲဒီအကြံကတော့မဆိုးဘူး။ ဒါပေမဲ့ ထိုင်ခုံတွေဖျက်ပစ်ရမှာတော့ နှမြောစရာကွ။ ဒီသယံဇာတလေးလည်း လိုချင်သေး++

ရွှထနေသော ဝန်ကြီးများပြန်ငြိမ်ကုန်၏။ သူတို့လည်း ထိုထိုင်ခုံကိုထိုင်ချင်ကြသေးတာကိုး။ နောက်မှဝန်ကြီးတစ်ပါးက. .


www.burmeseclassic.com

www.burmeseclassic.com



--ဒါဆိုလွယ်ပါတယ် မင်းကြီးဘုရား++

အားလုံးက ထိုဝန်ကြီးကို ဝေ့ကြည့်ကြသည်။ ဝန်ကြီးကတိုသော ဂုတ်ကိုမြှင့်ပြီး. .

--ဒါကလွယ်ပါတယ်မင်းကြီး။ မင်းကြီးလိုချင်တဲ့ခုံလည်းရ။ ဒါဟာ ကောလာဟလဖြစ်ကြောင်း ကြော်ငြာနိုင်အောင် ထိုင်ခုံတီထွင်တဲ့ ပညာရှင်ကို အပျောက်ရှင်းလိုက်ရင် ရတာပဲဘုရား++

အားလုံးအံ့အားသင့်သွားကြသည်။ နောက်ထခုန်ကြသည်

--ဟုတ်တယ်။ ပညာရှင်ကိုအပျောက်ရှင်းပြီး၊ ပညာရှင်ဆိုတာ ဘယ်တုန်းကမှမရှိခဲ့ဘူး။ ဒါကြောင့် ပညာရှင်တီထွင်တဲ့ ထိုင်ခုံလည်းမရှိဘူး။ ဒါကြောင့် ဘုရင်ကြီးလည်း ထိုင်ခုံမှာမထိုင်ဖူးဘူးလို့ ကြေညာလိုက်ရင် ပြီးပြီပဲ++

--ဟုတ်တယ်။ ဒီအကြံကောင်းတယ်++

--အကြံအတိုင်းဆက်လုပ်မယ်++

ထိုအကြံကို ဘုရင်ကြီးလည်း နှစ်ထောင်းအားရသွားသည်။

--ကိုင်း အမြန်အကောင်အထည်ဖော်စို့ ငါ့ကောင်တို့++

အားလုံးက ပညာရှင်ကိုဖမ်း၍ ကွပ်မျက်လိုက်၏။

မှန်ပေ၏။

ဉာဏ်မရှိသော ဘုရင်အုပ်ချုပ်သော တိုင်းပြည်၌ သူတို့အတွက်လို အပ်သောထိုင်ခုံသာရှိသည်။

ပညာရှင်ကားမရှိ။ ရှိလျှင်လည်း ဇာတ်သိမ်းလှမည်မဟုတ်။

ဤတွင်ကျွန်တော်ပြောသော ခုံသုံးလုံးပုံပြင်ပြီး၏။

■



www.burmeseclassic.com

www.burmeseclassic.com



# ဖြေရှင်းချက်ပုံပြင်

ထိုတိုင်းပြည်သည် သယံဇာတလည်း ပေါ၏။ လူကောင်းလူတော်များလည်း ပေါ၏။ ဆန်ရေစပါးလည်း ပေါ၏။ ရေအရင်းမြစ်လည်း လွန်စွာပေါ၏။

ထို့အပြင် ဝန်ကြီးများလည်း ပေါ၏။ အမတ်ကပို၍ပင် ပေါသေး၏။ တိုင်းပြည်အား စီမံခန့်ခွဲသူ များလင့်ကစား တိုးတက်မှုအလျှင်းမရှိ။ များပြားလှသော ဝန်ကြီးနှင့်အမတ်များ မည်သို့တာဝန်ရှိသည်မသိဘဲ ယောင်လည်လည်နှင့်ပင် လုံးလည်ချာလည်လိုက်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



တာဝန်တစ်ခုလွှဲပေးလိုက်သော် ဟိုလူလိုလို၊ ဒီလူလိုလို ဟိုလူ့ထံတွင် တာဝန်ရှိသလို၊ ဒီလူ့တာဝန်ရှိသလိုနှင့် အားလုံးမှာ တာဝန်မရှိဘဲ တာဝန်ရှိချင်ယောင် ဆောင်နေကြ၏။ အဘယ်မျှဆိုသော် ရေမြေ့သနင်းပြည့်ရှင်မင်းပင် ဘယ်သူကတာဝန်ရှိသလဲဆိုသည်ကို ယောင်လည်လည်ဖြစ်ရင်း သူကိုယ်တိုင်ပင် ဘာတာဝန်ယူထားရမှန်း ဇဝေဇဝါဖြစ်နေပေသည်။

တစ်နေ့၌ ဘုရင်ကြီးကစိတ်ကူးပေါက်၍ ဝန်ကြီးများအပေါင်းကို ခေါ်တော်မူသည်။

=ကိုင်း၊ ဆိုကြစမ်းပါဦး ဝန်ကြီးအပေါင်းတို့။ ကျုပ်တို့တိုင်းပြည်ကြီးမှာ ဝန်ကြီးတော်အများကြီး၊ အမတ်လည်းအများကြီးနဲ့ ဝိုင်းပြီးအုပ်ချုပ်နေတာတောင် လူတွေကမတိုးတက်ဘူး မတိုးတက်ဘူးလို့ချည်းဆိုနေကြတယ်။ အဲဒီတော့ ဌာနတစ်ခုက ဝန်ကြီးများကိုယ်တိုင် တိုးတက်ခြင်း၊ မတိုးတက်ခြင်းများကို တင်လျှောက်ကြစမ်း+

ဝန်ကြီးတစ်ပါးထလာ၏။

=ဘုန်းတော်ကြီးမြတ်လှပါသော ရေမြေသနင်းပြည့်ရှင်မင်းနှင့်တကွ ပိုင်ရာဆိုင်ရာအုပ်ချုပ်နေသော ဂုဏ်သရေရှိဝန်ကြီးများအပေါင်းနှင့် ညှိပရိသတ်များခင်ဗျား၊ နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်မှုစံနှုန်းဆိုတာ လူနေမှုနဲ့ နှိုင်းယှဉ်မှာလား၊ ပြရုပ်များနဲ့ နှိုင်းယှဉ်ကြမလား။ ဒါမှမဟုတ်ရင် ပြည်ပအမြင်နဲ့ ကြည့်မလား၊ ပြည်တွင်းအနေနဲ့ပဲ မြင်ကြည့်ကြမလား။ လောကနိယာမမှာ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းဆိုတာကို အကျယ်တဝင့် ရှင်းပြထားပြီးဖြစ်ကြောင်း အားလုံးသိရှိကြတဲ့အတိုင်း ဒါကို အခြားကိစ္စလိုဆိုရင် =ဖွန်းတူသည့် ဝိုင်း + ဆိုတဲ့စကားလုံးနဲ့ ရှင်းပြနိုင်သလို၊ အောင်မြင်ဖို့ =အေတူဇက်+ ရှုံးနိမ့်မှု =က ကြီးက အ+ အထိကို ပွင့်လင်းမြင်သာမှုများနှင့် ချပြတဲ့အခါ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ကျော်ကတော့ ဒါကို ဆင်ဖိုမက်သစ် သီအိုရီလို့ ခေါ်မှာပေါ့နော်။ အခုခေတ်အနေနဲ့ကျတော့လည်း ဥပဒေအပြောင်းအလဲများနဲ့ ဥပဒေပြုရေး သီးခြားအစီအစဉ်အရ၊ ပုံပြင်ဟောင်းကြီးကိုပဲ သုံးနေမယ့်အစား၊ ယခုဆိုရင် =ဆင်ဆိုရာနေးတစ်+ ဆိုတဲ့စကား



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း တခြားဘက်ကလည်း ဒီ "ပရော့မန့်" ကို အားပြုလိုက်တဲ့အခါ ဘာသွားတွေ့ရသလဲဆိုရင် "အကောင့်တစ်ဖိုရမ်" တွေကျယ်ပြန့်လာပြီး ခုနပြောခဲ့တဲ့ "ငွန်းတူသည်ဝိုင်း" ဆိုတာ အေတူဇက်ထဲမှာမပါဘဲ "က" ကြီးကနေ "အ"စာရင်းထဲဝင်လာတာကို ထူးခြားစွာ တွေ့လိုက်ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်သုံးသပ်တဲ့အခါ ဘာက အားနည်းသလဲ ဆိုရင် ဒီ "ပလော့မက်သစ်"ဆိုတာနဲ့ "ဆိုဆိုင်ဆိုရေးတီး"ဆိုတဲ့ ကဏ္ဍနှစ်ခု ပြန်တွေ့ရ ပြန်ရော။ အဲဒီကမှ အများပြည်သူနဲ့ သင့်တော်တဲ့အရာ ပြန်ရှာတော့ တိကျတဲ့အဖြေ "ရိုလေးကာတစ်ဒမန့်" ဆိုတာကို တွေ့ရပြန်တယ်။ ဒီ"ရိုလေး ကာတစ်ဒမန့်"ကို အသုံးပြုတယ်ဆိုရင် ဘာလိုသလဲဆိုတော့ ပြည်သူတွေအားလုံး ပါဝင်နိုင်ဖို့အရေးကြီးတဲ့ "ဂလက်ဆီရမ်ဖိုရမ်"တွေကိုအပြီးသတ် ပြန်လည် တည်ဆောက်ဖို့ လိုလာပြန်တယ်။ ဒါကို နောက်ထပ်နှစ်ပေါင်း ၃၀ ပြန်ကြည့် လိုက်မယ်ဆိုရင် ဒီပရော့မင့်စင်တာတွေမှာ ပရောဂျက်ဖောင်ဒါတွေအတွက် ခုနပြောခဲ့တဲ့ ဆင်ဆိုရာရေးတစ်ဆိုတာ မရှိမဖြစ်လိုအပ်လာပြန်ရော။ "ဆင်ဆိုရာရေးတစ်" ပေါ်လာတဲ့အတွက် သူနဲ့ကပ်လျက်က ဘာရှိလဲ။ ဆင်မိုမက်သစ်သီအိုရီကို မသုံးမဖြစ်သုံးရပြန်ရော။ အဲဒီလိုပြန်သုံးတဲ့အခါ တိုးတက်မှု၊ ဆုတ်ယုတ်မှုတွေအတွက် မူလဖြစ်တဲ့ "ငွန်းတူသည်ဝိုင်း" ကို ထိထိရောက်ရောက် အကျိုးရှိနိုင်မှာ ဖြစ်ပါတယ်။ အဲဒီအခါကျမှ ပြည်ပရဲ့ရင်းနှီးမြှုပ်နှံမှုက ရီမန်လေးတစ်သီအိုရီအရ ဝင်လာမှာဖြစ်ပါတယ်။ အဲဒီလိုဝင်လာတဲ့အခါ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ က သုံးခဲ့တဲ့ "အော်ဂနိုက်ဆိုင်ဆော်" ဆိုတာ ပြန်လည်အသက်ဝင်ပြီး ခုနပြောတဲ့ အေတူဇက်ကနေ အိတ်ထ်ပလပ်စ်အထိ တိုးတက်လာရင်ဘာ ဖြစ်နိုင်သလဲဆိုရင် ခုန "ရိုလေးတစ်ဒမန့်" ဆိုတာ ပြုတ်ကျပြီး ဟိုဘက်ကလည်း "ဆိုင်ဆိုရာလေး တစ်" ဆိုတာ တက်လာပါလိမ့်မယ်။ ဒါမှလည်း အားလုံးအတွက် ဟန်ချက်ညီတဲ့ ဆိုင်ဆိုရာလေးတီးဆိုတာ ပေါ်ပေါက်လာမှာပါ။ အဲဒီလိုပေါ်လာတဲ့အခါမှာ ကျွန်တော်တို့အနေနဲ့က ခုခံကာကွယ်ရမှာလား၊ ဒါမှမဟုတ် တိုက်ခိုက်တွန်းလှန်ရမှာလား ဒါမှမဟုတ် ခါတိုင်းလိုပဲ စိန်ခေါ်မှုတွေကို မှိန်းနေရမှာလား ဆိုတာပဲ စဉ်းစားဖို့လိုတယ်လို့ ပြောချင်ပါတယ်။ ကျေးဇူးတင်ပါတယ်""

www.burmeseclassic.com



ထိုဝန်ကြီးတင်ပြချက်ကို ဘုရင်အပါအဝင် ဝန်ကြီးများအားလုံးက ခေါင်းညိတ်ပြီး

••သူပြောသွားတဲ့ ရှင်းရှင်းလေး ပဲ++

••ဒါပဲလေ။ တိုးတက်လား၊ ဆုတ်ယုတ်လားဆိုတာ ရီလေးတစ်ဒမန့်ဆိုတာ ထည့်သုံးသွားတာ သိပ်ပညာတတ်ဆန်တယ်++

••တိုးတက်လား၊ မတိုးတက်လားဆိုတာ ပြောစရာတောင်မလိုဘူး။ ပြောသွားတဲ့အထဲမှာ အဖြေပါပြီးသား++

စသည်ဖြင့် ကျေနပ်ကြကုန်လေတော့သည်။ ဒါကိုဘုရင်ကြီးက မိန့်မိန့်ကြီးခေါင်းညိတ်ပြီး

••အင်း၊ ဝန်ကြီးရှင်းသွားတာ ရှင်းသလောက်တော့ရှိပါပြီ။ ဒါပေမဲ့ နောက်ဝန်ကြီးတစ်ပါး ထပ်ရှင်းပါဦး++

နောက်ဝန်ကြီးတစ်ပါးက ထလာပြန်သည်။ ပြီးနောက်

••ရေမြေသနင်း ပြည့်ရှင်မင်းခင်ဗျား။ ခုနကဝန်ကြီး ရှင်းပြသွားတာ ရှင်းသလောက်ရှိပါပြီ။ ယင်းကို ကျွန်တော်ကထပ်ပြီး ရှင်းပြရမယ်ဆိုရင် ခုနဝန်ကြီးပြောသွားတဲ့ ဆင်ဖိုမက်သစ်သီအိုရီဆိုတာ ဆင်ဆိုရယ်လေးတစ်နဲ့ ကပ်လျက်ဆိုပေမယ့် ဟိုဘက်က ဌန်းတူသည်ဝိုင်းနဲ့တွက်ရင် အများကြီးကွာဟပြီး ဘာလိုအပ်သလဲဆိုတော့ ++

သူတို့ဘာသာသူတို့တော့ နားလည်ကြ၏။ အမှန်တော့ ဤပုံပြင်ရေးသောကျွန်တော်ပင် သူတို့စကားကို နားမလည်။

တိုးတက်လား၊ ဆုတ်ယုတ်လား။

အဖြေကမသဲကွဲ။

■



www.burmeseclassic.com

www.burmeseclassic.com



# သစ်ပင်ပုံပြင်

တစ်ခါက ထိုတိုင်းပြည်တွင် ထူးဆန်းသောသစ်ပင်တစ်ပင် ပေါက်ရောက်လာသည်။ ထိုသစ်ပင်သည် ပိန္နဲပင်မျိုးဖြစ်သော်လည်း သရက်သီးကဲ့သို့ အသီးများသီးထနေလေသည်။ ထိုအသီး၏ရနံ့မှာ လွန်စွာမွှေးကြိုင်ပြီး တိုင်းပြည်တစ်ခုလုံး ပျံ့နှံ့နေသည်။

ထို့ကြောင့် တိုင်းပြည်ရှိ ပြည်သူအားလုံးက ထိုအသီး၏အရသာကို မြည်းစမ်းကြည့်ချင်နေကြသည်။ သို့သော်ထုံးစံအတိုင်း ဤအလေ့ကျပေါက်ရောက်နေသော သစ်ပင်သည် အများပိုင်ဖြစ်သော်လည်း ပြည့်ရှင်ပိုင်

စိုး း မိုး း စ ၁ ၆ . ပ

www.burmeseclassic.com

www.burmeseclassic.com



အသိမ်းခံရလေသည်။

ပြည်သူပိုင်သိမ်းတော့ ဘုရင်နှင့်အပေါင်းအပါများပိုင် ဖြစ်သွားသည်ပေါ့။ ထူးဆန်းသည်ဟုဆိုရမည်။ ထိုတိုင်းပြည်တွင် ပြည်သူပိုင်ဟု အမည်တပ်ထားတာမှန်သမျှ ပြည်သူက ဘယ်တော့မှမပိုင်တော့။ အုပ်ချုပ်သူဘုရင်နှင့် အပေါင်းအပါများသာ ပိုင်ကြတော့သည်မှာ ထုံးစံပင်။

ထို့ကြောင့် ပြည်သူပိုင်အသုံးပြုရန်ခေါင်းစဉ်ဖြင့် ညအချိန်မတော်သစ်ပင်ကို အမြစ်မှတူးယူ၍ နန်းတော်ဝင်းထဲ သယ်ယူသွားကြသည်။

နန်းတော်ဝင်းထဲ ရောက်သောအခါမှ ပြဿနာတက်ကြရတော့သည်။ ပုံသဏ္ဌာန်မမှန်ဘဲ ပေါက်ရောက်နေသောအပင်မှ ပုံသဏ္ဌာန်မမှန်ဘဲ ပေါက်ရောက်နေသောအသီးကို မည်သူကမှမမြည်းစမ်းရဲကြ။ တချို့ကလည်း အနံ့ကမွှေးကြိုင်လွှမ်းနေ၍ မြည်းစမ်းချင်ကြသော်လည်း သေစေနိုင်သော အဆိပ်သီးလည်းဖြစ်နေနိုင်သည်။ မည်သူက မြည်းစမ်းရဲကြပါမည်နည်း။

အနံ့မွှေးလွှမ်းလို့ မြည်းစမ်းမှ ဂန့်ခနဲဖြစ်ကုန်မှာစိုးရချေသည်။ ထို့ကြောင့်

++အေး. . အနံ့ကတော့ စားချင်စရာ၊ မွှေးတေးမွှေးတေးနဲ့။ ဒါပေမဲ့ အရသာက ဘယ်လိုနေမလဲမသိဘူး မင်းကြီးများ++

အထာနပ်နေသောဝန်ကြီးများက သူ့ထက်ငါပြာပြာသလဲ လျှောက်တင်ကြသည်။

++ဘုန်းတော်ကြောင့် မင်းကြီးသာ အရင်မြည်းကြည့်သင့်ပါတယ် ဘုရား++

ဝန်ကြီးများက မြှောက်ပေးသည်။ ဘုရင်ကဖုန်၏။

++ခွေးကောင်တွေ ဒါမျိုးကျတော့တတ်တယ်။ ဘုန်းတော်ကြောင့် ဘုန်းတော်ကြောင့် ဟုတ်လားလခွမ်း မင်းတို့မြည်းကြပါလား++

ဝန်ကြီးများကလည်းနပ်သည်။

++အဟီး. . ဘုန်းတော်ကြီးသော ဘုရင်ကြီးကိုယ်တိုင် မမြည်းသေးဘဲ ကျွန်တော်မျိုးတို့ မမြည်းဝံ့ပါဘုရား။ တော်ကြာ ဘုန်းတော်ကြောင့် ဖိကြီးပစ်နေမှဖြင့် ဟီး++



www.burmeseclassic.com

www.burmeseclassic.com



--ဒါဆို ဘယ်သူ့မြည်းခိုင်းရမှာလဲ++

ဘုရင်၏အမေးကို ဝန်ကြီးတစ်ပါးက သူတို့အပေါ် မကျပြီးရော သဘောဖြင့်

--သတင်းထုတ်ပြန်ရေးကို ပေးမြည်းသင့်ပါတယ်ဘုရား။ သူက သတင်းထုတ်ပြန်နေကျဆိုတော့ သတင်းဦးလေးရသွားတာပေါ့ဘုရား++

သူ့အပေါ် ကျလာတော့ ဟိုကလည်းခေသူမှမဟုတ်တာ။ ခေါင်းကို ဆတ်ဆလူးယမ်းခပ်သွက်သွက်ယမ်းကာ. .

--ကျွန်တော်မျိုးက တစ်ပါးသူလုပ်ပြီးမှ အပြုသဘောဆောင်သော သတင်းကို ထုတ်ပြန်ရန်သာတာဝန်ရှိပါတယ် ဘုရား။ သတင်းထုတ်ပြန်ရေး က ဘာကိုမှ အတိအကျသိစရာ မလိုပါဘူးဘုရား။ ဒါကြောင့် မသင့်တော် ကြောင်းပါဘုရား++

တကယ်တမ်း စမ်းသပ်ရမည်ဆိုတော့ မည်သူကမှ တာဝန်မယူ ကြ။ အားလုံး ခေါင်းခါ၊ ခေါင်းရှောင်ပြီး မသိချင်ယောင်ဆောင်နေကြသည်။

--ကဲ. . ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ++

အားလုံး ခေါင်းချင်းဆိုင်ကုန်၏။ အတန်ကြာမှ. .

--ဒါဖြင့် ဒီလိုလုပ်။ ပြည်သူတွေထဲကတစ်ယောက်ကို အရင်စမ်း သပ်ခိုင်းလိုက်မယ်၊ မကောင်းဘူးလား++

သူ့စကားကို တခြားဝန်ကြီးများက. .

--အရသာ တအားကောင်းနေရင် ဒီအသီးကို ပြည်သူတွေအရင် စားဖူးတယ်ဆိုပြီး တို့ဝန်ကြီးတွေ သိက္ခာကျမှာပေါ့ ဝန်မင်းကလည်း++

--ဒီအသီးစားပြီး သေတော့ရော++

--ဒါကတော့ ပြည်သူ့ထိုက် ပြည်သူ့ကံနဲ့ သေတာသေပါစေပေါ့ ဝန်မင်းကလည်း အရာမပေး အရေးမပါ++

--ဩော်. . မတော်တဆ အသီးကောင်းဖြစ်ခဲ့ရင်လည်း သူတို့က အရင်စားချင်၊ သေမယ်ဆိုတော့ ပြည်သူကိုသေစေချင်။ ဘယ်လိုပေါ်ခဲ့ ရမှန်းပင်မသိ။ အတန်ကြာမှ ဘုရင်ကအတွေးပေါက်ပြီး++

--ဒီလိုလုပ်၊ ခုနကပြောတဲ့အတိုင်း ပြည်သူကို အရင်မြည်းခိုင်း



www.burmeseclassic.com

www.burmeseclassic.com


မယ်++

--ကောင်းနေရင်++

--ခါတိုင်းလိုပဲ အဲဒီကောင်ကိုရှော့လိုက်ပြီး ဘယ်သူမှမစားဖူးသေးသယောင်လုပ်ရုံပေါ့++

--သေရင်ရော++

--သေရင်တော့ စေတနာနဲ့ လက်ဆောင်ပြန်ပေးတာပေါ့ကွာ၊ ဟုတ်ဘူးလား++

--ဟေး. . . . ++

ဝန်ကြီးများ ဝမ်းသာသွားကြသည်။ ကိုယ့်တာဝန်မကျရင်ပြီးရောလေ။

--ဟုတ်တယ်။ ပြည်သူပိုင်ဆိုတာ ကောင်းနေရင်ဘုရင့်ဘဏ္ဍာ၊ ဆိုးနေရင် အများပိုင်၊ သုံးစားမရရင်တော့ ပြည်သူတွေတကယ်ပိုင်ရမှာပေါ့။ ဟုတ်ဘူးလား။ ဟေး. . . ပျော်တယ် ဟေ့++

ဤသို့ဖြင့် ပြည်သူပိုင်သစ်သီးကို ပထမဆုံးစားသုံးရန် ပြည်သူတစ်ဦးကိုခေါ်လာကြလေသည်။ ကံဆိုးသူမောင်ရှင်ကားရောက်ပြီ။

--ကိုင်း. . မောင်မင်း ဒီအသီးကို အရင်ဆုံးမြည်းစမ်းကြည့်စမ်း++

--ကျွန်တော်သေသွားရင်. . ++

--ကံပေါ့မောင်မင်း++

--လျော်ကြေးမရဘူးလား++

--ထုံးစံကိုမရှိမရှိတာမောင်မင်း၊ ဆုတောင်းလိုက်ဦး၊ ဓာတ်လိုက်သေတောင်အလျှော်မရဘူး++

ဘယ်လိုဖြစ်ဖြစ် နိဗ္ဗာန်မင်္ဂဖိုလ်ကို ရက်တိုတိုနှင့်ရောက်မည့်အရေးကြောင့် စားမည့်သူမှာ တုန်လှုပ်နေရလေသည်။

--ကဲ. . သုံးဆောင်လို့ရပြီ မောင်မင်း++

ပြည်သူမှာ တုန်လှုပ်နေရလေသည်။ ဘယ်လိုဖြစ်ဖြစ် အခြေအနေလုံးဝမကောင်းမှန်း သူသိသည်။ သို့သော် မတတ်သာသောအခြေအနေမို့ အသီးတစ်လုံးကို ဖြုတ်စားလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . "

ခံတွင်း၌ချိုအီပြီး အရသာရှိလှသည်မို့ ပြည်သူအရပ်သားမှာ အံ့အားသင့်သွားသည်။ ဆက်စားချင်စိတ်ဖြစ်သော်လည်း မျက်နှာကို ချက်ချင်း ပြင်ချလိုက်ပြီး

"ဟာ. . ခါးလိုက်တာ၊ ထွီ. . ထွီ"

ဆိုပြီး စားချင်စိတ်ကို မြိုသိပ်ကာ ထွေးထုတ်လိုက်သည်။ ဘေးနားကကြည့်နေသောဝန်အဖွဲ့က. .

"ဟဲ့. . မောင်မင်း၊ အရသာဘယ့်နှယ်တုံး"

"ထွီ. . ခါးလိုက်တာ။ စားကြည့်စမ်း၊ အောင်မလေး. . ကျွန်တော်၊ ကျွန်တော် သေတော့မလားမသိဘူး၊ အောင်မလေး. . "

ထိုစကားကြားတော့ ဝန်ကြီးများက

"ဟေ့. . ဟေ့. . အဆိပ်ပင်ဟေ့။ အနားမကပ်ကြနဲ့။ သေတတ်တယ်၊ သေတတ်တယ်။ ဟေ့. . အဲဒီအပင်ကို အမြန်ခုတ်စမ်း၊ အမြန်နုတ်လှဲလိုက်ကြစမ်း"

သိပ်မကြာပါ။ ဘာကိုမှ ကိုယ်တိုင်မစူးစမ်းဘဲ သူများခါးတယ်ဆိုတိုင်း လိုက်ခါးသောအပေါင်းအပါများ လွန်စွာအရသာရှိသော သစ်ပင်ကို ခုတ်လှဲလိုက်ကြသည်။ ထို့အပြင် နောက်တစ်နေ့ သတင်းထုတ်ပြန်ရာတွင်. .

"ဤအပင်မှာ အဆိပ်ပင်ဖြစ်၍ ပြည်သူအပေါင်း ဘေးမခရလေအောင် အသေအချာစမ်းသပ်ပြီး ခုတ်ထွင်လိုက်ပြီဖြစ်ကြောင်း၊ ဤသည်ကား ဘုရင်နှင့် ဝန်ကြီးများ၏ စေတနာပင်ဖြစ်ကြောင်း. . "

ဘာကိုမှ တကယ်ကိုယ်တိုင်ကိုယ်ကျ စူးစမ်းလေ့လာခြင်းမရှိသော တိုင်းပြည်တွင် ချိုအီမွှေးမျသောအပင်လည်း အဆိပ်ပင်ဖြစ်နိုင်၏။

■



www.burmeseclassic.com

www.burmeseclassic.com



# သစ်ပင်ပုံပြင် (၂)

ဘာလုပ်လုပ် အရာရာနဲ့အကြောင်းကြောင်း ဖြစ်နေသော ဘုရင်ကြီးနှင့်အပေါင်းအပါများ ယခုလည်း ပုံစံမမှန်ဘဲ ပေါ်လာသောအပင်မှ အသီးမှာ လွန်စွာချိုမြနေသည်ကို မစမ်းသပ်ရဲဘဲ အခြားပြည်သူအရပ်သားတစ်ဦးကို ပေးမြည်းစမ်းရာ ထိုသူမှ ▪ ခါးလိုက်တာ + ဟူသော စကားတစ်ခွန်းကို ယုံမိ၍ ▪▪သစ်ပင်ခုတ်လှဲ၊ အသီးများကို လွှင့်ပစ် ++ ကာ ▪▪ ဤအသီးမှာ အလွန်ခါးကြောင်း++ သတင်းထုတ်ပြန်ပြီးခါမှ ပြည်သူများက ပစ်ထားသော လေလွင့်အသီးများစားကြည့်ကာ လွန်စွာချိုမှန်းသိရ၍ အစေ့ကို



www.burmeseclassic.com

www.burmeseclassic.com



အပင်ပျိုးကြရာ တစ်တိုင်းတစ်ပြည်လုံး ထိုသစ်သီးနံ့ဖြင့်သာ မွှေးပျံ့နေလေတော့သည်။

ဤသည်ကို ပြည်သူပြည်သားများ ကောင်းစားနေသည်ကို လွန်စွာမနာလိုမရှုစိမ့်နိုင်သော ရေမြေ့သနင်းနှင့် ဝန်ကြီးများမှာ ခေါင်းချင်းရိုက်ကုန်ကြ၏။

••အေးကွ၊ ငါတို့လည်း တစ်ခုလုပ်၊ တစ်ခုမှားတော့တာပဲ။ အခုလည်း အင်မတန်ချိုတဲ့သစ်သီးကိုမစားရဲဘဲ သူများကိုအငှားစားခိုင်း၊ ပြီး၊ သူပြောသမျှ ယုံ၊ အခုတော့ အဲဒီသစ်သီးအရမ်းချိုကြောင်း စမ်းသပ်စားသုံးသိရှိကြပြီး ပြည်သူတွေ စိုက်ပျိုးထားကြတာ အခုဆိုတစ်တိုင်းပြည်လုံး မွှေးလို့ပျံ့လို့ ချိုလို့ ကြည်လို့ ဆိုပါလားကွယ် စိတ်မချမ်းမြေ့ပါဘိတော့ ဟင်း++

သူများချိုတော့ ဘုရင်စိတ်ဆင်းရဲရ၏။ ဒါကို ဝန်မင်းများက

••အစကတည်းက ကိုယ်တိုင်စမ်းသပ်လိုက်ရင် အကောင်းသားနော့++

••မင်းက စမ်းရဲခဲ့လို့လား၊ တကတည်း၊ အဲဒီတုန်းက စမ်းခိုင်းတာကျတော့ သေဆေးကျွေးတာကျနေတာပဲ++

••အို. . ဒါကတော့ ဘုရင်တောင်မစမ်းရဲတာ ကျုပ်တို့မစမ်းရဲတာအပြစ်လားဗျာ++

••ဒီအကြောင်း ကျွန်တော်သတင်းထုတ်ပြန် ပေးပါ့မယ်++

••တိတ်စမ်း++

ဘုရင်ကြီးက ထအော်သည်

••သောက်သုံးမကျတဲ့ကောင်တွေ၊ ကိုယ်လုပ်ရမယ့်အလုပ်ကျ ရှေ့ထွက်မလုပ်ရဲကြဘူး၊ ပြီးကျမှ ကိုယ်ကပဲခိုင်းထားသလိုလို၊ ဘာလိုလိုနဲ့နှပ်စားနေကြတာကြာပြီ++

••ပြည်သူတွေပိုက်ဆံနဲ့ ကိုယ်ထူကိုယ်ထ ခင်းထားတဲ့လမ်းကိုလမ်းပြီးမှအသာဝင်ပြီးဖဲကြိုးဖြတ်ရာက အကျင့်ပါသွားတာပါမင်းကြီး++

••တော်ကြစမ်း၊ အခုကိစ္စ ဘယ်လိုလုပ်ကြမလဲ ပြောစမ်း++

အားလုံးခေါင်းချင်းရိုက်ကုန်၏။ နောက်မှ ဝန်ကြီးတစ်ဦးက



www.burmeseclassic.com

www.burmeseclassic.com



--တစ်တိုင်းတစ်ပြည်လုံး သစ်ပင်တွေ လိုက်ခုတ်လိုက်ရင် မကောင်းဘူးလား။ ဥယျာဉ်မြို့တော်မှသည် စက်မှုမြို့တော်ဆီသို့ ဆိုပြီးတော့လေ။

--နေစမ်းပါ။ အခုတောင် တစ်တိုင်းပြည်လုံးသစ်ပင် ခင်ဗျားတို့ခုတ်လို့ သစ်ပင်ကကုန်နေပြီ++

--ဒါဆိုလည်း ထုံးစံအတိုင်း သစ်သီးပထမဆုံး စ+စားသူကို သူစားတုန်းက တကယ်ခါးပြီး အခုမှဘုန်းတော်ကြောင့်ချိုသွားတာလို့ ပြောခိုင်းရင်ရော++

--နင့်မေမေ့ခင်ပွန်းအဲဒီကောင်က ပြေးပြီ++

--ဘယ်ကိုပြေးတာတုန်း++

--ထုံးစံအတိုင်းလိုက်ဖမ်းတာ ခြောက်လွှတ်သလိုဖြစ်ပြီး မမိဘဲ ပြေးပြီပေါ့၊ တခြားတိုင်းပြည်ကို++

--ကဲ ဒါဆို ဘယ်လိုလုပ်ကြမလဲ++

--ဘယ်လိုလုပ်ကြမလဲတိုင်ပင်ကြောင်း ကျွန်တော်သတင်းထုတ်ပြန်ပေးပါ့မယ်++

အားလုံးအကြံတုန်း၊ ဉာဏ်တုန်းကြီးများမှ မစဉ်းစားတတ်ကြ။ နောက်ဆုံးမှ

--ဒါဖြင့်ဒီလိုလုပ် ဒီတစ်ခါကျုပ်တို့လည်း အများနည်းနည်းတူ အဲဒီသစ်သီးမျိုးကိုယူပြီး နန်းတော်ထဲစိုက်ကြမယ်ဗျာ။ သစ်သီး+သီးတာနဲ့ မြိန်မြိန်ကြီးစားကြတာပေါ့။ ဟုတ်ဘူးလား++

ထိုအကြံကို အားလုံးက. .

--အေးဟုတ်တယ် အဲဒီအကြံကောင်းတယ်။ အကောင်းဆုံးဥယျာဉ်မှူးကိုခေါ်ပြီး သစ်ပင်စိုက်ကြမယ်။ အမြန်ဆုံးသီးအောင်လုပ်ပြီးမြိန်မြိန်ကြီးစားကြတာပေါ့++

--အဲဒီသတင်းကို ကျွန်တော် ထုတ်ပြန်ပေးမယ်မင်းကြီး++

ဤသို့ဖြင့် ဘုရင်နှင့်ဝန်ကြီးများမှာ တိုင်းပြည်မှအတော်ဆုံးဥယျာဉ်မှူးကိုခေါ်၍ သစ်ပင်စိုက်ခြင်းအခမ်းအနား ပြုကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မှစ၍ မြေကြီးကိုတစ်ကော်ကော်၊ ဝန်ကြီးများကလည်း မြေကြီး တစ်ကော်စီကော်ပြီး ထိုသစ်သီးပင်ကို စိုက်ကြသည်။

သိပ်မကြာပါ။ ကျွမ်းကျင်သောဥယျာဉ်မှူး၏ ပြုစုမှုနှင့် နန်းတော်မြေထဲ သစ်သီးပင်ကြီး ဝှားဝှားစွင့်စွင့်ပေါက်ရောက်ပြီး သစ်သီးများသီးထလာလေသည်။

အချိန်ကျသော် ဘုရင်နှင့်ဝန်ကြီးများ ရောက်လာ၏။

။။သုံးဆောင်လို့ရပြီလား ဥယျာဉ်မှူးကြီး။။

။။ဆွဲလို့ရပါပြီမင်းကြီး ကျွန်တော်မျိုးအစွမ်းကုန် ကြိုးစားထားပါတယ်။။

ဥယျာဉ်မှူးကြီးက အသီးကိုဆွတ်ကာဆက်၏။ ဘုရင်ကြီးကပြုံးပြီး

။။ကဲ ဒါဖြင့်လည်း ငါကပဲစပြီးမြည်းစမ်းကြည့်ရမှာပေါ့၊ ရေမြေ့သနင်း ဟဲဟဲ. . လာလေ့။။

သစ်သီးတစ်လုံးကိုအားရ ပါးရကိုက်ချလိုက်ရာ

။။ထွီ ခါးလိုက်တာ ထွီ။။

ဘုရင်ကြီးကိုကြည့်၍ အားလုံးအံ့အားသင့်သွားသည်။ ချိုသည့်အသီးကို ရှုံ့မဲ့စွာခါးသည်ဆိုတာကိုး။ နောက်မှ ဝန်ကြီးများသဘောပေါက်ပြီး

။။မင်းကြီးကလည်း နောက်နေပြန်ပါပြီ။ ဟိုရွာသားလို ခါးတယ်လို့ လိမ်စားပြီး တစ်ယောက်ထဲအပိုင်စီးဖို့ထင်တယ် မာယာသျှော့ မင်းကြီးဟီးဟီး။။

။။ဟုတ်ပ့ါ မင်းကြီးကလည်း အချင်းချင်းတွေ ဒီအကွက်မျိုး ရိုးနေပြီ ဟီဟီ။။

ဘုရင်ကြီးလည်းတင်းပြီး

။။နင့်မေမေမတွေ ခွီးထဲမှပဲ တကယ်ခါးလို့ ခါးတယ်ပြောတာကွ မင်းတို့ကိုယ်တိုင် စားကြည့်ပါလား ထွီ။။

ဘုရင့်စကားကို ဝန်ကြီးများက

။။ဟုတ်ရဲ့လား မှန်း။။

။။ငါ့လည်း တစ်လုံး။။



www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ တစ်ယောက်တစ်လုံး ဆွတ်စားလိုက်မှ

""ထွီ. . ဟုတ်ပ၊ ခါးလိုက်တာ""

""ထွီ. . အဟုတ်ခါးတာဟ""

""ထွီ. . ဒီအသီးတကယ်ခါးကြောင်း ကျူပ်သတင်းထုတ်ပြန်မယ် ဗျာ ထွီ အွတ်အွတ်""

""ဘာလို့ခါးတာလဲ၊ တခြားသူတွေချိုပြီး ငါတို့ကဘာလို့ခါးတာ လဲ""

""ဟုတ်တယ်။ သူများချိုရင် ငါတို့လည်းချိုရမှာပေါ့""

""ဟော့. . ဒါဆို ဉယျာဉ်မှူး ကြောင့်ပဲဖြစ်မယ်""

""ဟုတ်တယ်၊ ဉယျာဉ်မှူးကြောင့်ပဲ။ ဉယျာဉ်မှူးကိုဖမ်း ရိုက်စစ် စမ်း""

အားလုံး၏အပြစ်မှာ ဉယျာဉ်မှူးဆီကျ၏။ ဉယျာဉ်မှူးကိုဖမ်းဆီး စစ်ဆေးတော့. .

""နေကြပါဦး. . နေကြပါဦး။ ကျွန်တော်စမ်းသပ်ပါရစေဦး""

ဉယျာဉ်မှူးက အပင်ကို အသေအချာစစ်သည်။ အသီးကိုစား သည်။ ခါး၏။ အဘယ်ကြောင့်မှန်းသူမသိ။ ဇဝေဇဝါဖြစ်နေ၏။ တစ်တိုင်း ပြည်လုံး ချိုသည့်အသီးက ဤနန်းတွင်းထဲမှဘာလို့များ ခါးနေရသနည်း။ နောက်မှ သူသတိရပြီး မြေကြီးကို စမ်းကြည့်သည်။

တွေ့ပြီ။ အဖြေကို ဉယျာဉ်မှူးတွေ့သွားပြီ။ ထို့ကြောင့် သက်ပြင်း ချပြီး

""ဘုန်းတော်ကြောင့်၊ ဘုရင်ဖြစ်နေသော ရေမြေ့သနင်းနှင့် ဝန်ကြီး မင်းများအပေါင်းတို့""

ဘုရင်နှင့် ဝန်ကြီးများ နားစွင့်ကြသည်။

""တစ်တိုင်းတစ်ပြည်လုံးချိုပြီး ဤနေရာ၌ အသီးခါးနေသည်မှာ အခြားမဟုတ်""

""ဘာလဲကွ. . မြန်မြန်ပြော""

ဘုရင်က ခန့်ခန့်ဟန့်သည်။ ဉယျာဉ်မှူးက. .



www.burmeseclassic.com

www.burmeseclassic.com



••ဘုရင်ကြီးခင်ဗျား. . ဤအသီး ခါးရခြင်းမှာ အခြားမဟုတ်။ ရေခံ၊ မြေခံမကောင်းသည့်နေရာ၌ မည်မျှချိုသည့် အသီးကိုစိုက်စိုက် ခါးမည်မှာ အမှန်ပင်။ ယခုလည်း ဘုရင်ကြီးနှင့် ဝန်ကြီးများစုဝေးရာ နန်းတော်ဝင်းသည်ရေခံ၊ မြေခံမကောင်းဘဲရှိနေပါ၍ ဤမျှချိုမြိန်သောအသီး ခါးရခြင်းပင်ဖြစ်ကြောင်း လျှောက်တင်အပ်ပါသည်++

••အဲဒီခွေးသူတောင်းစားကောင်ကို ဖမ်းချုပ်လိုက်++

ဘုရင်ကြီး၏အော်သံ။

မှန်ပေသည်။ ရေခံ၊ မြေခံ အခြေခံမကောင်းသောအရပ်၌ မည်သည့်အသီးကမှ မချိုနိုင်ပေ။ ပင်ကိုယ်စိတ်ရင်းခံ စေတနာခံမရှိပဲ ဘာလုပ်လုပ် အကောင်းမဖြစ်နိုင်။ ထိုအရာကား သဘာဝပင်။ သို့သော် နောက်တစ်ရက်၌ သတင်းထုတ်ပြန်သည်မှာ. .

••နန်းတော်ဝင်း၌စိုက်သောသစ်သီးမှာ ဘုန်းတော်ကြောင့် လွန်စွာ ချိုမြပြီး အရသာရှိလှသောကြောင့် နိုင်ငံခြားသို့ပင် တင်ပို့ရောင်းချရန် စီစဉ်လျက်ရှိကြောင်း++

■



www.burmeseclassic.com

www.burmeseclassic.com



# ဝါးလုံးပုံပြင်

ထိုတိုင်းပြည်၏ သာယာလှပသော နံနက်ခင်းလေးတစ်ခုဖြစ်ပါသည်။

မိုးရာသီ၏ နံနက်ခင်းဖြစ်သော်ငြား မိုးကမရွာ။ အရာရာစိမ်းစိုနေသည်။ အရာရာ ကြည်လတ်လတ်မို့ နေထိုင်၍ကောင်းသော ရာသီဥတုအဖြစ်တည်ရှိနေသည်။

သွန်းပြီးသားမိုးရေများက လမ်းမချိုင့်ခွက်များအပေါ် အနည်းငယ်မျှ ရှိနေသော်ငြား ဈေးသွား၊ ဈေးလာ လူကြီးများအတွက်လည်း အနှောင့်အယှက်မဖြစ်၊ ကလေးငယ်များကလည်း ထိုရေအိုင်ငယ်ကို ခုန်ကူးကစားရင်း သဘာဝကပေးသော လက်ဆောင်ကိုရနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်ဝယ် စည်ကားစပြုနေသော နန်းတွင်းဈေးလေးရှေ့မြင်ကွင်းလေးတစ်ခု တိုးဝင်လာသည်။

ဆယ်နှစ်အရွယ်သားငယ်နှင့် လေးဆယ်ဝန်းကျင် မိခင်တို့မှာ အတန် ငယ်ရှည်လျားသော အဝတ်လှန်းဝါးလုံး (လက်မခန့် ဝါးလုံးအဖြောင့်) နှစ်လုံးကို ရှေ့နောက်ကိုယ်စီထမ်း၍ လမ်းလျှောက်လာသောမြင်ကွင်းပင်။

ဝါးလုံးထမ်းလာသော မိခင်၏အနားတွင် ဆယ့်နှစ်နှစ်အရွယ် အပျိုဖော်ဝင်စ သမီးငယ်တစ်ဦးက မိခင်နှင့်စကားပြောရင်း လမ်းလျှောက်လာကြသည်။ ရံဖန်ရံခါ၌ပန်းခူးသည်။ ဆယ်နှစ်အရွယ် ဝါးလုံးထမ်းသော သားငယ်မှာ သဘာဝကပေးသော လက်ဆောင်ရေအိုင်ငယ်များကို ခုန်ကျော်လွှားရင်း၊ မိခင်ကလည်း သားငယ်အနောက် အမီလိုက်ရင်း ဟန်ချက်ညီနေကြ၏။

အမှန်တော့ ထိုလက်မအရွယ် ဝါးလုံးငယ်နှစ်လုံးကို ဆယ်နှစ်အရွယ် သားငယ်သော်လည်းကောင်း၊ လေးဆယ်အရွယ် မိခင်သော်လည်းကောင်း တစ်ယောက်တည်းနှင့်ပင် နိုင်အောင်သယ်နိုင်သည်။ ဒါမှမဟုတ် သူတို့နှစ်ယောက် မသယ်ချင်လျှင် ဘေးနားက ဆယ့်နှစ်နှစ်အရွယ် သမီးငယ်ကဝင်သယ်ပိုးပေး၍ရ၏။ သို့သော် ဝါးလုံးနှစ်လုံးကို လူသုံးယောက်အနက် တစ်ယောက်တည်း အပင်ပန်းခံ ထမ်းပိုးခြင်းမဟုတ်ဘဲ လူနှစ်ယောက် ကိုယ့်အသိနှင့်ကိုယ် အညီအမျှ တာဝန်ယူထမ်းခြင်းက ပို၍သက်သောင့်သက်သာရှိသည်။ မြင်ကွင်းကိုပို၍ လှစေပါ၏။

ညောင်းလာလျှင် အနား၌ ဆယ့်နှစ်နှစ်အရွယ် သမီးငယ်ပါလာသေး၍ အလွယ်တကူပခုံးပြောင်း တာဝန်ပေးအပ်လိုက်၍ရပေသေးသည်။ ကောင်းပေစွ။

ထိုမြင်ကွင်းကို ကြည့်နေရစဉ်မှာပင် စိတ်ထဲ၌ --ဩော်. . လှတပတ မိသားစုအလှပေတကား++ဟု စိတ်ထဲတွေးလိုက်မိသည်။

သို့သော် အတွေးမဆုံးလိုက်။

--ဟိတ်. . အငယ်မ နင်ဘယ်လိုလုပ်တာလဲ++

ဟူသောအော်သံနှင့်အတူ လူအများ၏မြင်ကွင်းထဲမိန်းမဝဝကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး ပြေးဝင်လာ၏။ ရုပ်ချင်းယှဉ် ကြည့်ရသည်မှာ ဝါးလုံးထမ်းထားသော သားသည်မိခင်၏အစ်မ။ ကလေးများ၏ ကြီးတော်ပင်ဖြစ်လောက်၏။ ထိုမိန်းမကြီးမှပင်

--နင်ကလဲဟယ် ကိုယ့်ကလေးကို မညာမတာခိုင်းရက်တယ်။ ကြည့်စမ်း ဝါးလုံးနှစ်လုံးကို ကလေးထမ်းရတာပင်ပန်းနေပြီ++

အမှန်တော့ကလေးမှာ ပင်ပန်းရမှန်းကိုပင်မသိ။ သူ့ဘာသာသူ ပျော်ရွှင်နေသည်။

--ဟိုကောင်မကလည်း ကိုယ့်အမေ၊ ကိုယ့်မောင်ကို ကူညီရမှန်း တောင် မသိဘူး။ အတော်တာဝန်ကင်းတဲ့ ကောင်မ++

ဆယ့်နှစ်နှစ်အရွယ်ကလေးကလည်း ကြောင်နေသည်။ အမှန် တော့ သူလည်း တာဝန်မယူချင်၍မဟုတ်။ တာဝန်မပေးသေး၍ တာဝန်ယူ ရန်အချိန်မကျသေး၍ အဆင်သင့်စောင့်နေခြင်းပင်။ ဒါကို ထိုမိန်းမဝဝကြီး က. .

--နင်တို့တွေ ငါမပြောရင် ဒီအတိုင်းချည်းပဲ။ မညီမမျှနဲ့ ပေးစမ်း ဝါးလုံးတစ်လုံး။ ဟိုကောင်မ အရှေ့ကထမ်း၊ ငါအနောက်ကထမ်းမယ်++

မိတ်ဆွေအင်မတန်မှကို မထော်မနန်းနိုင်လှသည့် မြင်ကွင်းကို မြင်တွေ့ရပေလိမ့်မည်။

လက်မလောက်ဝါးလုံးက နှစ်လုံး၊ ထမ်းသူက လေးယောက်။

အမှန်တော့ဝါးလုံးလေးနှစ်လုံးများ မည်သူမဆိုတစ်ယောက်တည်း ချောင်ချောင်လေး ထမ်းပိုးသွား၍ရပါသည်။ သို့တည်းမဟုတ် ခုနကလို မိခင်နှင့်သား အညီအမျှထမ်းပိုးသွားကလည်း ဖြစ်ပါသည်။ အပျိုဖော်ဝင်စ သမီးငယ်က မိခင်စကား နားထောင်ရင်း လမ်းဘေးက အလှေ့ကျပန်းလည်း လှမ်းချိုးရင်း လှလှပပသွားလာ ပျော်ရွှင်နိုင်ပေသည်။ သာသာယာယာရှိနိုင် ပေ၏။

ယခုမြင်ကွင်းက ဤသို့မဟုတ်တော့။

ဝါးလုံးက နှစ်လုံး၊ ထမ်းသူက လေးယောက်။

ဘေးအမြင်၌လည်း ဝါးလုံးသေးသေးလေးတစ်လုံးစီကို လူနှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်စီ ထမ်းထားရတာမြင်ရ၍ မျက်စိပသာဒ ဘယ်လိုမှမဖြစ်။ ထို့အပြင် စိတ်ထဲ၌လည်း

--တောက် အတော်သောက်သုံးမကျတဲ့အမျိုး။ ဝါးလုံးသေးသေး လေးနှစ်လုံးကို လူနှစ်ယောက်တန်းစီထမ်းရတယ်လို့။ တစ်ယောက်တည်း တာဝန်ယူထမ်းလိုက်ရင် ဘာဖြစ်မှာလဲ။ ကျန်တဲ့သူတွေ အအားထားရမှာစိုး လို့လား++

ဟူသော စိတ်ဖြစ်မိပေမည်။

လူလေးယောက်တန်းစီပြီး ဝါးလုံးထမ်းသွား၍ လမ်းမပေါ်သူတို့ ကြောင့်ရှောင်ရကွင်းရ၊ လမ်းဖယ်ရနှင့် လွန်စွာကိုးရိုးကားရားနိုင်လွန်း လှပါသည်။

ထို့ထက်ပိုဆိုးသည်က ခုနက အလှအပဆုံးမြင်ကွင်းကို မြင်တွေ့ရ သည်ထင် နေမိဆဲမှာပင်

=လွန်စွာ ညက်ရည်နည်းသော+ မိသားစုအဖြစ် ပတ်ဝန်းကျင်မှ လူတိုင်း၏ အမြင်ပြောင်းလဲသွားသည်။ ကြည့်မကောင်းသော မြင်ကွင်းကို လူတိုင်း စိတ်မကောင်းစွာ မြင်နေရခြင်းပင်။ အဘယ်ကြောင့်နည်း။ တာဝန် သေးသေးလေးတစ်ခုကို မလိုအပ်ပဲ လူအများမျှထမ်းနေခြင်းကြောင့်ပင်။

■



www.burmeseclassic.com

www.burmeseclassic.com



# ရာထူးပုံပြင်

တစ်ခါ၌ ထိုတိုင်းပြည်မှဘုရင်အား ကမ္ဘာလုံးဆိုင်ရာ ဘုရင်များ အစည်းအဝေးသို့ ဖိတ်ကြားခြင်းခံရလေသည်။

ဘုရင်တွေချည်းသာ ဖိတ်ကြားသောညီလာခံမို့ ဘုရင်ကြီးကလည်း ထို အစည်းအဝေးနေရာသို့သွားလို၏။ သို့သော် ခက်သည်က. . .

"အင်း. . အင်းဒီပွဲက မင်းအပေါင်းတစ်ရာ့တစ်ပါး ဆုံကြမှာမို့ ငါလည်း သွားချင်တယ်ကွ။ ဒါပေမဲ့ခက်တာက ငါကလည်း သူတို့ဘာသာ စကားကို တစ်လုံးမှနားမလည် ပြောလည်းမပြောတတ်၊ ကဲဘယ်လိုသွားပြီး ဘာသွား လုပ်ရပ့ါ ခက်ပ့ါကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို အနားခစားဝန်ကြီးများက

--သွားတော့သွားသင့်ပါတယ်ဘုရား။ ဒီလိုဘုရင်တွေ အများကြီး ဆုံတဲ့အခါ ပိုက်ဆံကပ်ချေးလို့ရတာပေါ့ဘုရား. . ဟိဟိ++

နောက်ဝန် ကြီးတစ်ပါးကလည်း

--အဲဒါ အမှန်ပါပဲမင်းကြီး။ မင်းကြီးသာမျက်နှာအိုချလိုက်ရင် လှူမယ့်သူ ဒုနဲ့ဒေးဖြစ်နေမှာပဲဘုရား။ ဒါကြောင့် သွားသာသွားလိုက်ပါဘုရား။ ဒါလည်း စီးပွားရေးပါဘုရား++

နောက်ဝန်ကြီးတစ်ပါးက အကြံပြုပြန်သည်။

--ဟုတ်ပ့ါမင်းကြီးရာ မင်းကြီးမျက်နှာနဲ့မှမရရင် ကျွန်တော်မျိုးတို့ အဖွဲ့ကလွဲပြီး တိုင်းသူပြည်သားအားလုံး ဘယ်သူ့ကိုလက်ညှိုးထိုးထိုး ဒုက္ခသည်တွေချည်းမို့လို့ ချေးရငှားရ လွယ်ပ့ါမယ်ဘုရား။ ပြီးတော့မှ ပြည်သူဒုက္ခသည် ပြုပြီးရတဲ့ပိုက်ဆံ ကျပ်တို့တွေ ခွဲယူကြတာပေါ့ ဟီးဟီးဘုရား++

အားလုံးသောဝန်ကြီးများက လုပ်ကွက်ရမည်မို့ ဘုရင်ကြီးကို မြှောက်ပေးကြသည်။ ဒါကို ဘုရင်ကြီးကသက်ပြင်းချတဲ့ပြီး

--အေးလေကွာ သွားရင်တော့ ပိုက်ဆံချေးလို့ရမှာမှန်ပါရဲ့။ ဒါပေမဲ့ သူတို့စကားတစ်လုံးမှနားမလည်ဘဲ ဘယ်လိုသွားရမှာလဲ။ အဲ ဒါခက်တာ++

ဘုရင့်စကားကို ဝန်ကြီးတစ်ပါးက

--ဒါကလွယ်ပါတယ်မင်းကြီး၊ နားလည်ယောင်ဆောင်ခြင်းသော် လည်းကောင်း၊ ဒါမှမဟုတ် စကားပြန်နဲ့သော်လည်းကောင်း သွားရင်လည်း ရပါတယ်မင်းကြီး++

--ဟေ အဲဒီလိုရလား++

ဘုရင်ကြီး ဝမ်းသာသွားသည်။ ဒါကို ဝန်ကြီးတစ်ပါးက

--ရလွန်းလို့ ကျွန်တော်မျိုးဆို နိုင်ငံခြားသွားပြီး သူတို့ပြောသမျှ နားမလည်ပါဘဲ နားလည်ချင်ယောင်ဆောင် ခေါင်းညိတ်ခဲ့တာ တိုင်းပြည် တစ်ဝက်အလိုလိုရောင်းပြီး သားဖြစ်သွားတာ သာဓကပါပဲ ဘုရား၊ ဟီးဟီး ဘာပဲပြောပြော ပိုက်ဆံရတာပေါ့ ဟီးဟီး++

ဘုရင်ကြီးက ခေါင်းညိတ်သည်။ နောက် တစ်စုံတစ်ခုကိုသတိရ

www.burmeseclassic.com



သွားဟန်ဖြင့် သက်ပြင်းချပြီး

••အင်း ဒါတော့လည်း ဒါပေါ့ လေ။ ဒါပေမဲ့ သူများတိုင်းပြည်သွားပြီး သူများဘုရင်တွေနဲ့တွေ့ရမှာ ဂုဏ်မငယ်ချင်ဘူး++

သူ့စကားကို ဝန်ကြီးတစ်ပါးကထပြီး

••လွယ်ပါတယ်မင်းကြီး၊ သူများထက် ဂုဏ်မငယ်ဖို့ဆိုရင် သူများဘုရင်တွေထက်ကြီးတဲ့ ရာထူးတွေအပွင့်တွေ တပ်သွားလိုက်ရင်ပြီးတာပဲ မင်းကြီးရာဟုတ်ဘူးလား++ ဘုရင်ကြီး ဖင်ပါကြွသွား၏။

••ဟေ ဟုတ်လား သူများတွေထက်ပိုများတဲ့ အပွင့်တွေ၊ အခက်တွေ တပ်သွားရင် ဘုရင်တွေထဲမှာ ငါရာထူးအကြီးဆုံးဖြစ်သွားမှာပေါ့ ဟုတ်လား++

ဘုရင်ကြီးစကားကို ဝန်ကြီးတစ်ပါးက ထပြီး

••ဒါပဲပေါ့မင်းကြီးရ။ တစ်ကမ္ဘာလုံးမှာမရှိတဲ့ အပွင့်တွေ၊ အခက်တွေ ရာထူးတွေတင်သွားရင် လူတိုင်းကဘုရင်ကြီးကို တစ်ကမ္ဘာလုံးမှာ ရာထူးအကြီးဆုံးဘုရင်ဆိုပြီး တခမ်းတနားနဲ့ကြိုဆိုပြီး ထိုင်ကန်တော့ကြမှာတောင် မြင်ယောင်သေး၊ အဟေး ဟေး++

ဘုရင်ကြီး အားတက်သွား၏။ ထို့ကြောင့်

••ဒါဖြင့်လည်း တစ်ကမ္ဘာလုံးမှာမရှိနိုင်တဲ့ အပွင့်တွေ၊ အခက်တွေ၊ ရာထူးတွေ အမြန်လုပ်ကြ။ ဒါမှ နိုင်ငံရပ်ခြားကို ရာထူးကြီးကြီးနဲ့သွားပြီး ပိုက်ဆံချေးလို့ကောင်းမှာဟ အမြန်လုပ်ကြဟ++

••ဟေးဟေးဟေး. . ++

••ရှီး ဖြောင်းဖြောင်း++

ဝန်ကြီးများရဲ့ ဝမ်းသာအားရ အသံများ။

ဤသို့ဖြင့်

. . .

နိုင်ငံတကာ မင်းများတွေ့ဆုံပွဲတွင်ဖြစ်သည်။ ဘုရင်များက ရိုးကုတ် သောအဆင်အပြင်နှင့် ညီလာခံခန်းမထဲအဝင်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘုရင်ကြီးက တစ်ကမ္ဘာလုံးမှာမရှိသော အပွင့်များ၊ အခက်များ၊ ရာထူးများနှင့် သူ့ထက်ရာထူးအဆင့်နိမ့်သော်လည်း တစ်ကမ္ဘာလုံးထက် ရာထူးမြင့်သော ဝန်ကြီးအပေါင်းခြံရံလျှက် ညီလာခံထဲဝင်ရန် စတင်လိုက်သည်။

သူတို့အားလုံးမှာ ရာထူးများ၊ အပွင့်များပိ၍ လူပင်မမြင်ရ။

--ဒူ++

--တစ်ရာ့တစ်ပါးသော မင်းများထက် ရာထူးဂုဏ်သိက်အဆာများစွာမြင့်၍ တောသုံးတော၊ တောင်သုံးတောင်၊ မြစ်သုံးမြစ် ရောင်းစားပြီး ထတော်မူသော++

သူတို့၏ အော်သံမဆုံးလိုက်

--ဟိတ် ဘုရင်တွေတွေ့ဆုံတဲ့ပွဲ ဘယ်ကသောက်ရူးတွေဝင်လာလဲ။ သွား ထွက်သွားကြစမ်း++

အစောင့်တစ်ယောက်၏ အော်သံ။ ဒါကို ဝန်ကြီးတစ်ပါးက သည်းမခံနိုင်ဘဲ

--ဘာအရူးလဲ ဒီမှာကြည့်စမ်း နည်းတာကြီးလား++

ဆိုကာ သူတို့ဘုရင်ကြီး လူမြုပ်မတတ်ချိတ်ဆွဲထားသော ဘွဲ့တံဆိပ်တော်များကိုပြရင်း. .

--တွေ့လား. . တစ်ကမ္ဘာလုံးမှာ အမြင့်ဆုံးရာထူးနဲ့ ဘုရင်ကြီးကွ ဘာမှတ်လဲ++

အစောင့်က တံဆိပ်များကို မျက်မှောင်ကြုတ်ပြီးကြည့်သည်။

--အဲဒီတံဆိပ်တွေ ဘယ်သူပေးထားလဲ++

အမတ်များ ရှုံ့တိုးရှုန့်တန့်ဖြစ်သွားသည်။ ပြီးမှ မခို့တရို့နှင့်

--ဘယ်သူပေးထားရမှာလဲ ကိုယ့်ဘာသာကိုယ် လုပ်ထားတာပေါ့++

--ဟား. . ဟား. . ဟား++

အစောင့်က ထရယ်သည်။ ပြီးမှ

--ကိုယ့်ဘာသာကိုယ်လုပ်ထားတဲ့ တံဆိပ်တွေနဲ့ တစ်ကမ္ဘာလုံးမှာ



www.burmeseclassic.com

www.burmeseclassic.com


ရာထူးအကြီးဆုံးတဲ့။ ဟား ဟား. . သွား. . သွား တံဆိပ်တွေ သွားဖြုတ်လိုက်၊ ရာထူးပိနေဦးမယ်။ ခင်ဗျားလို ကိုယ့်ဘာသာကိုယ် ရာထူးပေးရုံနဲ့ တစ်ကမ္ဘာလုံးမှာ ရာထူးအကြီးဆုံးဆို ကျုပ်တောင်လုပ်ယူလို့ရတယ်။ သွား သွား တံဆိပ်သွားဖြုတ်ချေ++

ဘုရင်ကြီးနှင့်အဖွဲ့များ ဘာမှမတတ်နိုင်။ ကိုယ့်ဘာသာကိုယ်လုပ်ယူထားသောရာထူးများကို တံခါးစောင့်ပင် အသိအမှတ်မပြု။ သို့သော် ရထားပြီးသော ရာထူးကိုလည်းမစွန့်လွှတ်နိုင်၊ အထဲဝင်ခွင့်လည်းမရ၊ ထို့ကြောင့် တံဆိပ်တွေတစ်သီကြီးနှင့် ချောင်တစ်ချောင်မှာသာ ဝင်ထိုင်နေရသည်။ ဝန်ကြီးများလည်း အပြင်ဘက်မှာယောင်ပေပေ။ ကိုယ်တိုင်လုပ်ရာထူးတွေ ဘွဲ့တံဆိပ်တွေတစ်ပိပိနှင့်။

■


www.burmeseclassic.com

www.burmeseclassic.com



# လုပ်ချင်ရာလုပ်ခွင့်ရှိတဲ့ တိုင်းပြည်

"ပိုက်ဆံချေးပါလား ဟင်"

ဤပုံပြင်၏ နိဒါန်းမှာ ဤသို့စပါသည်။

တိုးတိုးလေးကပ်ပြောသော အနှိစကားကြောင့် တိုင်းတစ်ပါးသားက ပြောင်လက်သော အပွင့်အခက်များ၊ ပြောင်လက်သော အဝတ်အစား၊ ပြောင်လက်သော နဖူးရည်ဒူးရည်များဖြင့် ပြည့်စုံသော ဘုရင်ကြီးကို မျက်မှောင်ကျုံ့ကြည့်သည်။ ပြီးမှမသက်ာဟန်ဖြင့်

"အရူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကြီးမှာ ခေါင်းပေါ်တက်နေရာယူထားသော ရွှေသရဖူအောက်မှ ရှိစုမဲ့စုကေတချို့ကို ဖရိုဖရဲအဖြစ်ယုံ ယမ်းခါပြီး

••ဟုတ်ဘူး၊ ဘုရင်++

တိုင်းတစ်ပါးသား ပို၍မျက်မှောင်ကြုံသွား၏။ အခြားဘုရင်များကြား ထူးခြားနေပုံရ၏။

••ဘုရင်++

ထိုသို့ တစ်ချက်ရေရွတ်ပြီး ပခုံးပေါ်၊ အင်္ကျီပေါ်၊ ခေါင်းပေါင်းပေါ်မကျန်အောင် ပြောင်လက်စွာတပ်ထားသော အရာများကိုလက်ညှိုးထိုးပြီး

••ဒါတွေက++

ဘုရင်ကြီး မခို့တရို့ပြုံးပြီး

••အပွင့်တွေ++

တိုင်းတစ်ပါးသား အနောက်ဘက်ပင် ရို့သွား၏။ ပြီးမှ

••ဘယ်သူပေးထားတာလဲ++

ဘုရင်ကြီး ပေါင်ကြားလက်ဝှက်၊ ရှိစုမဲ့စုဂုတ်ကိုတိုရင်း ပြုံးဖြဲဖြဲနှင့်

••ကိုယ့်ဘာသာကိုယ် တပ်ထားတာ။ လူအထင်ကြီးမလားလို့ အဟဲ့ အဟဲ့++

ဟိုလူကြီး ထူးဆန်းနေ၏။ အသေအချာကြည့်ပြီးမှ

••ခုနကပြောတာ++

••ပိုက်ဆံချေးပါလားလို့++

သူတို့နှစ်ယောက်ထဲ ကပ်ပြောနေခြင်းဖြစ်၏။ ကျန်သည့်မင်း အပေါင်းကတော့ အလှည့်ကျမင်းများ၏ ပြောသမျှစကားများကို တလေးတစားနားထောင်နေကြခြင်းဖြစ်၏။ ဟိုလူကြီးက ဘုရင်ကြီးကို အသေအချာကြည့်ပြီး

••ခင်ဗျားက ဘယ်တိုင်းပြည်က ဘုရင်လဲ++

ထိုစကားကြားရတော့ ဘုရင်ကြီးက မာနထိပါးဟန်ဖြင့် ရင်ကော့ပြီး

••ခင်ဗျားကလည်း ကျုပ်တို့ကိုတောင် မသိဘူးလား။ အစ်ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



လုံးမှာ အမြဲတမ်း Top Ten စာရင်းဝင်နေတဲ့ တိုင်းပြည်ကို++

ဟိုလူကြီး မျက်မှောင်ကျုံ့သထက်ကျုံ့သွား၏။

--အမြဲတမ်း Top Ten စာရင်းဝင် ဘာတွေ Top Ten စာရင်းဝင်တာလဲ++

--ဒီလောက်တောင် ဗဟုသုတနည်းရလား။ ကျုပ်တို့တိုင်းပြည်က ကင်ဆာရောဂါပြန့်ပွားမှုအမြန်ဆုံး Top Ten၊ ဆင်းရဲမွဲတေမှု Top Ten၊ တိုးတက်မှုအနှေးအကွေးဆုံး Top Ten၊ သယံဇာတပြုန်းတီးမှု Top Ten၊ အဂတိ လိုက်စားမှု Top Ten၊ ဝန်ကြီးအများဆုံး Top Ten၊ တရားရေးမဏ္ဍိုင်ယိုယွင်းမှု Top Ten ပြောရရင် အများကြီး Top Ten , Top Ten , Top Ten တွေချည်းပဲ။ ဟဲဟဲအဲဒါ ပိုက်ဆံချေး ပါလားဟင်++

ဟိုလူကြီး ပက်လက်ပင် လန်ကျမတတ်ဖြစ်သွားသည်။ ပြီးနောက် လက်ညှိုးတစ်ထောင်ထောင်လုပ်ပြီး

--ဩော် သိပြီသိပြီ နာမည်ကြီးတိုင်းပြည်ပဲ++

--သိပြီဟုတ်++

ဘုရင်ကြီး ဝမ်းသာနေသည်။

ဟိုလူကြီးက လက်ညှိုးတလှုပ်လှုပ်ဖြစ်နေ၏။ ဘာပြောရမလဲ စဉ်းစားနေပုံရ၏။ အတန်ကြာမှ

--နေပါဦး ခင်ဗျားတို့ ဒီလို Top Ten စာရင်း အမြဲဝင်နေအောင် ဘယ်လိုစံနစ်မျိုးနဲ့ အုပ်ချုပ်လဲ++

ဘုရင်ကြီး စိန်လက်စွပ်ဝတ်ထားသောလက်ဖြင့် ပါးစပ်ပိတ်ခိုး ရယ်သည်။ ပြီးမှ လက်နှစ်ချောင်းထောင်ပြီး ပြုံးရယ်ကာ

--စံနစ်က နှစ်မျိုးပဲ++

--ဘယ်လိုနှစ်မျိုးလဲ++

--အခုတစ်မျိုး၊ တော်ကြာတစ်မျိုး++

--အိ++

ဟိုလူကြီး တထောင်ထောင်လုပ်နေသော လက်ညှိုးငိုင်းသွားသည်။ နှုတ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



--အခုတစ်မျိုး တော်ကြာတစ်မျိုး၊ အခုတစ်မျိုး တော်ကြာတစ်မျိုး++

သူလည်း ဘုရင်ကြီးပြောတဲ့ စနစ်နှစ်မျိုးကိုသိပုံမပေါ်။ အတန်ကြာ ခေါင်းကုတ်ပြီး

--အေးဗျာ။ ခင်ဗျားတို့လည်း သူများတိုင်းပြည်တွေလို လွတ်လပ်စွာ ပြောဆိုခွင့်ပြုတယ်ဆို++

--ဟုတ်တယ်လေ။ လွတ်လပ်မှု၊ လွတ်လပ်မှု++

--အဲဒီလို လွတ်လပ်စွာပြောတော့ ခင်ဗျားတို့ဘာလုပ်လဲ++

--ဖမ်းချုပ်တယ်လေ++

--ဟမ်++

ဟိုလူကြီးကြောင်သွားသည်။ ပြီးနောက် ထောင်ထားသော လက်ညှိုးကို ခက်သွက်သွက်ဝိုင်းပြီး

--လွတ်လပ်စွာပြောခွင့်ပြုတယ်။ ပြောရင်ဖမ်းချုပ်တယ်။ အဲဒါက++

--အဲဒါကြောင့်ပြောတာပေါ့။ အခုတစ်မျိုး တော်ကြာတစ်မျိုးဆို။ လွတ်လပ်စွာ ပြောချင်သူကပြော၊ လွတ်လပ်စွာဖမ်းတဲ့သူကဖမ်း မကောင်းဘူးလား++

--ဘယ်လိုလဲဟ++

--ကိုယ့်လွတ်လပ်ခွင့်နဲ့ကိုယ်လေ။ လွတ်လပ်စွာပြောဆိုသူကပြော၊ လွတ်လပ်စွာ ဖမ်းချင်သူက ဖမ်း၊ ထောင်ကျစေချင်သူကို ထောင်ချခွင့်ရှိသူက ထောင်ချ ကဲ ဘယ်လောက်လွတ်လပ်လဲ ပိုက်ဆံချေးပါလားဟင်++

ဤပုံပြင်၏နိဒါန်းဤသို့စပါသည်။

ဟိုလူကြီးမျက်မှောင်ကြုတ် ကြည့်သည်။

--နေပါဦး၊ ခင်ဗျားတို့တိုင်းပြည် တရားဥပဒေစိုးမိုးရေးက++

--ဒီလိုပဲလေ++

--ဒီလိုပဲဆိုတာ++

--ဟိုလိုမဟုတ်ဘူး++



www.burmeseclassic.com

www.burmeseclassic.com



ဟိုလူကြီးခေါင်းကုပ်သွား၏။ နောက်မှ. . .

==မဟုတ်ဘူးလေ။ ပြစ်ဒဏ်တွေချတော့++

==တရားသူကြီးတွေ ချတာပေါ့++

==ပြစ်ဒဏ်တွေ ဝေမျှတာကရော++

==ဖုန်းလာတယ်လေ++

==ဘယ်သူဆက်တာလဲ++

==ဘယ်သိမလဲ နို့ဆီခွက်ဖုန်းဆိုတော့ နံပါတ်မမြင်ရဘူး++

==ဟင်++

ဟိုလူကြီး အံ့အားသင့်ပြီးရင်း သင့်နေရသည်။

==ဒါဆိုတိုင်းပြည်တစ်ခုလုံးကို ဘယ်သူအုပ်ချုပ်လဲ++

==တိပုစ်++

==ဘာလဲတိပုစ်ဆိုတာ++

==မသိဘူးလို့ မူပြောလေးပြောတာ ဟီးဟီး++

==ဟင်၊ ခင်ဗျားကဘုရင်ဆို၊ ခင်ဗျားအုပ်ချုပ်တာ မဟုတ်ဘူးလား++

==တိပုစ်၊ အဲ. . . အဲဒီလိုလည်းမဟုတ်ဘူး။ တစ်ခါတစ်ခါ ဖုန်းလာတယ်++

==ဘယ်သူ့ဆီကလည်း++

==သိဘူး၊ နို့ဆီခွက်ဖုန်းဆိုတော့ နံပါတ်မမြင်ရဘူး++

==ဟင်++

ဟိုလူကြီး ဘာပြောရမှန်းပင် မသိတော့။

==ဒါနဲ့ခင်ဗျားအောက်က ဝန်ကြီးတွေကို ဘယ်သူအုပ်ချုပ်လဲ++

==တိပုစ်၊ သူတို့ဆီလည်း ဖုန်းလာတယ်++

==ဘယ်သူဆက်တာလဲ++

==တိပုစ်++

==ဘာ++

ဟိုလူကြီးမျက်စိတွေ လည်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



--ဒါဆိုဝန်ကြီးတွေက ဘာတွေလုပ်လဲ++

--ဘယ်သူပြောပြော ကိုယ့်သဘော++

--ဘာ++

--သူတို့လုပ်ချင်ရာလုပ်တယ်။ လုပ်စရာမရှိ ကျုပ်နောက်လိုက်တယ်++

--ဟင်++

ဟိုလူကြီးခက်ခဲသော ပဟေဋ္ဌိတစ်ပုဒ်ကို ကြားနေရသလို အပြင်းအထန် စဉ်းစားနေရပုံ။ ဖြေနေရသော ဘုရင်ကြီးကဒူးနှန့်နေနိုင်သော်လည်း မေးနေသောလူကြီး ခေါင်းကချွေးများပင် မေးသို့စီးနေ၏။

--ဒါနဲ့ နေပါဦး။ ပိုက်ဆံက ဘာလို့ချေးတာလဲ++

--တိပုစ်။ အကျင့်ပါနေလို့++

--အယ်++

ဟိုလူကြီး အသေအချာပြန်ကြည့်သည်။

--ဒါဖြင့် ဘယ်သူပြန်ဆပ်မှာလဲ++

ထိုစကားကြားတော့ ဘုရင်ကြီး စိတ်ပင်ဆိုးသွား၏။

--ဒါတော့ ဘယ်သိပ့်မလဲဗျ++

--ဟင်၊ ဘာလို့++

--ပြန်ဆပ်ရမယ့်အချိန်ကျ ကျုပ်တို့မှမရှိတော့တာ။ နောက်လူတွေဆပ်ပေါ့++

--ဟင်၊ အဲဒီလိုလား++

--ခင်ဗျား အတော်ဒုံးဝေးတာပဲ++

ပိုက်ဆံချေးရမည့်သူပါ ပြန်အကောခံနေရသည်။

--ကဲ. . ထားပါဗျာ။ ကျုပ်တို့ကသနားလို့ ပိုက်ဆံချေးလိုက်ပါပြီတဲ့ ဘယ်နေရာမှာ အသုံးပြုမှာလဲ++

--ဝန်ကြီးတွေကို ခွဲပေးမယ်လေ++

--ခွဲပေးရင်++

--ဝန်ကြီးတွေက သူတို့သားတွေကို ကန်ထရိုက်ပြန်ပေးတယ်++



www.burmeseclassic.com

www.burmeseclassic.com



--ပြန်ပေးရင် သူတို့က ဘာဆက်လုပ်လဲ++

--ပျောက်ပြီ++

--ဟင်++

--ညာလက်နဲ့ လိုအပ်တာလက်ညှိုးထိုးပြပြီး ဘယ်လက်နဲ့အိတ်ထဲ ကောက်ထည့်။ ပျောက်ပြီ++

--အဲဒီလိုလား++

ဘုရင်ကြီးနှုတ်မှမဖြေဘဲ ခေါင်းသာခပ်သွက်သွက်ညိတ်ပြ၏။ ဟိုလူကြီး မျက်လုံးပြူးပြီး ဘုရင်ကြီးကိုလက်ညှိုးထိုးကာ

--ခင်. . ခင်ဗျားက ဝန်ကြီးတွေဝန်ကြီးသားတွေ အဲဒီလိုလုပ်နေ တာ သိသိကြီးနဲ့ ဘာမှမပြောဘူးလား++

ဘုရင်ကြီးက ဘယ်သူ့မှမကြား စေချင်ဟန်နှင့် ထိုလူကြီးနားကပ် ကာ

--မဖြစ်ဖူးဗျ သွားပြောလိုက်လို့ ဖုန်းလာရင်ဘယ်လိုလုပ်မလဲ++

■



www.burmeseclassic.com

www.burmeseclassic.com



# ခုံတိုးသူပုံပြင်

ဘတ်စ်ကားအိုကြီးပေါ်တွင်ဖြစ်သည်။

ထိုင်ခုံတစ်လုံးပေါ်တွင် ခေါင်းပေါင်းနှင့် လူကြီးတစ်ယောက်ထိုင်နေသည်။ သူ့နားတွင် ထိုင်ခုံလုမည့်လူနှစ်ဦးရှိသည်။ ထိုအနောက်တွင်လည်း ခေါင်းပေါင်းနှင့်လူ မနည်းလှ။ သူတို့အားလုံး ထိုထိုင်ခုံကိုလုရန် ဟန်ပြင်နေကြသည်။

ထိုင်ခုံတွင်ထိုင်နေသောသူက အရှေ့ကိုကြည့်ပြီး

==ရှေ့မှတ်တိုင်ဆင်းရင် ကောင်းမလား++

အားလုံး လှုပ်လှုပ်ရွရွဖြစ်ကုန်၏။ သူ့ခုံနား နေရာယူထားသူ နှစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးကိုတစ်ဦး ခြေကလိမ်ကွပ်၍ ခုံနေရာဝင်ဦးအောင်ပြင်ကြသည်။ အနောက်မှလူများကလည်း လူကြပ်လို့တိုးသယောင်ယောင် ဘာယောင်ယောင်နှင့် အရှေ့သို့တိုးဝင်လာကြသည်။ သူတို့၏အရှေ့က လူကြီးတစ်ဦး နှစ်ဦးနှင့် ထိုင်ခုံကွယ်နေသော်လည်း နေရာရပါက ပြေးပြီးထိုင်ခုံဦးမည့်ဟန်။

ဒါကိုရိပ်မိသော လူကြီးနှစ်ဦးက

❝အနောက်ကကောင်တွေ သိပ်မတိုးနဲ့ကွာ❞

❝ငါတို့ဦးထားတာ၊ ငြိမ်ငြိမ်နေကြစမ်း❞

သူတို့စကားကို အနောက်ကလူများကလည်း စပ်ဖြဲဖြဲနှင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး လက်ညှိုးပြောင်ထိုးကာ

❝ကျွန်တော်တိုးတာမဟုတ်ဘူး။ သူတိုးနေတာ❞

❝အောင်မာ. . မင်းပဲရှေ့ ရောက်အောင်တိုးနေပြီး❞

❝ငါတိုးတာမဟုတ်ဘူးကွ။ ဟို အနောက်ကကောင် ခါးတို့လို့ ယောင်ပြီး ရှေ့ကော့တက်လာတာ❞

ဆိုကာ ထုံးစံအတိုင်း တစ်ယောက်ကိုတစ်ယောက် လွှဲချရင်း မသိမသာ ရှေ့တိုးလာသည်။

ထိုင်ခုံမှာထိုင်နေသူက ကြားလား၊ မကြားလားမသိ။ ခပ်ဖြည်းဖြည်းပဲ သွားနေသောကားအရှေ့ကို ကြည့်ပြီး

❝ရှေ့မှတ်တိုင်ဆင်းရင် ကောင်းမလား❞

ထိုလူကြီးစကားကြောင့် သူနှင့်ထိုင်ခုံပိတ်ရပ်နေသော လူနှစ်ဦးပို၍ လှုပ်ရှားသွားသည်။ တစ်ယောက်က သူ၏ကြီးမားသောတင်ပဆုံနှင့် တစ်ဖက်လူကို မသိမသာတွန်းထားသည်။

ဟိုတစ်ယောက်ကလည်းမခေ။ သူ့ကို ဖင်တုံးနှင့်ကွယ်ထားသောသူကို မျက်စောင်းခဲကြည့်ပြီး ခြေထောက်နှင့် ပြန်ချိတ်ထားလိုက်သည်။

အနောက်ကလူများကလည်း သူ့လူအတွက်တိုးသလို၊ ကိုယ့်လူအတွက်တိုးသလိုနှင့် ရှေ့တက်လာကြသည်။ အားလုံးက တစ်ယောက်ကိုတစ်ယောက် အလစ်မပေးရဲ။ တစ်ချက်လစ်တာနှင့် နောက်တွင်ကျန်ခဲ့ပြီး ကားပေါ်ကပါ လွင့်စင်ကျသွားနိုင်သည်မို့ သတိကြီးစွာဖြင့် တစ်ယောက်ခြေထောက်ကို တစ်ယောက်ချိတ်ထားကြသည်။ သူတို့ကိုကြည့်ရတာ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ယောက် တစ်ခုခုဖြစ်သည်နှင့် တက်နင်းပြီး ကျော်ချသွားနိုင်သည့် အနေအထား။

ကားကတုန့်ခနဲရပ်ပြီး အမျိုးသမီးတစ်ယောက် တက်လာသည်။ အမှန်ဆိုလျှင် မိန်းကလေးဦးစားပေးရမည့်အနေအထား။ သို့သော် ထိုအမျိုးသမီးကိုမြင်သည်နှင့် ခုနကတစ်ယောက်ကိုတစ်ယောက် ခြေကလိမ်ကွပ်နေသူများ စည်းရုံးစွာနှင့် ခုံနားကိုအမျိုးသမီးမရောက်အောင် အတင်းကာထားလိုက်ကြသည်။ အမျိုးသမီးအနေနှင့် ခုံနားရောက်ဖို့ မဆိုထားနှင့် ထိုင်ခုံကိုပင် မမြင်ရတော့။

--ရှေ့မှတ်တိုင်ဆင်းရင်ကောင်းမလား++

ထိုစကားကြားသည်နှင့် အားလုံး လှုပ်လှုပ်ရှားရှားပြန်ဖြစ်ကုန်၏။ အစုလိုက် အပြုံလိုက်ကြီး တိုးတက်လိုက်ရာ အရှေ့မှဖင်လိမ်ရပ်နေသူကိုပါ အတင်းတိုးမိပြီး

--ဩော်. . ကဲ၊ မင်းတို့လုပ်တာနဲ့ ခုံပေါ်ကလူ ထိုးမိတော့မယ်++

ဟုတ်လည်းဟုတ်သည်။ ထိုသူ၏ခါးမှာ ထိုင်နေသူ၏မျက်နှာနှင့် တည့်တည့်ဖြစ်နေ၍ ထိုးလုထိုးခင်။ အနောက်ကပဲတိုးလို့ ထိုးမိမှာလား၊ သူကိုယ်တိုင်ကပဲ ချိန်ပြီးထိုးချင်နေတာလားတော့မသိ။ ခုံပေါ်ထိုင်နေသူ မျက်နှာနားသူ့ခါးဝဲနေ၏။

ထိုင်ခုံတွင်ထိုင်နေသူမှာ ဘာမှမသိသလိုပင်။

--ရှေ့မှတ်တိုင်ဆင်းရင်ကောင်းမလား++

မှတ်တိုင်က တဖြည်းဖြည်းနီးနေပြီ။ ထိုင်ခုံတွင်ထိုင်နေသူမှာ ဆင်းမည်၊ မဆင်းမည်မသေချာသေး။ နေရာရအောင်တိုးသူတွေက တိုးနေပေပြီ။ ထိုင်ခုံလုထိုင်မည့်သူကလည်း အဆင်သင့်။ ထိုင်ခုံနား တခြားသူများ မရောက်ရလေအောင် နောက်ပြန်ကြီး ကာတိုးနေသူများကလည်းတိုးတုန်း။

သူတို့သာလှုပ်လှုပ်ရွရွဖြစ်နေကြတာ။ ထိုင်ခုံပေါ်ထိုင်နေသူက တော့

--ရှေ့မှတ်တိုင်ဆင်းရင်ကောင်းမလား++

ဘာဆိုဘာမှမသေချာသေး။

■



www.burmeseclassic.com

www.burmeseclassic.com



# ကားပုံပြင်

ဘတ်(စ်)ကားအိုကြီးတစ်စင်းပေါ်တွင်ဖြစ်သည်။ နုံးချိနေသော သက်ကြားအိုတစ်စု ထိုင်ခုံတစ်ခုစီတွင်ထိုင်ပြီး ခေါင်းချင်းဆိုင်နေကြသည်။ အနောက်မှာတော့ ခရီးသည်များ ပိုလိုးပက်လက်လဲလိုလဲ၊ တွယ်လိုတွယ်၊ တစ်ယောက်ကိုတစ်ယောက်အမှီသဟဲပြုလိုပြုနှင့် ဖရိုဖရဲကြီးလိုက်ပါလာကြရသည်။ ကားအရှေ့ခန်းတွင် ထိုင်ခုံရသောလူတစ်စုကသာ. .

--အေးကွာ ငါတို့ကားကြီးကအိုနေပြီ၊ စုတ်နေပြီ၊ ဘယ်မှမသွားဘူးဆိုပြီး လူတွေဝိုင်းပြောနေကြပြီ။ ငါတို့လည်း သွားနေတာပဲကွာ။ သွားနေတာကို လူတွေမမြင်ဘူး။ ရပ်နေတာကိုပဲ လိုက်ပြောနေကြတယ်+

စို : မို : ၈ ၁ ၆ ပ

www.burmeseclassic.com

www.burmeseclassic.com



ကားတစ်စီးဝှီးခနဲ ကျော်တက်သွားသည်။ သူတို့မမြင်လိုက်။ ဘယ်မြင်မှာတုန်း၊ သူတို့ကို တခြားကားတွေကဂရုမစိုက်သလို သူတို့ကလည်း တခြားကားတွေကို ဂရုစိုက်တာမှမဟုတ်တာ။ ပြေးလမ်းအတူမှ ကားများဘယ်လောက်ကျော်တက်၊ ကျော်တက်။ သူတို့ကတော့ လူမြင်သာသောလမ်းလယ်မှာ ခပ်တည်တည်သာရပ်နေ၏။ သူတို့ ဘယ်ကိုမှမသွား၍ ခရီးသည်က ဘယ်မှမရောက်။

--အေးဗျာ ကျုပ်တို့လည်းပြုပြင်နေတာပဲ။ ဒါပေမဲ့ လူတွေကသိပ်ခက်တယ်။ ကျုပ်တို့လုပ်သမျှ အကောင်းမမြင်ဘူး++

--ဟုတ်ပ ကျုပ်တို့လည်း ကြိုးစားပြင်ဆင်မောင်းနှင်နေတာပဲ။ ဒါပေမဲ့ ဒီကား ဒီအင်ဂျင်နဲ့ ဒီဒရိုင်ဘာက အင်း++

အားလုံးတွေ သွားကြ၏။ နောက်မှ တစ်ယောက်ကထပြီး

--အိုး ဒရိုင်ဘာက အရေးမကြီးဘူး။ ဘယ်သူမောင်းမောင်းရပါတယ်။ အခုဟာ အင်ဂျင်မကောင်းဘူးဖြစ်နေတာ။ နောက်ပြီးတော့ကားကဘော်ဒီတွေမလှတော့ လူကဲ့ရဲ့စရာဖြစ်နေတာပေါ့++

အားလုံးခေါင်းညိတ်ကြသည်။

--ဟုတ်တယ်ဗျ။ ကားဘော်ဒီတွေဘာတွေထုပြီး သဘော်ဆေးလေးဘာလေးသုတ်လိုက်ရင် တခြားလူတွေက ကျုပ်တို့ကိုကားသစ်လို့ထင်မှာ။ ဒီတော့ကျရင် တခြားကားတွေကလည်း ကျုပ်တို့ကိုလူသစ်စိတ်သစ်၊ ကားသစ်ထင်ပြီး အကူအညီပေးချင်ကြမှာ++

--ဟုတ်တယ် ဒီအကြံကောင်းတယ်။ ကျုပ်တို့အဖွဲ့က တခြားကားတွေဆီက အကူအညီတောင်းပြီး ကားပြင်ဖို့ပိုက်ဆံချေးတာဝန်ယူပေးမယ်++

--ကျုပ်က ပြောင်လက်သွားတယ်ထင်အောင် ဆေးသုတ်ပေးမယ်++

--ကျုပ်အင်ဂျင်ကိုင်မယ်++

အားလုံး လှုပ်လှုပ်ရှားရှားတော့ ဖြစ်သွားကြသည်။ ဒါကို အရင်ကားမောင်းနေသော လူကြီးက

--နေဦး++



www.burmeseclassic.com

www.burmeseclassic.com


အားလုံး ရပ်ကုန်၏။ သူတို့ရှေ့ဆက်ဖို့အရေး ဒီလူကြီးက အခရာကြီးလေ။

==မင်းတို့ကားကို ဘယ်လောက်ပြင်ပြင်၊ ငါ့ကို ဆီတစ်စက်တောင် မစင်စေနဲ့++

သူမောင်းခဲ့လို့ကားကြီးက ရွှံ့စောင်းခဲ့ပြီ။ သို့သော် ဒါမျိုးတော့တတ်သည်။ ကားဘော်ဒီကိုလည်း သူဖြုတ်ရောင်းလို့ ကုန်လုလုဖြစ်နေပြီ။ သို့သော် သူ့ကိုပြန်ထိဖို့ကျတော့ လုံးဝလက်ခံ၊ အားလုံးကလည်း

==ရပါတယ်။ သဘော်ဆေးတစ်စက်တောင် မစင်စေရပါဘူး++

==အမှိုက်ကလေးတောင် မထိစေရပါဘူး++

==စိတ်ချပါ၊ ကျွန်တော်တို့ကာကွယ်ပါ့မယ်++

စသည့်ဖြင့်ကတိတွေပေးပြီး တချို့ကကားပြင်ထွက်ပြီး လမ်းပေါ်ရပ်ကာ တခြားကား များကို အကူအညီတောင်းသည်။

==ရပ်နေပြန်ပလားဟေ့++

==ဟုတ်ကဲ့ အဲဒါကားပြင်ချင်လို့ အလှူငွေလေး++

တစ်ဖက်ကားမှလူများက လှမ်းကြည့်သည်။

==မင်းတို့ကား ဒီလူဒီလိုပဲမောင်းနေရင် ဘယ်လိုသွားလို့ရမလဲ သူက ကားအကြောင်းမှ နားမလည်တာ++

သူတို့ကားစုတ်အတွက် ခပ်ပြောင်ပြောင်ပင် ပြောင်ငြင်းကြရသည်။

==မဟုတ်ဘူး။ လူပြောင်းသွားပါပြီ။ ကြည့်ပါဦး++

သူတို့ပင်လူခွဲကြ နေရာပြောင်းထိုင်ကြပြီး အင်္ကျီပြောင်းပြန်ဝတ်ကာ ပြောင်းဟန်ဆောင်ကြ၏။

==အင်း ဒီတစ်ခါကူညီလိုက်မယ်။ နောက်တစ်ခါ မရဘူးနော်++

==ဟုတ်ကဲ့ ဟုတ်ကဲ့ ကျေးဇူးမမေ့ပါဘူး++

အခြားကားများကအကူအညီနှင့် ကားပြင်မယ်ဆိုပြီး သူတို့ထိုင်မည့်ခုံ သူတို့သဘော်ဆေးဖြင့်သုတ်ကြသည်။ ကားကိုပြုပြင်သလိုနှင့် သူတို့နေရာ သူတို့ပြင်ဆင်သည်။ တချို့ကထိုင် ခုံမှာဆိုဖာတပ်သည်။ တချို့က



www.burmeseclassic.com

www.burmeseclassic.com



အိပ်စက်လို့ ကောင်းအောင် စောင်တွေခေါင်းအုံးတွေ ခိုးဝယ်ကြသည်။ အင်ဂျင်ပြင်သူကလည်း အင်ဂျင်ဖြုတ်လဲဟန်ပြုပြီး ဒီအတိုင်းပုံပြောင်းအောင် ဖောက်တီဖောက်ထိုးပြန်တပ်သည်။ သူတို့ဘာသာသူတို့ အလုပ်ရှုပ်ဝမှ။

++ကဲ ခရီးသည်များ ကားကိုပြုပြင်လို့ပြီးပါပြီ။ ဒရိုင်ဘာလည်း နေရာလဲထားပြီးပါပြီ။ ဒါ အရင်လူမဟုတ်တော့ဘူး အင်မတန်တက်ကြွဖျတ်လတ်တဲ့ သူ့တပည့်မောင်းမှာပါ ကျွန်တော်တို့ကား အများနည်းတူ မြန်မြန်သွားလို့ရပါပြီ++

ခရီးသည်များက

++ဟုတ်ရဲ့လားဗျာ။ အရင်လူတုန်းကတောင် ဒီလောက်မောင်းလာပြီး ဘယ်မှမရောက်ခဲ့တာ သူ့တပည့်က ကားရွှေ့အောင်မောင်းတတ်ပါ့မလား++

ကားဆရာများက ခပ်မာမာပင်

++ကြည့်လိုက်လေ++

ယောင်ပေပေငေါင်ချေချေနှင့် ကားစက်ကိုနှိုးချလိုက်တော့ ဖြစ်ကတတ်ဆန်း ဖောက်တီဖောက်ထိုး အဖြစ်သာလျှောက်တပ်ထားသော အင်ဂျင်၏ဂီယာကအုံက ဘက်(ခ)ဂီယာမိနေသဖြင့် ကားမှာတစ်လိမ့်လိမ့်နှင့် နောက်ပြန်ဆုတ်ပြီး ချောက်ထဲထိုးကျလုလုတွင်။

■



www.burmeseclassic.com

www.burmeseclassic.com



# ယုန်နှင့်မြေခွေး

တစ်ခါက တောအုပ်တစ်ခုတွင် ယုန်နှင့်မြေခွေးတို့ အိမ်နီးချင်းဖြစ်ကြသည်။ သူတို့သည် ခြံတစ်ခြံဝင်းတစ်ဝင်းထဲ နေကျသော်လည်း ဘယ်တော့မှ တည့်သည်မရှိ၊ တစ်ယောက်ကို တစ်ယောက်ရန်စောင်ရင်း၊ ရန်စရင်းဖြင့်သာ တစ်ထိတ်ထိတ်နေထိုင်ခဲ့ကြသည်။

သူတို့သာရန်ဖြစ်ကြသည်မဟုတ်။ သူတို့၏ရင်သွေးများကိုလည်း ကြံ့ကြံ့သလို ရန်စတတ်ရန် မြှောက်ပေးထားကြသည်။

ယုန်ပေါက်ကလေးများက မြေခွေးခြံထဲ မုန်လာဥနီ စားကြွင်းစားကျန်များ ပစ်သွင်းကြသည်။ ဂေါ်ဖီနှင့်သွားပေါက်သည်။ မြေခွေးပေါက်



www.burmeseclassic.com

www.burmeseclassic.com



များကလည်း ယုန်အိမ်ရှေ့လာပြီး မစင်စွန့်ကြသည်။ မြေကြီးကိုအပျော်တူးဆွကြသည်။

ထို့ကြောင့် သူတို့သည် ခြံဝင်းတစ်ဝင်းထဲနေပြီး ဘယ်တော့မှငြိမ်းချမ်းသည်မရှိ။ အမြဲတမ်းဆူညံပူညံ အသံတွေသာကြားနေရသည်။

သူတို့အမြဲရန်ဖြစ်နေသည်ကိုမမြင်လို၍ တောထဲမှအင်အားကြီးဦးရွှေကျားက ကြားဝင်ညှိပေးသည်။ ကျားကြီးရောက်လာချိန်မှာကြောက်ရ၍ ခဏငြိမ်သွားတတ်ကြသော်လည်း ကျားကြီးပြန်သွားသည်နှင့် မုန်လာဥနီနှင့်ထုမြဲ၊ မြေလှန်မြဲ မစင်စွန့်ကြမြဲပင်။

တစ်ခါတော့ နှစ်ဦးနှစ်ဖက်ညှိနှိုင်း၍ ငြိမ်းချမ်းရေးယူရန် ဆုံးဖြတ်လိုက်ကြသည်။

နှစ်ဖက်လုံး သူတို့၏နယ်နမိတ်တွင် တွေ့ဆုံလိုက်ကြသည်။

--ဒီနေ့ကစပြီး မင်းနဲ့ငါငြိမ်းချမ်းရေးယူလိုက်ပြီ။ ရန်မဖြစ်ကြေး++

ယုန်စကားကို မြေခွေးက

--မင်းတို့ငါတို့ဖက်ကို မုန်လာဥနီနဲ့ ထုဦးမှာလား++

--မထုတော့ဘူး ဒါဆိုမင်းတို့ရော ငါ့ခြံထဲမှာ မစင်ဝင်စွန့်ဦးမလား ကျင်းရောတူးဦးမလား++

--မလုပ်တော့ပါဘူး++

--ဒါဆိုလက်မှတ်ထိုး++

နှစ်ဦးနှစ်ဖက်လက်မှတ်ထိုးကြသည်။ ပြီးသည်နှင့်မြေခွေးက . .

--ပြီးပြီနော်။ မင်းတို့နဲ့ငါရန်မဖြစ်ကြေး++

--ျငါ့အ++

နှစ်ဖက်လက်မှတ်ထိုးပြီး လှည့်ထွက်သည်နှင့်

--ဘုတ်++

မြေခွေး၏ဦးခေါင်းကို မုန်လာဥနီလာမှန်၏။ သူ့သားနှစ်ကောင်လည်း မုန်လာဥနီမှန်ပြီး မျက်လုံးယောင်ကိုင်းကာ ထိပ်ဖူးသွားကြ၏။

လှည့်ကြည့်လိုက်တော့ ပြုံးဖြီးဖြီးနှင့်ယုန်။ မြေခွေးဒေါသထွက်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



••ဟင်၊ ဒါ မင်းဘာလုပ်တာလဲ။ အခုပဲ ငြိမ်းချမ်းရေးစာချုပ်မှာ လက်မှတ်ထိုးပြီးတာလေ++

ယုန်ကဖြခနဲရယ်ပြီး. .

••ဟီး၊ မင်းစိတ်ဆိုးမလားလို့စမ်းကြည့်တာ၊ စိတ်ဆိုးရဘူး။ တို့က ငြိမ်းချမ်းရေးယူထားကြတာ++

••တောက်++

အောင့်သက်သက်နှင့် မြွေခွေးခံလိုက်ရသည်။ သို့သော်ယခုမှ ငြိမ်းချမ်းရေး ယူထားသည်မို့ မပြောသာ။

နောက်တစ်နေ့မနက် မြွေခွေးတွေမနိုးသေး။ ခြံထဲကချွတ်ချွတ် အသံကြားလို့ ထကြည့်တော့. .

••ဟင်++

ဟိုဖက်ပိုင်းကယုန်မိသားစု သူတို့စိုက်ထားသော အာလူးစိုက်ခင်းကို လာထူးယူနေကြခြင်းပင်။

မြွေခွေးလည်းဒေါသထွက်သွားပြီး

••ဟေ့ကောင်တွေ မင်းတို့ငါတို့ ခြံထဲဝင်ပြီး ဘာလုပ်နေတာလဲ++

သူ့အမေးကို ယုန်ကခပ်တည်တည်ပင်။

••ဒီမှာလေ မတွေ့ဘူးလား။ အာလူးလာတူးနေတာ++

••ဟ တူးလို့ရမလား။ ဒါ ငါတို့ စိုက်ထားတာ++

မြွေခွေးစကားကို ယုန်ကပြုံးပြီး

••မင်းကလည်း စကားကိုအဲဒီလိုလက်လွတ်စပယ် မပြောနဲ့လေ။ မင်းနဲ့ငါ ငြိမ်းချမ်းရေးယူထားပြီးပြီပဲ။ မပစ္စည်းလည်းငါ့ပစ္စည်းပေါ့။ ခွဲခြား ခွဲခြားမလုပ်ပါနဲ့++

မြွေခွေးရှုံ့ရှုံ့ရှားရှားဖြစ်သွားသည်။ ပြီးနောက်

••ဒါဆိုလည်းရတယ်လေ။ ငါတို့ လည်း မင်းတို့ဆီက မုန်လာဥနီ လာ တူးမယ်++

ယုန်ကသူ့ဝိုင်းဖက် သူလှည့်ကြည့်ပြီး. .

••ရတယ်လေ။ ငါတို့ပစ္စည်း မင်းတို့ပစ္စည်းပဲ။ တူးပေါ့++



www.burmeseclassic.com

www.burmeseclassic.com



မြေခွေးဝမ်းသာသွားပြီး

--ဟေး ဒါဆိုငါတို့လာပြီ။ ဟော့ကောင်တွေ၊ ဟိုဖက်ခြံမှာ မုန့်လာ ဥနီ သွားတူးမယ်။ အသင့်ပြင်++

ဆိုပြီး သူ့သားများကိုခေါ်ကာ ယုန်တို့ဖက်သွားမည်ပြင်၏။

--နေဦး++

အားလုံးကို စည်းရိုးဝမှာတင် ယုန်များကတားသည်။

--ဘာတုန်း++

--မင်းတို့အဲဒီလက်နက်တွေနဲ့ တို့ဆီဝင်ခွင့်မပြုဘူး++

--ဘာ++

ယုန်စကားကြောင့် မြေခွေးအကြီးအကျယ် တင်းသွားသည်။ နောက်၊ သူ့ခြံထဲ အာလူးဝင်တူးနေသော ယုန်များကို လက်ညှိုးညွှန်ပြီး

--ဟင်၊ မင်းတို့ကျတော့ လက်နက်တွေကိုင်ပြီး ငါတို့ခြံဝင်းလာတူး တယ်။ ငါတို့ကျတော့ မင်းတို့ဆီဝင်တူးလို့မရဘူး++

ယုန်ခေါင်းခါသည်။

--မတူဘူး++

--ဘာ++

--ဒါက၊ ကိုယ့်စည်းကမ်းနဲ့ကိုယ်။ မင်းတို့ကိုလက်နက်နဲ့မြင်ရင် ငါ့လူတွေ ရုတ်ရုတ်သည်းသည်းဖြစ်မယ်။ တည်ငြိမ်မှုကို ထိခိုက်မယ်။ အားလုံး လက်နက်တွေ ဒီမှာထားခဲ့။ ဟော့ ဟိုကောင့်ဆီမှာဘာလဲကွ++

--မောရင်စားဖို့ ဂေါ်ဖီထုတ်ပါ++

--အေး။ အဲဒါပါထားခဲ့++

--တောက်++

မြေခွေးတွေတင်းကုန်ကြသည်။ သူတို့ကျ ထင်သလိုဝင်မွှေနေပြီး သူတို့ဆီဝင်တော့ ကိုယ့်မှာရှိသမျှ အကုန်သိမ်းလိုက်သည့်အပြင် ပါလာသည့် ပစ္စည်းဥစ္စာပါ သိမ်းခံခဲ့ရသည်ကိုး။

--တောက်++



www.burmeseclassic.com

www.burmeseclassic.com



မြေခွေးဘာမှ မတတ်နိုင်တော့ သူ့နောက်လိုက်မြေခွေးတွေခေါ်ပြီး ပြန်လှည့်အထွက်

==ဘုတ်++

ခေါင်းကိုလာမှန်သော မုန်လာဥနီတစ်လုံး။ ကြည့်လိုက်တော့ ပြုံးဖြီးဖြီးယုန်။

==ဟင်၊ မင်းဘာလုပ်တာလဲကွ ဟေ++

ယုန်ကပြုံး၍

==ငြိမ်းချမ်းရေးယူထားတယ် စိတ်ဆိုးရဘူးလေ++

မြေခွေးစိတ်မထိမ်းနိုင်တော့

==အော်၊ ငြိမ်းချမ်းရေးယူထားလို့ စိတ်မဆိုးရဘူးဟုတ်လား။ မင်းတို့က လုပ်ချင်ရာလုပ်ပြီး ငါတို့ကိုစိတ်မဆိုးနဲ့ ဟုတ်လား။ ဟေ့ကောင်တွေ ချကွာချ။ ဘာငြိမ်း ချမ်းရေးမှမရှိဘူး++

တစ်ဖက်ကိုတစ်ဖက် အာလူးတွေနဲ့ချ၊ မုန်လာဥနီများနှင့်ပေါက်ပြီး ဝရုန်းသုံးကားဖြစ်သွားသည်။ အခြေအနေက အရင်အတိုင်း။

မှန်ပေသည်။ အယောင်ပြ ငြိမ်းချမ်းရေးသည် အချိန်ကြာကြာ အေးချမ်းမှုမပေးနိုင်ပေ။

■



www.burmeseclassic.com

www.burmeseclassic.com



# တီကောင်နှင့် နဂါးပုံပြင်

တစ်ခါက တီကောင်နှင့်နဂါး ဖွားဖက်တော်အဖြစ် ဖွားမြင်ကြလေသည်။

ဖွားခါစက တီကောင်နှင့်နဂါးမှာ များစွာအရွယ်ချင်းမကွာလှ၊ အဆင်းချင်းလည်းမကွာကြ။ တီကောင်လည်းလုံးလုံး၊ နဂါးကလည်း မွေးခါစက လုံးလုံးလေးပင်။

ဤသို့ဖြင့် ငယ်ရွယ်စဉ်မှာ အတူဆော့ကစား ပျော်ပါးခဲ့ကြသည်။ အရွယ်ရောက်လာသည့်အခါ၊ နဂါးမှာ အရွယ်ပမာပိုကြီးလာပြီး ပို၍လည်း သောင်းကျန်းလာသည်။ တီကောင်ကတော့ တီကောင်အရွယ်ပင်။ သို့သော် နဂါးသောင်းကျန်းသမျှ သူလည်းအလိုတူအလိုပါ လိုက်လံသောင်းကျန်း



www.burmeseclassic.com

www.burmeseclassic.com



သည်။ မဟုတ်တာအကုန် အတူလုပ်ကြသည်။ နဂါးလုပ်သမျှ တီကောင်လည်း လိုက်လုပ်သည်။

သဘောသဘာဝအရ နဂါးကအဆိပ်လည်းပြင်း အကောင်လည်းကြီး အမြီးလည်းရှည်လာသည်။ တီကောင်ကတော့ ဘာအဆိပ်မှမရှိ။ သို့သော် ကျောထောက်နောက်ခံအဆိပ်ရှိသော ဘော်ဒါနဂါးအရှိန်ဖြင့် သောင်းကျန်းဆဲ။

ဤသို့ဖြင့် အကောင်လည်းကြီး အမြီးလည်းရှည်လာသော နဂါးကို မထိန်းနိုင်သောအခါ၊ တောဘုရင်အဖြစ် ခန့်အပ်လိုက်ကြရသည်။

နဂါးက တောဘုရင်ဖြစ်လာတော့ သူနှင့်ဖွားဖက်တော် တီကောင်ကလည်းတောဘုရင် သဖွယ်ဖြစ်လာရလေသည်။

အသိဉာဏ်အနည်းငယ်ရှိသောနဂါးက ဘုရင်ဖြစ်သောအခါ သူ၏အသိဉာဏ်ဖြင့် သောင်းကျန်းမှုကိုလျှော့ချပြီး ဘုရင်ပီပီ ခပ်တည်တည်နေသော်လည်း သူ၏ဖွားဖက်တော်တီကောင်ကတော့ ဘုရင်နဂါးအားကိုးနှင့် ပို၍သောင်းကျန်း၏။

တောတွင်းတစ်ခွင်ပြုပြစ်င အောင်သွားပြီး ကျား၊ သမင်များအား စော်ကားသည်။ ဖွတ်မိကျောင်းတို့ရှိသော ချောင်းရိုးတစ်လျှောက် ဆင်းသောင်းကျန်းသည်။ ဆင်၊ ခြသေ့်ကအစ တီကောင်လာလျှင် လမ်းဖယ်ပေးရတော့သည်။

ကြာလာသော် တီကောင်လုပ်ရပ်ကို တောတွင်းတိရစ္ဆာန်များသည်းမခံနိုင်တော့။ တောဘုရင်နဂါးကြီးအား တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ တိုင်တန်းလာကြလေသည်။

--ဘုန်းတော်ကြီးမား ဘုရင်နဂါးခင်ဗျား၊ အရှင်နဂါးဘုန်းတော်ဖြင့် ပြည်သူ၊ ပြည်သားများအား ကျောသားရင်သားမခွဲခြားဘဲ တိုင်းပြည်အုပ်ချုပ်မင်းလုပ်ခဲ့သည် မှန်သော်လည်း အရှင်အရှင်နဂါး၏ပါတနာ ဘော်ဘော်တီမှာ တိုင်းပြည်တွင်းအနှံ့ သွားလာလှုပ်ရှားပြီး ဘဝတူတိရစ္ဆာန်များအား စော်ကားလွန်းနေပါသည်။ တစ်ခါကလည်း တောအတွင်း သူသွားရာလမ်း၌ ဆင်ကြီး လမ်းပိတ်ရပ်မိရာ သူ့အားမမြင်ရကောင်းလားဆိုပြီး အပြစ်ပေးသည့်အနေဖြင့် လမ်းမလယ်ကောင် ဆင်ပြောင်ကို ဖင်ထောင်ခိုင်းခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်ကြီးမှာလည်း ဘော်တီမကျေနပ်လျှင် အရှင်မင်းကြီး အမျက်တော်ရှမည် စိုး၍ ပြုခဲ့ရပါသည်++

--ထိုနည်းတူ ရွှေခြသေ့်ခမျာမှာလည်း သူရှာခိုင်းသော မြေဆွေး အပြည့်အဝရှာမရသဖြင့် မြက်စားခိုင်း၍ မြက်စားခဲ့ရပါသည်။ ထို့သို့ တော ကောင်ကြီးများကိုပင် နှိပ်စက်နေလေရာ သားကောင်ငယ်များအဖို့ကား ဆိုဖွယ်မရှိပြီ။ တောဝက်၊ ကြွက်၊ ဖား၊ ငါးများမှာသူ့ကိုမြင်သည်နှင့် နေဖွယ် ပင်မရှိတော့ပြီ။ သတ္တဝါတိုင်းဖင်တုန်အောင် ကြောက်နေရသည်မို့ အရှင် မင်းကြီးအနေဖြင့် အနည်းငယ်ဆုံးမပေးတော်မူပါဘုရား++

အားလုံး၏ စကားကိုကြားတော့ နဂါးကြီးက

--အေးကွယ် ငါကြည့်ပြောပ့ါမယ်++

ဘုရင်ကြီး၏ ကတိစကားကြောင့် အားလုံးပျော်သွားကြ၏။

ဘုရင်ကြီးနဂါးက ဘော်ဒါတီကောင်နှင့်ဆုံသောအခါ ဤသို့စကား စသည်။

--ဘိုတီနည်းနည်းလျှော့++

ထိုစကားကြားသည်နှင့် တီကောင်ကခုန်ထပြီး

--ဘာကွ မင်းကဘုရင်ဖြစ်နေ လို့ဒီစကားပြောတာလား၊ ငါ့ကို ဘာမှတ်နေလဲ ဘုရင်သောဘာသော ကြည့်နေမှာမဟုတ်ဘူးနော် ။ အမြီး လှန်ချိုးပစ်လိုက်မယ် လခွမ်းတဲ့မှ မင်းဘာကောင်လဲ ငါဘာကောင်လဲမင်း သိပါတယ် အကျေးမလှန်စေချင်ရင် သောက်ပြောတွေခုရပ်လိုက် ++

ထိုစကားကြားသော် ဘုရင်ကြီးမှာနဂါးပင်ဖြစ်သော်ငြား တုတ် တုတ်မှ မလှုပ်ရဲ။

ဟုတ်ပေသည်။ ငယ်စဉ်ကတည်းက မဟုတ်တာလုပ်ဖော်လုပ်ဖက်၊ သောင်းကျန်းဖော်သောင်းကျန်းဖက်၊ စော်ကားဖော်စော်ကားဖက်ကိုး။

အသက်အရွယ်ရပြီး ဘုရင်ဖြစ်လာသော်လည်း၊ အဆိပ်ပြင်းသော နဂါးသော်ငြားလည်း တီကောင်ကအကျေးလှန်အမြီးချိုးမှာစိုး၍ အမောက်ပင် ငုံ့လျှိုး၍ ရိုကျိုးနေရရှာလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



# နဖားကြိုးပုံပြင်

တစ်ခါကနွားအုပ်တစ်အုပ်နှင့် ဆိတ်အုပ်တစ်အုပ်တို့ မလှမ်းမကမ်းတွင်နေထိုင်ကြသည်။

ပိုင်ရှင်လူတစ်ဦးတည်း ပိုင်ဆိုင်သောထိုနွားအုပ်နှင့်ဆိတ်အုပ်မှာ မလှမ်းမကမ်းတွင်ပင် ငြိမ်းချမ်းစွာနေထိုင်ကြသည်။

ဆိတ်အုပ်ထဲတွင် လွန်စွာကြီးမားသော ဆိတ်ဆိုးကြီးတစ်ကောင်ရှိသည်။ ထိုဆိတ်ဆိုးကြီးမှာ အခြားဆိတ်များထက် ပိုမိုကြီးမားပြီး ပို၍သန်စွမ်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဆိတ်ကြီးမှာ အကောင်ကြီးသည်နှင့်အမျှ အမျိုးတူဆိတ်များကို စိတ်မဝင်စား။ သူတို့နှင့် မလှမ်းကမ်းတွင် အမြဲရှိနေသောနွားအုပ်ကို စိတ်ဝင်စားလေသည်။ သူ၏ အတွေးထဲတွင်. .

••အေး။ ဒီကောင်တွေနဲ့ငါတို့ ဦးချိုရှိတာချင်းလည်းတူတယ်။ ခြေလေးချောင်းရှိတာချင်းလည်းတူတယ်။ ခွာရှိတာချင်းလည်းတူတယ်။ အရွက်တွေ စားတာချင်းလည်းတူတယ်။ ဒါနဲ့များတောင်ငါတို့ဘာလို့များ နွားမဖြစ်ပါလိမ့်++

ဟူ၍ အမြဲတွေးမိနေလေသည်။ သူသည်နွားတို့တွင်ရှိသော နဖားကြိုးကိုစိတ်ဝင်စား၏။ ကြာလာလေသော် အတွေးလွန်ပြီး သူ့ကိုယ်သူဆိတ်ဟု မသတ်မှတ်နိုင်တော့။ သူကိုယ်တိုင်နွားဖြစ်လာပြီဟု တွေးမိလာသည်။ ထို့ကြောင့် ဆိတ်အုပ်မှခွာ၍ နွားအုပ်ဆီသို့ချဉ်းကပ်သွား၏။

နွားများက သူတို့ထံချဉ်းကပ်လာ သောဆိတ်ကိုမြင်သော်. .

••ဟဲ့. . ဆိတ်၊ အမျိုးမတူဘဲ ဘာလို့ငါတို့ဆီ ချဉ်းကပ်လာတာတုန်း++

နွားများ၏အမေးကို ဆိတ်သိုးစိတ်ဆိုးသွား၏။

••ဒီမယ်။ ဒီလိုတော့ မပြောပါနဲ့ဗျ။ ခင်ဗျားတို့နဲ့ကျုပ်က မျိုးတူပဲ++

ဆိတ်စကားကို နွားများက

••ဟဲ့။ ဘယ်နှယ့်ကြောင့် နွားနဲ့ဆိတ်က မျိုးတူဖြစ်ရမှာတုန်း++

••ဒီမှာလေ။ ခင်ဗျားတို့လည်းဦးချိုနဲ့ ကျုပ်လည်းဦးချိုနဲ့။ ခင်ဗျားတို့လည်း ခြေလေးချောင်းနဲ့အမြီးနဲ့ခွာနဲ့ အရွက်စားတယ်။ ကျုပ်ကလည်း ခြေလေးချောင်း၊ အမြီး၊ ခွာနဲ့ အရွက်စားတယ် ဘာကွာလို့တုန်း ပြောစမ်းပါ++

ဆိတ်သိုးစကားကြောင့် နွားများကြောင်ကုန်၏။ သူတို့ခမျာ ဉာဏ်ကလည်းခပ်နည်းနည်းကိုး။

နွားတစ်ကောင်က

••အေးကွယ်၊ အားလုံးတူတယ်ဆိုပေမယ့် မင်းက ဆိတ်မိဘက ပေါက်ဖွားလာတဲ့အတွက် ဆိတ်ပဲဖြစ်မှာပေါ့။ ငါတို့က နွားမိဘကမွေးသက်လာတော့ နွားပေါ့ကွာ++



www.burmeseclassic.com

www.burmeseclassic.com



နွားကြီးစကားကို ဆိတ်ဆိုးက မခံမရပ်နိုင်ဖြစ်သွားပြီး

--မလိုချင်ဘူးဗျာ။ ဆိတ်ကမွေးလည်း နွားဖြစ်နိုင်တာပဲ။ မသိဘူး။ ကျုပ်က ဆိတ်မဖြစ်ချင်တော့ဘူး။ နွားပဲဖြစ်ချင်ပြီ။ ခင်ဗျားတို့လို နဖားကြိုးနဲ့ နေချင်တယ်++

ဆိတ်စကားကို နွားများက

--ဘာလို့ နွားဖြစ်ချင်ရတာလဲမောင်ဆိတ်ရာ။ နွားတွေမှာ မင်းတို့ အားကျစရာ ဘာရှိလို့လဲ++

--ဟာ ရှိပါပြီလားဗျာ။ ခင်ဗျားတို့နွားတွေကို ပိုင်ရှင်က လက်ပွန်း တတီးနေတယ်။ နောက်ပြီး နဖားကြိုးတံဆာလည်း ဆင်ထားပေးသေးတယ်။ ဘယ်လောက်ခန့်သလဲ ကြည့်စမ်း++

နွားများက ခေါင်းခါသည်။

--မထင်နဲ့ကောင်လေး။ လူတွေက ငါတို့ကို လက်ပွန်းတတီးနေ တယ်ဆိုတာ ခိုင်းကောင်းလို့နေတာကွ။ နောက်ပြီး နဖားကြိုးဆိုတာ လိုရာဆွဲ ခေါ်ရင် ပေကပ်မနေနိုင်အောင်လို့ ထိုးထားပေးတာ။ အကောင်းမထင်နဲ့++

နွားစကားကို ဆိတ်က

--မသိဘူးဗျာ။ ကျုပ်လည်း ခင်ဗျားတို့လို နားဖားကြိုးနဲ့ နေချင် တယ် ဒါပဲ++

နွားများက ခေါင်းမာသောဆိတ်နားလည်အောင် ဘယ်လိုမှရှင်း မပြနိုင်။ မတတ်သာသည့်အဆုံး ဆိတ်သိုးနွားအုပ်ကြား လာရောနေသည် ကို နွားများကအမှတ်တမဲ့သာ ထားလိုက်တော့သည်။

သိပ်မကြာ။ လူများရောက်လာကြ၏။ နွားအုပ်ကြားက ဆိတ်ဆိုး ကို မြင်သောအခါ

--ဟာ ဒီဆိတ်သိုး၊ ဆိတ်အုပ်ထဲ မနေဘဲနွားအုပ်ထဲ ဘာဝင်ရော နေတာလဲ မောင်းထုတ်ကြစမ်း++

လူများက မောင်းထုတ်သော်လည်း ဆိတ်ကမရွေ့။ နွားအုပ်ထဲ ပေကပ်နေ၏။ နောက်ဆုံးဘယ်လိုမှ မောင်းထုတ်မရသောအခါ လူများက

--အာ။ ဒီလောက်ပေကပ်နေတဲ့ဆိတ်။ ဖမ်းပြီးနားဖားကြိုး



www.burmeseclassic.com

www.burmeseclassic.com



ထိုးစမ်း++

ဆိတ်ကို ဖမ်းကြသည်။ ပြီးတော့ နဖားကြိုးထိုးကြသည်။

--ပဲ. . . . ပဲ++

ထိုအခါမှ ဆိတ်ကနာလွန်း၍ထအော်သည်။ သူအော်ပြီးရုန်းရုန်းကြိုးစားသည်။ လူကသူ့နားဖားကြိုးကို ဆောင့်ဆွဲရင်း

--အောင်မာ။ မင်းက ပြေးချင်ရုန်းချင်တယ်ပေါ့ ဟုတ်လား။ လာစမ်း++

နားဖားကြိုးမှ ဆောင့်ကိုင်ရင်းဆွဲခေါ်သွားလေရာ ဆိတ်ခမျာ သူတပ် မက်လိုချင်ခဲ့သော နားဖားကြိုး၏ထိမ်းချုပ်မှုကြောင့် ဘယ်လိုမှမရုန်းကန်နိုင်တော့။ စောင်းငန်းငန်းနှင့် ဆွဲခေါ်ရာပါရရှာသည်။

သိပ်မကြာပါ။ နွားဖြစ်ချင်သောဆိတ်မှာ နားဖားကြိုးထိုးခံရပြီး နွားများနည်းတူ လယ်ထွန်းခြင်း၊ ဝန်ပိုမခြင်းဖြင့် ပင်ပန်းကြီးစွာ ရုန်းကန်ရလေသည်။

သူလိုချင်ခဲ့သော ခန့်ငြားထည်ဝါသည်ထင်ခဲ့သော နားဖားကြိုးတစ်ခုကြောင့် ဘယ်သောအခါမှလည်း လွတ်မြောက်ဖွယ်မမြင်တော့ပါ။

■



www.burmeseclassic.com

www.burmeseclassic.com



# ငါးပုံပြင်

ကန်ထဲတွင် ငါးများ၏ ရိုသေလေးစားမှုကိုခံရသော ရွှေရောင်ငါးကြင်းကြီးတစ်ကောင်ရှိသည်။

ရွှေရောင်ငါးကြင်းကြီးမှာ ဥပမိ၏ပြည့်စုံခြင်း၊ အပြောအဆို ကောင်းမွန်ခြင်းတို့ကြောင့် ငါးများ၏ရိုသေလေးစားမှုကို ရရှိနေခြင်းဖြစ်သည်။

ထိုရွှေရောင်ငါးကြင်းကြီး စိုးစံနေချိန်အတွင်း ငါးများ အဆမတန်တိုးပွားလာ၍ မြစ်အတွင်းအစာရေစာ များတဖြည်းဖြည်းရှားပါးလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြစ်လာသောအခါ ငါးတို့သနင်းရွှေရောင်ငါးကြင်းကြီးပင် အစာရေစာ ရှားပါးပြတ်လတ်မှုကို ကြုံရလေသည်။

တစ်နေ့တွင် ရွှေရောင်ငါးကြင်းကြီးမှ အကြံထုတ်၏။

••အင်းဒီအတိုင်း ငါးတွေထပ်တိုးပွားလာရင် ငါတောင် အစာငတ်ပြီး ဂန့်သွားဖွယ်ရှိတယ်။ အားလုံးဘယ်ကောင်မှ ဘာမှမစားရဘဲ ငါတစ်ကောင်ထဲ ဝဝလင်လင်စားရအောင်ကြံမှ++

ဟုစဉ်းစားမိ၏။

စဉ်းစားမိသည့်အတိုင်း အရေးပေါ်ကိစ္စဟုအကြောင်းပြကာ ငါးအပေါင်းကို စုဝေးခေါ်ယူလိုက်သည်။ ငါးများစုံလင်ကာမှ ရွှေရောင်ငါးကြင်းကြီးက အသံအောင်အောင်နှင့် ဤသို့မိန့်၏။

••အို ငါးအပေါင်းတို့ ငါတို့၏ဘဝများသည် အခြားအစာများကို မျှော် လင့်ရင်း ငါတို့ကိုယ်တိုင်အခြားသောသူများ၏ အစာဖြစ်နေကြရှာ၏။ ဤကား ဘဝသံသရာပင်++

ငါတို့ ငါးများသည်ကား လူအများချပေးသောအစာကို လုစားကြသည်၊ ပြီးတို့ကိုယ်တိုင်အစာငမ်းရင်း၊ လူများ၏ ဖမ်းစားခြင်းကို ခံရကြသည် မဟုတ်လား++

••ယခု ငါစဉ်းစားမိ၏။ ငါတို့သည်ကား ဤကဲ့သို့ တစ်ပါးသူကိုစား ငါတို့အားတစ်ပါးသူပြန်စားသော ကံကြမ္မာမှလွတ်မြောက်လိုပေပြီ++

ငါးများကတော့ ရွှေရောင်ငါးကြင်းကြီးပြောသောစကားများကို ပါးစပ်ကလေးဟစိဟစိနှင့် နားထောင်နေကြရှာသည်။ ငါးကြင်းကြီးအကွက်ရွှေ့နေမှန်း သူတို့မှမသိကြတာ။

••ငါအဓိဋ္ဌာန်ပြု၏။ ယနေ့မှစ၍ငါသည် အသားစားသတ္တဝါဘဝကိုစွန့်၍ ရာသက်ပန်သက်သက်လွတ်သာ စားတော့မည်ဟု အဓိဋ္ဌာန်ပြုသည်++

ငါးများ လှုပ်လှုပ်ရှားရှားဖြစ်ကုန်၏။ ထိုစဉ်ရွှေရောင်ငါးကြင်းများ အနား၊ ငါးများခိုတ်တပ်ထားသော တီကောင်လေးလူးလွန့်ပြုတ်ကျလာ၏။ ငါးကြင်းကြီးမှာပြေးဟပ်မည်ပြုပြီးမှ သူပြောသောစကားကိုပြန်သတိရကာ



www.burmeseclassic.com

www.burmeseclassic.com



မှင် သတ်နေလိုက်သည်။ ပြီးနောက် တီကောင်ကို မျက်လွှာစင်းကြည့်ပြီး

--အိုး ချစ်သောငါးအပေါင်းတို့ သူတို့အားငါတို့စား၊ ငါတို့ကို သူတို့က စားသော သံသရာဝတ်မှ ငါတို့လွတ်မြောက်ကြတော့မည်ဖြစ်သည်။ ငါတို့သည် သက်သက်လွတ် သမားဖြစ်ပါက ငါတို့အားဘယ်အရာနှင့်မျှ မမျှားနိုင်တော့။ အမျှားမခံရပါက ငါတို့အစားမခံရနိုင်။ မည်မျှအကျိုးရှိသနည်း။ ငါတို့သည် ရာသက်ပန် သက်သက်လွတ်စားပါက မကြာခင် ငါတို့သည် မိုးပျံ့ချာန်ရ၍ ကောင်းကင်တစ်နေရာမှာတည်ရမှာ အမှန်ပင်ဖြစ်အံ့++

ငါးများလှုပ်လှုပ်ရွရွဖြစ်ကုန်၏။ ရွှေရောင်ငါးကြင်းကြီးစကားကို ထောက်ခံ၍

--ဟုတ်တယ်။ ရွှေရောင်ငါးကြင်းကြီးပြောတာမှန်သည်။ ငါတို့သည် အစားတစ်လုပ်အတွက် အသက်ပျောက်ရ၏။ မိကွဲ၊ ဖကွဲ သားသမီးကွဲဖြစ်ရ၏။ ထို့ကြောင့် အသားမစားပါက ထိုဝဋ်ကြွေးတို့ပျောက်ပျက်၍ အမှန်ပင်ချာန် သမာပတ်ရနိုင်ပေ၏++

--မှန်သည်။ ရွှေရောင်ငါးကြင်း၏စကားသင့်မြတ်လှ၍ ငါတို့လည်း ရာသက်ပန် သက်သတ်လွတ်သာစားပေတော့မည်++

--မှန်ပေ၏။ အသားစားခြင်းအမှုအား ယခုမှစကာ စွန့်လွှတ်ပါမည်++

စသဖြင့် ရွှေရောင်ငါးကြင်းကြီး စကားကိုထောက်ခံကြ၏။ အားလုံးသူ့စကားနားထောင်လာသောအခါ ရွှေရောင်ငါးကြင်းသည် သူ့နားကျလာသော လှုပ်ရွရွတီကောင်အား အများမမြင်အောင် သူ့နောက်ကျောဖက်ပို့ရင်း ကွယ်ရင်း အာဘောင်အာရင်းသန်သန်ဖြင့် စကားဆက်သည်။

--ယခု ငါသည်ပင် သက်သတ်လွတ်တန်ခိုးကြောင့် မကြာမီမိုးပျံ့တော့မည်ကို သင်တို့ မျက်ဝါးထင်ထင်တွေ့ရမည်။ ကြည့်လေ++

ဟုဆိုကာ ဘယ်သူမှမမြင်အောင် ကွယ်ထားသော တီကောင်အား ဖြတ်ခနဲ လှည့်ဟတ်လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



••ဟာ++

စွတ်ခနဲမြည်သံနှင့်အတူ ရွှေရောင်ငါးကြင်းမှာ ငါးမျှားချိတ်ပေါ် လွင့်ခနဲ မြောက်တက်သွားလေသည်။ ဤသည်ကိုကြည့်၍ ငါးများက. .

••ဟာ. . သက်သတ်လွတ်သမားကြီး တကယ်မိုးပျံသွားပြီ++

••ဟုတ်တယ်ဟေ့. . ဒါ သက်သတ်လွတ်တန်ခိုးကြောင့် ဗျန်ရသွားတာ++

••ဒို့လည်း သူ့လိုကျင့်ရအောင်ဟေ့။ ဒါမှ မိုးပျံနိုင်မှာ++

ငါးများ ဆူညံကျန်ရစ်ခဲ့သည်။

ကုန်းပေါ်မှာတော့. . .

တံငါသည်သည် သူ့ငါးမျှားချိတ်တွင်ပါလာသော ဆူဖြိုးနေသော ငါးကြင်းကြီးကိုဖြုတ်ပြီး. .

••တောက်၊ ဒီမြစ်ထဲမှာ ငါးမျှားချိတ်ဟပ်တာ ဒီတစ်ကောင်ပဲရှိတယ်။ အစားငမ်းတဲ့ကောင်++

လူတွေလက်ထဲ အစားငမ်းသည်ဟုဆိုနေသော သတ္တဝါမှာ တစ်ဖက်မှာတော့ သက်သတ်လွတ်သမား။

ထွက်ရပ်ပေါက် သူတော်ကောင်းကြီးပင်။

■



www.burmeseclassic.com

www.burmeseclassic.com



# ကြွက်ပုံပြင်

တစ်ခါက တောကြီး၏ချောင်ကျသောနေရာ၌ တွင်းကြီးတစ်ခုရှိသည်။ ထိုတွင်းထဲ၌ ကြွက်ဖြူနှင့်ကြွက်မည်းများ စုဝေးနေထိုင်ကြသည်။ သူတို့သည် ကျင်းကြီး၏အလယ်တည့်တည့်၌ရှိသော မဏ္ဍိုင်ကြီးတစ်ခုကို တက်၍ အစာရှာထွက်ကြရသည်။

ကြွက်များသည် အဖြူအမည်းအရောင်ကွဲကြ၍ တစ်ဖွဲ့နှင့်တစ်ဖွဲ့ မတည့်ကြ။

ကြွက်ဖြူများက ကြွက်မည်းများကို. .

••အလကားပါ။ ဉာဏ်မရှိတဲ့ကောင်တွေ++



www.burmeseclassic.com

www.burmeseclassic.com


ဟု အမြဲအပြစ်တင်ကြပြီး ကြွက်မည်းများကလည်း ကြွက်ဖြူများကို. .

••အလကား ပျင်းကောင်တွေပါ++

ဟု တုံ့ပြန်တတ်ကြသည်။ ကျင်းတစ်ကျင်းတည်းနေကြပြီး မဏ္ဍိုင်တစ်ခုတည်းတက်ပြီး သွားနေရသည်ဖြစ်သော်ငြား အချင်းချင်းဆုံလျှင်တော့

••ဟောဒီတုံးကောင်တွေ တစ်သက်လုံးအလုပ်လုပ်ပြီး အိုသေကြတော့မယ်။ ဘာမှ အဖတ်တင်တဲ့ကောင်တွေမဟုတ်ဖူး++

••ဟော့ကောင်တွေ မင်းတို့ကသာ ခြေမလှုပ်နိုင်၊ လက်မလှုပ်နိုင်နဲ့ ငုတ်တုတ် သေမယ့် ပျင်းကောင်တွေ++

••ပျင်းခွင့်ရှိသူသာ ပျင်းခွင့်ရှိတာကွ မင်းတို့တွေက အလုပ်သမား ကြွက်မည်းတွေ++

••ဟော့ ငါတို့ကကြွက်မည်းဆိုပေမယ့် အင်အားရှိတယ်။ မင်းတို့ ကြွက်ဖြူတွေလို ငပျော့တွေမဟုတ်ဘူး++

ထိုသို့ နှစ်ဖက်ငြင်းခုန်နေတတ်ကြမြဲဖြစ်သည်။

ထိုစဉ်မှာပင် သတင်းဆိုးတစ်ခုရောက်လာခြင်းဖြစ်သည်။

••ကြွက်တွင်းရဲ့ မလှမ်းမကမ်းမှာ ကြောင်တစ်ကောင်ရောက်နေပြီ++

ထိုသတင်းကြားတော့ ကြွက်ဖြူများရော၊ ကြွက်မည်းများပါ တုန်လှုပ်ကုန်၏။ ကြွက်ဘဝက ကြောင်နှင့်တွေ့သည်က သေမင်းနှင့်တွေ့ရသည်ပင်။ အချင်းချင်းပဲ စည်းရုံးရမှာလား။ ထွက်ပြေးရမလားမသိ ဖြစ်နေကြလေသည်။ နောက်တော့ ကြွက်လောက၌ စကားတစ်ခွန်း စတင်ပျံ့နှံ့လာသည်။

••အခုရောက်နေတဲ့ကြောင်ဟာ ကြောင်ဖြူလား၊ ကြောင်မည်းလား++

ထိုစကားကို ကြွက်များက အားလုံးစိတ်ဝင်စားသွားကြသည်။ နောက် ကြွက်မည်းများက. .

••ဟုတ်တယ် ကြွက်မည်းတွေအတွက် ကြောင်မည်းပဲဖြစ်လိမ့်


www.burmeseclassic.com

www.burmeseclassic.com



မယ်။ ကြောင်မည်းဆိုရင်တော့ တို့ကြွက်မည်းတွေကို ကာကွယ်ပြီး ကြွက်ဖြူတွေကိုပဲ ဝါးလိမ့်မယ်++

ဒီစကားကို ကြွက်ဖြူများကလက်မခံနိုင်။

••ဟေ့ ကြွက်ဖြူတွေအတွက် ကြောင်ဖြူပဲလာလိမ့်မယ်။ ကြောင်ဖြူက ကြွက်ဖြူတွေကိုကာကွယ်ပြီး ကြွက်မည်းတွေကို ဝါးလိမ့်မယ်ကြည့်နေ++

နှစ်ဖက်သားတိုက်ခိုက်မှုက ပိုမိုပြင်းထန်လာသည်။

••ဟေ့ မယုံရင်ကြည့် ကြောင်မည်းပဲလာလိမ့်မယ်++

••လောင်းမယ်ကွာ ကြောင်ဖြူပဲ မင်းတို့အမည်းကောင်တွေ ဒုက္ခရောက်ပြီမှတ်++

••ကိုယ့်ကိုယ်ကိုယ် ဒီလောက်ယုံနေရင် ဒီမဏ္ဍိုင်ကြီးဖြိုပစ်လိုက်++

••ဖြိုကွာ ဒို့ကြွက်ဖြူတွေအတွက်က ကြောင်ဖြူလာမှာပဲ။ ဘာလို့ကြောက်နေရမှာလဲ++

••ကဲ ဒါဆို ဖြိုတယ်ကွာ++

နှစ်ဖက်သဘောတူကြကာ သူတို့ကမ္ဘာ၏ ပြင်ပလောကနှင့်ဆက်သွယ်ရာ တစ်ခုတည်းသောလမ်းဖြစ်သော မဏ္ဍိုင်ကြီးကိုဖြိုပစ်လိုက်ကြသည်။ ပြီးနောက် လက်သီးလက်မောင်းတန်းပြီး

••ကြောင်ဖြူရောက်ရှိရေး တို့အရေး++

••ကြောင်ဖြူအလိုမရှိ။ ကြောင်မည်းသာအမိ၊ ကြောင်မည်းသာအဖ၊ ကြောင်မည်းရောက်ရှိရေး တို့အရေး++

စသည်ဖြင့် ထအော်ကြသည်။

---

တောစပ်တွင် အစာရှာမရသောကြောင်ကြီးသည် မြေပြင်ကိုစူးစမ်းသွားနေရင်း ဝုန်းခနဲမြေပြိုသံနှင့်အတူ ကြွက်များ ဆူညံစွာအော်ဟစ်သံများကြားတော့ ကြောင်ကြီးအားတက်သွားသည်။

---



www.burmeseclassic.com

www.burmeseclassic.com



••ကြောင်ဖြူအလိုမရှိ ကြောင်မည်းအား ကြိုဆိုပါ၏++

••ပြည်သူ့ကြောင်ဖြူ တို့ကြောင်ဖြူ++

ကြွက်များအော်ဟစ်ကောင်းတုန်း သူတို့ကျင်းထဲသို့ အရာတစ်ခု ဝုန်းခနဲကျလာသည်။ ကြည့်လိုက်တော့ ကြောင်ကြီးတစ်ကောင်။ ကြောင်ကို မြင်တော့ကြွက်များ ကြွက်သေသေကုန်၏။ ကျင်းပေါက်က အလင်းရင်ပြန် နေ၍ကြောင်ကြီးမှာ ကြောင်ဖြူလား၊ ကြောင်မည်းလား၊ ဘယ်လိုမှ ခွဲခြား၍ မရ။

သိပ်မကြာ။ ကြွက်တွင်းလဲမှ ပွက်လောရိုက်နေသော ဆူညံအော် ဟစ်သံများ။ ပြေးစရာမြေမရှိ။ ကြောင်ကြီးကတော့ ကြောင်ဖြူလား ကြောင် မည်းလားမသိ။ သို့သော် ကြောင်သည်ကြောင်သာဖြစ်သောကြောင့် ကြွက်ဖြူ ကြွက်မည်းမရွေးပဲ မီးရာလှမ်းဟပ်လျှက် တကျွတ်ကျွတ်စားသောက်နေ လေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com


## ကြွက်ပုံပြင်(၂)

တစ်ခါက ကြွက်တစ်ကောင်သည် ••လူတွေသည် သူတို့ကြွက်တွေထက် အသိဉာဏ်နည်းကြောင်း++ ကြေညာချက်စာတမ်းတစ်စောင် ထုတ်ဝေလိုက်သည်။

ထိုကြွက်၏ ကြေညာစာတမ်းကိုမြင်၍ လူတွေဒေါသထွက်ကုန်ကြ၏။

••အောင်မာရာရာစစ ကြွက်ကများ ငါတို့လူတွေက သူတို့ထက် အသိဉာဏ်နည်းသေးသတဲ့ တွေ့ကြသေးတာပေါ့++

••ဟုတ်ပ။ ဒီကြွက်က ပြောရဲလိုက်တာ။ သူတို့က ဘယ်လောက် အသိ ဉာဏ်ရှိ လို့လဲ++



www.burmeseclassic.com

www.burmeseclassic.com



--ပြောနေကြတယ်။ ဒီကြွက်နဲ့ငါတို့လူတွေ ဒွဲရှင်းရအောင် ရှာကြစမ်း ဒီကြွက်စုတ်ကို++

လူတွေဒေါသထွက်ပြီး တောနင်းကာကြွက်ကိုရှာကြပါသည်။ တွေ့ပါပြီ။ လူတွေထက် အသိဉာဏ်ပိုရှိသည်ဆိုသောကြွက်။

ကြည့်တော့ ရိုးရိုးကြွက်လိုပင်။ ဘာမှမထူးခြား။ အမြီးတလှုပ်လှုပ်နှင့် ကုပ်နေသည်။ လူတွေကသူ့ကိုကြည့်ပြီး ပိုလို့တောင်ဒေါသထွက်ရ၏။

--အောင်မာ မင်းကလားလူတွေထက် အသိဉာဏ်ရှိတဲ့ကြွက်ဆိုတာ++

ကြွက်အေးဆေးနေပ်နေသည်။ လူတွေက အားမလိုအားမရနှင့်

--ကဲ ပြောစမ်းပါဦး။ လူတွေထက်မင်းက ဘယ်လောက်များ အသိဉာဏ်ရှိ နေလို့လဲကွဟေ++

ကြွက်မေးက မေးစင်းသော မျက်လုံးနှင့်လူတွေကိုကြည့်သည်။ ပြီးမှ

--ဒီလိုခင်ဗျ++

ကြွက်ထံမှ လူစကားထွက်လာ၍ အားလုံးအံ့အားသင့်သွားကြသည်။

--ဟာ ကြွက်ကလူစကား တတ်တယ်++

--ဟုတ်ပ လူစကားပြောတဲ့ကြွက်ပဲ++

ကြွက်ကို ကြည့်ပြီးမျက်လုံးပြူးကုန်ကြ၏။ ဒါကို ကိုရွှေကြွက်က

--ဟုတ်ကဲ့ လူစကားတတ်ပါတယ်ခင်ဗျ။ ကျွန်တော်မောင်ရွှေကြွက်ဟာ လူတွေကြားအတူနေပြီး ချောင်ကြိုချောင်ကြားကျင်လည် ကျက်စားခဲ့တဲ့ ကြွက်ပါ။ လူတွေလိုက်ရင်ပြေး၊ လူတွေရိုက်ရင်ခံပြီး လူတွေအကြောင်း ကောင်းကောင်းလေ့လာသိရှိပြီးခါမှ လူ့လောကကိုစိတ်နာပြီး တောခိုခဲ့တဲ့ မြို့ကြွက်တောခိုလေးပါခင်ဗျ++

ကြွက်စကားကြားတော့ လူတွေမျက်မှောင်ကြုတ်ကုန်၏။ ပြီးမှ

--အေးပါဟုတ်ပါပြီ။ လူတွေကိုစိတ်နာလို့ တောခိုတဲ့ ကြွက်ခွန် မြူနစ်ဖြစ်ဖြစ်ဘာဖြစ်ဖြစ် မင်းကလူတွေဟာ မင်းတို့ကြွက်ထက် အသိဉာဏ်နည်းတယ်လို့ ဘာလို့ အာခြောင်နေလဲ၊ ကဲရှင်းစမ်း++



www.burmeseclassic.com

www.burmeseclassic.com



လူတွေအမေးကို ကြွက်က လက်သေးသေးလေးနဲ့ သူ့ပါးစပ်သူ သုတ်ပြီး

==ဒီလိုပါခင်ဗျ။ ကျွန်တော်တို့ကြွက်လောကမှာလည်း လူတွေလိုပဲ နိုင်ထက်စီးနင်းပြုမှု၊ ကြီးသူကငယ်သူတွေကို အနိုင်ကျင့်မှုတွေရှိပါတယ်။ တစ်ခါတစ်ခါလည်း အကောင်ကြီးသူက အကောင်ငယ်တွေရဲ့ကြွက်တွင်းကို အဓမ္မသိမ်းယူမှုမျိုးလည်း ကြုံရပါတယ်++

==ကဲ မထူးတာတွေ ပြောမနေနဲ့၊ မင်းဘာဆိုလိုချင်လဲပြော++

လူတစ်ယောက် သည်းမခံနိုင်၍ ကြားဖြတ်ပြောသည်။ ကြွက်က ဆက်၍

==ဟုတ်ကဲ့ ဒီလိုနိုင်ထက်စီးနင်း မှုတွေရှိပေမယ့် ကြွက်တွေက ကြွက်တွေမျိုးတုံးအောင် ကြွက်ထောင်ချောက်ကို မတီထွင်ပါဘူး++

==ဘာဖြစ်လို့လဲ အဲဒါ++

==လူတွေကတော့ ကိုယ်တိုင်မျိုးတုံးနိုင်တဲ့ အဏုမြူကိုတီထွင်ကြပါတယ်++

==ဟမ်++

ကြွက်စကားကြောင့် လူတွေကြောင်ကုန်၏။ ရုတ်တရက် ဘာပြန်ပြော ရမှန်းမသိ။ ကြွက်စကားပဲ ဟုတ်နေသလို၊ ခဏနေမှ ဉာဏ်အနည်းငယ် သွက်သော လူတစ်ဦးက ရှေ့ထွက်လာပြီး

==အဲဒီလိုပြောလို့မရဘူးလေ။ မင်းတို့ကြွက်တွေက ကြွက်ထောင်ချောက်ကော လုပ်တတ်လို့လား။ တို့လူတွေက အဏုမြူကိုတီထွင်တယ် ဆိုတာ လူသားမျိုးနွယ် ပြုန်းတီးစေဖို့ လက်နက်တစ်ခုထဲအတွက် တီထွင်တာ မဟုတ်ဘဲ၊ လျှပ်စစ်မီး၊ သိပ္ပံနည်းပညာတိုးတက်ဖို့စတဲ့ အကျိုးရှိစေတဲ့နေရာ တွေမှာ အသုံးချဖို့လည်း တီထွင်ထားတာတွေအများကြီး။ ကောင်းတဲ့ဘက် ကပြောလေ ကြွက်ရဲ့။ ဘာမှမလေ့လာဘဲနဲ့များ++

ထိုလူစကားကို လူများအပြင် ကြွက်ပါခေါင်းညိတ်သည်။ နောက်မှ ကြွက်က



www.burmeseclassic.com

www.burmeseclassic.com



••ဒါဆိုလည်း ထားပါလေ။ တိုင်းပြည်တစ်ပြည်နဲ့ တောတစ်တော အတူတူ ပဲထားပါတော့ ကျွန်တော်တို့တောမှာလည်း တောဘုရင်ဆိုတာ ရှိတာပေါ့။ ဒီတော့လည်း တောမှာလည်း ရွေးကောက်ပွဲရှိတယ်လေ++

••တို့လူတွေမှာလည်းရှိတယ်လေ။ ဘာဖြစ်လဲ++

ကြွက်ကခေါင်းညိတ်ပြီး

••အဲဒီလိုရွေးကောက်ပွဲလုပ်တဲ့အခါ ကျွန်တော်တို့ကြွက်တွေဟာ သူတို့ကိုဗုက္ခပေးနိုင်တဲ့ကြောင်တွေကို ဘယ်တော့မှမဲမပေးဘူး++

လူတွေ ဘာပြောရမှန်းမသိတော့။ လက်ရှိသူတို့က ကြောင်တွေကို မဲပေးမိထားသကိုး။

■



www.burmeseclassic.com

www.burmeseclassic.com



# သစ်ပင်အောက်က ကြွက်သိုက်

တစ်ခါက တောအုပ်ကြီးတစ်ခုအတွင်း ကြီးမားသောသစ်ပင် တစ်ပင်ရှိသည်။ ထိုသစ်ပင်ကြီးမှာအရိပ် အာဝါသကောင်းလွန်း၍ အခြား တိရစ္ဆာန်များအပြင် ကြွက်တစ်အုပ် အမိကအမှီသဟဲပြု နေထိုင်ကြသည်။

သစ်ပင်ကြီးမှာ အရိပ်အာဝါသကလည်းကောင်း၊ အစာရေစာ လည်း ပေါများသဖြင့် ကြွက်များမှာ ထိုသစ်ပင်ကြီးမှ မခွာနိုင်ဖြစ်နေကြခြင်း ပင်။

ထို့ကြောင့် သူတို့နှင့်မသင့်တင့်သော အခြားလာရောက်မှီခိုသော တိရိစ္ဆာန်များကို သူတို့ကအုပ်စုလိုက် မောင်းထုတ်တင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့မနိုင်သော သတ္တဝါကြီးများကိုပင် အပုပ်ချ၍ သူတို့နားမကပ်နိုင်အောင် ပြုလုပ်ကြပေသည်။

သို့သော် သူတို့သည်အရိပ်ခိုနေသော သစ်ပင်ကြီးပိုမိုကြီးထွားလာအောင်ဘယ်တော့မှမလုပ်။ ရှိသမျှသာ ကိုက်ဝါးနေကြ၍ သစ်ပင်ကြီးမှာ ပိုကြီးမားလာတယ်လို့ မရှိဘဲပိန်လှီလိုက်လာလေသည်။ ဤတွင် အနည်းငယ်လည်ပတ်သော ကြွက်အိုတစ်ကောင်ကစ၍

--ကဲ ဒီအတိုင်းဆို ဒီလိုပဲ စားသောက်သုံးဖြုန်းနေတယ်ဆိုရင် တို့မှီခိုနေတဲ့ သစ်ပင်ကြီးသေတော့မယ်။ ဒီတော့ ဒီသစ်ပင်ကြီး ပြိုလဲမသွားအောင်လုပ်ဖို့ အပင်ပြန်လည်ထမြောက်ရှင်သန်ရေး ကြွက်ကော်မတီအဖွဲ့ဖွဲ့ဖို့လိုပြီ။ ဒါမှကော်မတီအဆုံးအဖြတ်နဲ့ သစ်ပင်ကြီး ပိုစည်ပင်ဖွံ့ဖြိုးလာအောင် ကြိုးစားကြတာပေါ့++

သူ့စကားကို သူနှင့်အဖွဲ့ကျနေသော ကြွက်တစ်စုက

--ဟုတ်တယ် ကြွက်ကော်မတီခေါ်ပြီး၊ ကြွက်ဆန္ဒခံယူပြီး ဒီသစ်ပင်ကို ဘယ်လိုထိန်းသိမ်းမယ်ဆိုတာ ဆုံးဖြတ်ကြတာပေါ့++

--ဒါဖြင့် ကော်မတီလူကြီး ဘယ်သူလုပ်မှာလဲ++

--ဟာ. . ဒါက တို့ပဲလုပ်မှာပေါ့။ တို့ကအရင်ကတည်းက လူကြီးဟာ++

--ဟုတ်တယ် ကြွက်ထုဆန္ဒပဲ++

သူတို့ဘာသာသူတို့မဲပေး၊ သူတို့ဘာသာသူတို့ နေရာယူလိုက်ကြသည်။

--ကဲ ကော်မတီတော့ဖွဲ့ပြီးပြီ။ အစည်းအဝေးက ဘယ်မှာလုပ်မှာလဲ++

--ဒါက လွယ်ပါတယ်။ ဒီသစ်ပင်ကြီးရဲ့ပင်စည်မှာ အမြစ်ထိုးထားတဲ့ တွင်းကြီးရှိတယ်။ အဲဒီမှာပဲ အစည်းအဝေးကျင်းပကြတာပေါ့++

--ဟုတ်တယ် အဲဒီဘိမိုက်တယ်++

ဆိုကာကြွက်တစ်သိုက် ရာ ခေါင်းပေါင်းပေါင်း၍ ပင်စည်ရှိအမြစ်ကျင်းဆီ ဆင်းသွားကြလေသည်။

--ဟ ဒီနေရာအေးနေတာပဲ++



www.burmeseclassic.com

www.burmeseclassic.com



••ဟေး. . ဟေး. . ဟေး ငါတော့ ပြန်မတက်ချင်တော့ဘူး။ ဒီမှာပဲ နေတော့မယ်++

ဆိုကာ ရရာနေရာမှာပျော်ပါး နေကြပြန်သည်။

••ကဲ. . ကဲ ပျော်နေလို့လည်းမပြီးသေးဘူး။ သူများတွေ အထင်မသေးအောင် အလုပ်လုပ်ချင်ယောင်ဆောင်ကြဦး++

••အလုပ်ဆိုလို့ ကျွန်တော်ချေးထားတဲ့ အစာလေးတွေအခုထိ ချမပေးသေးဘူး။ အဲဒါလေး လုပ်ပါဦး++

••အဲဒီလိုပြောမယ်ဆို ကျွန်တော်တို့လည်း ဒီသစ်ပင်ကာကွယ်စောင့်ရှောက်စရိတ်က အခုထိမကျသေးဘူး။ အဲဒီငွေမှမပေးရင် ကျွန်တော်တို့ ဒီသစ်ပင်ကို ကာကွယ်နိုင်ဖို့မလွယ်ဘူး++

••ဒါဆို ကျွန်တော်တို့ကလည်း ကြွက်တွေ ဆင်းရဲမှုပပျောက်ရေးအတွက် အရေးကြီးတယ်လေ နိုင်ငံခြားချေးငွေလေး ++

••ဟေး. . ပြောရင်းပြောရင်း ဗိုက်ဆာလာပြီ။ ဘယ်လိုလုပ်ကြမလဲ++

ပြောလို့ပင်မဆုံးသေးပင်။ ဇာတ်လမ်းစသည်။ ဒါကို တစ်ကောင်က

••အိုကွာ တို့တွေအရေးကြီး ကိစ္စဆွေးနွေးနေတာပဲ။ ဝေးဝေးမရှာနိုင်ဘူး။ ဒီမှာလည်း အမြစ်တွေရှိတာပဲ။ အမြစ်ပဲ ကိုက်ကြတာပေါ့++

••ဟုတ်တယ်ဟေ့ ရေသောက်မြစ်က ပိုချိုတာပေါ့++

••မထူးပါဘူး။ ငါတို့တော့ဝါးပြီ++

စသဖြင့် သစ်ပင်ကြီးရှင်သန်ရေးဆွေးနွေးကြသော သစ်ပင်အောက်က ကြွက်သိုက်မှာ သစ်ပင်၏ရေသောက်မြစ်ကို ကိုက်ဖြတ်စားသောက်ရင်း သူတို့ကြောင့် စိုပြည်နေသော သစ်ပင်ကြီး ပြိုလဲပျက်စီးတော့မည်ကိုမသိ။ ဆူညံနေကြဆဲ။ ပျော်ရွှင်ဆဲဖြစ်သည်။

သစ်ပင်အောက်က သစ်ပင်ကယဆယ်ရေးကော်မတီ ကြွက်သိုက်ကြောင့် သစ်ပင်က ပို၍ပို၍ပိန်လှီလာသည်။ ကော်မတီကြွက်လူကြီးတွေက အမြစ်ကအစကိုက် ဖြတ်နေတော့သကိုး။

■



www.burmeseclassic.com

www.burmeseclassic.com



# ဓားပြပုံပြင်

ပင်လယ်ပြင်၌ ဓားပြတစ်ဦးလှေပျက်ပြီး ပင်လယ်ထဲမျောနေသည်။ သူ၏အပေါင်းအပါများလည်း ဘယ်ရောက်ကုန်ပြီမသိ။ ပင်လယ်ပြင်၌ မုန်တိုင်းဝင်မွှေသွားပြီး သူတို့စီးလာသောလှေကြီးမှာ တစ်စစီဖြစ်ခဲ့ပြီ။ သူ၏ အပေါင်းအပါများလည်း တစ်နေရာစီလွင့်ကျပြီ။ ဘယ်ရောက်ကုန်ပြီမသိ။ သေပဲသေကုန်ပြီလား။ သူ့လိုပဲ ပင်လယ်ထဲမျောပါနေပြီလား။

ပင်လယ်ထဲ ဒီလိုကြီးကြာကြာအသက်ရှင်နေဖို့ဆိုတာ သိပ်တော့ လွယ်သည်မဟုတ်။ သူ့လိုအတွေ့အကြုံရင့်ကျက်ပြီး ကျရာနေနေ လိုက်



www.burmeseclassic.com

www.burmeseclassic.com



လျှောအောင် နေတတ်သူတောင် ယခုဖက်ထားသော ပျဉ်တွဲလေးရှိနေ၍သာ တော်တော့သည်။ ဤသူများက ပင်လယ်ထဲကြုံ့ကြုံ့ခိုင်ဦးတော့ ခါတိုင်း ကိုယ်စား နေကျရေသတ္တဝါများ၏လက်ချက်ကြောင့်ပင် အသက်ပျောက် ကုန်လောက်ပြီ။

သူ ပင်လယ်ထဲမျောနေတာ နှစ်ရက်နှင့်သုံးညရှိပြီမို့ အခြေအနေ က လျှော့ရဲနေပေပြီ။

သို့သော်၊ သူကမျှော်လင့်ချက်နှင့်အသက်ရှင်နေတုန်း။ သူ့ခါးသူ ပြန် စမ်းလိုက်သည်။ လက်သုံးတော်ခြောက်လုံးပြူးက ပါရှိဆဲ။

သူကား မိသားစုနှင့်သာခွဲပစ်လိုက်မည်။ ထိုလက်နက်နှင့်တော့ ခွဲမည်မဟုတ်သော လူသားမျိုး။

ခြောက်လုံးပြူးကြီးပြန်စမ်းမိပြီး သူအားတက်သွားသည်။ ဒီခြောက် လုံးပြူးသာပါလျှင် သူဘာကိုမှမကြောက်၊ ဖြစ်နိုင်လျှင် ဖြတ်သွားဖြတ်လာ သင်္ဘောတစ်စီးလောက်ကို တစ်ယောက်တည်းဓားပြတက်တိုက် လိုက်ချင် သေးသည်။

သူ့သက်တမ်းနှင့် ထပ်တူလုပ်ခဲ့သောအလုပ်မို့ သူကျွမ်းကျင်သည်။ ဒီအသက်အရွယ်အထိ သူဓားပြတိုက်ခဲ့သောသင်္ဘောပေါင်း မည်မျှရှိပြီကိုပင် မမှတ်မိတော့။

လူက မြော့မြော့သာကျန်တော့သည်။ ဓားပြတိုက်ချင်စိတ်က ထိန်း မရသေး။ ဖြတ်သွားဖြတ်လာ သင်္ဘောတစ်စီးစီးလာပါက ဒုက္ခသည် ဟန် ဆောင်၍အကူအညီတောင်းမည်။ ပြီးလျှင်လက်စွဲတော် ခြောက်လုံးပြူးနှင့် ထိုသင်္ဘောကိုအပိုင်စီးပြီး ရွက်ပြန်လွှင့်မည်။ ပါလာသည့် ပစ္စည်းများအား ဖြုန်းတီးပစ်မည်။

ထိုသို့တွေးမိပြီး စိတ်အားပြန်တက်လာသည်။ ဟိုအဝေးမှာပျပျ။

"ဟော. . လာပြီ"

သူမျှော်လင့်ထားသလို သင်္ဘောကြီးတစ်စီး သူ၏အနီးချဉ်းကပ်လာသည်။

"ကယ်ကြပါ။ ကယ်ကြပါ။ ကယ်ကြပါဗျို့"

သူအသံကုန်ခြစ်အော်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူထင်သည့်အတိုင်း သဘော်ကြီးက သူ့အနီး တဖြည်းဖြည်း တအိအိရပ်လာသည်။ သိပ်မကြာပါ။ သဘော်ပေါ်မှ ဦးခေါင်းတစ်လုံးပေါ် လာပြီး

--ဘယ်သူလဲဟေ့++

သဘော်အစောင့်ဖြစ်ပုံရသည်။ သူလည်းဝမ်းသာအားရပင်

--ဒုက္ခသည်ပါခင်ဗျာ။ ဒုက္ခသည်ပါ။ ကျွန်တော်တို့ရဲ့လှေ လေမုန် တိုင်းကြောင့်ပျက်စီးသွားလို့ ပင်လယ်ထဲမျောနေတာပါခင်ဗျ++

လူကြီးက သူ့ကိုငုံ့ကြည့်ပြီး

--ခဏစောင့်++

သူလက်စွဲတော်ခြောက်လုံးပြူးကို ပြန်စမ်းလိုက်သည်။ ခြောက်လုံး ပြူးကားရှိနေဆဲ။ သူ့ဝမ်းသာစိတ်က လှိုက်ခနဲလှိုက်ခနဲ။ မကြာခင် ကိုယ်ပိုင် သဘော်တစ်စင်း ရရှိပေတော့မည်။ ကိုယ်ပိုင်တော့မည့်သဘော်ကို မျက်လုံး ကစားကာ လှည့်ပတ်ဝေ့ကြည့်လိုက်သေး၏။ သဘော်ကအသစ်ကြီးမို့ အတော်သုံးရပေဦးမည်။ သူတစ်ယောက်တည်း ကျိတ်ပြီးဝမ်းသာနေ၏။

သိပ်မကြာပါ။ ခုနလူကြီးခေါင်း ပြန်ပေါ်လာကာ

--ဟော ဒီကြိုးကိုဆွဲလိုက်ဟေ့++

-ဖျော+

သူ့ထံကြိုးခွေတစ်ခွေ ကျရောက်လာသည်။

--အဲဒီကြိုးကိုဆွဲထားလိုက်++

သူကြိုးကိုဆွဲထားလိုက်သည်။ အစောင့်က သူ၏ခန္ဓာကိုယ်ကိုပင် လယ်ပြင်မှ သဘော်ပေါ်ရောက်အောင် အားကြိုးမာန်တက် ဆွဲတင်ပေး သည်။

သူကဆွဲတင်သောကြိုးကိုခို၍ခြောက်လုံးပြူးခိုးထုတ်ထားသည်။

--ဒီအစောင့်ငတုံးကို အရင်ဆုံး၊ ဓားစာခံလုပ်မယ် ပြီးရင်သဘော် ကို အပိုင်စီးရမယ်++

ဟု စိတ်ထဲတေးလိုက်သည်။

ဟိုကတော့ သူ့အကြံကိုမသိပဲ အားကြိုးမာန်တက်ဆွဲတင်ပေးဆဲ



www.burmeseclassic.com

www.burmeseclassic.com



သဘော်ပေါ်သို့ သူ့ခေါင်းပေါ်သည်နှင့် ဓားပြလည်းဆွဲထားသော ကြိုးကို လက်တစ်ဖက်နှင့်ခိုပြီး နောက်လက်တစ်ဖက်မှ ခြောက်လုံးပြူးထုတ်ကာ သူ့ကိုကြိုးဖြင့်ဆွဲတင်ပေးနေသော အစောင့်၏နားထင်ကို ထုတ်ချိန်လိုက်သည်။ နောက်နှုတ်ကလည်း

--လက်မြှောက်လိုက်++

အစောင့်က သူဆွဲတင်ပေးသော ကြိုးကိုခိုပြီးသူ့ကို ခြောက်လုံးပြူးနှင့် ချိန်ထားသောဓားပြကို ကြောင်ပြီးကြည့်သည်။ ဓားပြကပိုဟန့်သည်။

--ဟေ့လူ လက်မြှောက်လို့ ပြောနေတယ်လေ ဘာလဲပင်လယ်ဓားပြ မမြင်ဖူးဘူးလား++

ထိုတော့မှ ကြိုးဆွဲထားသော လက်ကိုမြှောက်လိုက်ရာ

--အား++

ကြိုးဆွဲပေးမည့်သူမရှိတော့၍ ဓားပြကြီးကြိုးနှင့်အတူ ပင်လယ်ပြင်ထဲ ဝုန်းခနဲပြန်လည်ထိုးကျသွားလေသည်။

ထိုတော့မှ ကြောက်လန့် တကြားဖြင့်

--ကယ်တော်မူကြပါ။ ကယ်တော်မူကြပါဗျို့++

သူ့အော်သံကို မည်သူမျှဂရုမစိုက်တော့။

သဘော်ကြီးကား တဝူဝူမြည်သံပေး၍ ခပ်ဝေးဝေးခုတ်မောင်းသွားလေပြီ။

ပင်လယ်ထဲမှာတော့ ကိုယ့်ကိုကြိုးနဲ့ဆွဲတင်ပေးသူ၏နားထင်ကို သေနတ်နှင့်ချိန်မိ၍ ပင်လယ်ထဲပြန်ကျသွားသော ဓားပြတစ်ယောက်တည်း။

--ကယ်တော်မူကြပါ ကယ်တော်မူကြပါ ခင်ဗျ++

သူ့အသံကို ဘယ်သူမှမကြားတော့ . . . . ။

■



www.burmeseclassic.com

www.burmeseclassic.com



# အိမ်ရှင်

မိသားစုတစ်စု နိုင်ရာအထုတ်ကလေးများဆွဲ၍ လမ်းမပေါ်ယောင်လည်လည် လျှောက်သွားနေကြသည်။

ဤသည်ကိုတွေ့သော် အိမ်နီး ချင်းများက

--ခင်ဗျား တို့မှာ အိမ်မရှိဘူးလား++

လမ်းပေါ်ယောင်လည်လည် လျှောက်သွားသူများထဲမှ အကြီးဆုံးလူမှ တွေဝေသွားသည်။ ပြီးမှ တစ်ဖက်သို့ မေးငေါ့ပြပြီး. . . .

--ဟိုမှာလေ++

အိမ်နီးချင်းများ အံ့အားသင့်ကုန်၏။ ထိုသူမေးငေါ့ပြသောအိမ်မှာ ယခင်က သူတို့အင်မတန်အားကျခဲ့သော နေအိမ်ဖြစ်ခဲ့၍ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အရိပ်အာဝါသကောင်းခြင်း၊ ရေခံမြေခံကောင်းခြင်းတို့ကြောင့် နေချင်စဖွယ်။

တချို့အိမ်များမှပင် နေအိမ်တည်ဆောက်ရန် နမူနာအနေဖြင့် ထိုအိမ်ပုံစံဒီဇိုင်းကို သွားရောက် ကြည့်ရှုလေ့လာခဲ့ကြရသည်။ ထို့ကြောင့် . . . .

==ဟင် . . ဒီလောက်ကောင်းတဲ့အိမ်က ခင်ဗျားတို့ဘာလို့ ဆင်းလာရတာလဲ++

ဆိုသောအခါ လမ်းပေါ်မှလူက ခေါင်းပေါ်ရှိသော အထုတ်ကိုဖုတ်ခနဲပစ်ချကာ . .

==ဒီလိုပါခင်ဗျာ++

ဟုအစချီ၍ ရှင်းပြလေသည်။

တစ်နေ့တွင် သူတို့အိမ်၌ အိမ်တွင်းရေးပဋိပက္ခတစ်ခု ဖြစ်ကြသည်။ ထိုအချိန်၌ဘယ်ကဘယ်လို ပေါ်လာမှန်းမသိသော လူကြီးတစ်ဦး ရောက်လာ၏။

==အေး . . ငါ . . မင်းတို့အဘပဲ။ ငြိမ်ငြိမ်နေကြ။ ဒီကိစ္စ ငါရှင်းပေးမယ်++

ဆိုကာ အိမ်ဦးခန်းတက်ထိုင်၏။ ထိုအဘအိမ်ဦးခန်းထိုင်ပြီး သိပ်မကြာ။ လူတစ်ဦးထပ်ရောက်လာ၏။

==ခင်ဗျားတို့ အခုလိုပြဿနာတက်နေတာ စီမံခန့်ခွဲမှုညံ့လို့။ ဒါကြောင့် ကျုပ်စီမံခန့်ခွဲပါရစေ++

သိပ်မကြာ လူအများထပ်ရောက်လာပြီး . . .

==တစ်ယောက်တည်း စီမံခန့်ခွဲလို့ဘယ်ရမလဲ။ မီးရေး၊ ထင်းရေး ကျုပ် တာဝန်ယူပါရစေ++

နောက်တစ်ယောက်ကလည်း

==ဒီသစ်ပင်တွေ ရှုပ်ရှက်ခတ်နေပြီ အမြန်ရှင်းဖို့လိုတယ်။ ဒီကိစ္စ ကျုပ်တာဝန်ယူတယ်ဗျာ++

==အိမ်တွင်းသန့်ရှင်းရေးက အရေးကြီးတယ်ဗျ။ အဲဒီ သန့်ရှင်းရေး ကို ကျုပ်ပဲ လုပ်လိုက်ပါ့မယ်++



www.burmeseclassic.com

www.burmeseclassic.com



--အိမ်လက်ရမ်း ပြီတာပျက်တာနဲ့ အိမ်ရှေ့တံတားခင်းဖို့လိုတယ်။ ဒါမှတစ်အိမ်လုံး လွယ်လွယ်ကူကူသွားလာနိုင်မှာ။ ပိုက်ဆံထုတ် ပိုက်ဆံထုတ်++

--ကလေးတွေရဲ့ ကျန်းမာရေးက အရေးကြီးတယ်။ ကဲ. . ပိုက်ဆံထုတ် ပိုက်ဆံထုတ်++

လိုအပ်ရင်. .

--ပိုက်ဆံချေးဖို့ဆိုရင် ကျုပ်လိုမျက်နှာပြောင်ဖို့လိုတယ်။ ကျုပ်ချေးပေးမယ်။ ခင်ဗျားတို့ပြန်ဆပ်++

--ချေးငွေတွေ ဘယ်သူ့ဆီချပေးရမယ်ဆိုတာ အဲဒီအတိုင်းရမ်းလုပ်လို့ ဘယ်ဖြစ်မှာလဲဗျ။ စံနစ်လိုတယ်ဗျ စံနစ်စံနစ်၊ ကျုပ်စီမံခန့်ခွဲပေးမယ်++

စသည်ဖြင့် တစ်ယောက်ပြီး တစ်ယောက်တိုးလာကြောင်းပြောပြသည်။ နားထောင်သူက နားထောင်ပြီး မျက်မှောင်ကျုံ့ကာ. .

--အဲဒါဆို ခင်ဗျားတို့က သူတို့ကိုဘယ်သူတွေလည်း မမေးဘူးလား++

အိမ်ရှင်လူကြီး ဆောင့်ကြောင့်ထိုင်။ ငိုချင်နေသောမျက်လုံးကိုလက် ဖနောင့်နဲ့ပွတ်ပြီး

--မေးပါသကော်ဗျာ။ မေးပါသော်ကော++

ကျန်သူများ စိတ်ဝင်စားသွားပြီး

-- သူတို့ ဘာပြောလဲ။ ဘာတွေတဲ့လဲ++

ထိုလူကြီးက ငိုချင်စိတ်ကို မြိုသိပ်ဟန်နှင့် တစ်ချက်ရှိုက်ပြီး

--သူတို့က ပြည်သူ့အစေခံတွေတဲ့ဗျာ++

--ဟင်++

အားလုံးအံ့အားသင့်သွားသည်။ ဘာပြောရမှန်းမသိတော့။ နောက်မှ တစ်ယောက်က

--ဟင် ပြည်သူအစေခံများတော့++

အိမ်ရှင်ဟီးချ၍ ငိုချလိုက်၏။ ပြီးမှ

www.burmeseclassic.com


--ဟီး. . . ပြည်သူအစေခံများတော့ အိမ်ရှင်တောင် နေစရာမရှိတော့တာပဲဗျာ။ ဟီး. . ++

--ဟမ်++

အားလုံးက ဘာဆက်ပြောရမှန်းမသိတော့။

အိမ်တစ်အိမ်မှာ ပြည်သူ့အစေခံများလွန်းတော့လည်း အိမ်ရှင်နေစရာမရှိတော့ဘူးတဲ့။

အားလုံးသက်ပြင်းချသည်။ ပြီးမှတစ်ယောက်က စိတ်မကောင်းကြီးစွာနှင့်ကြည့်ပြီး

--အေးဗျာ။ နေစရာမရှိတော့လည်း အထုတ်တွေတော့ပါသေးတာပဲ။ အဲဒါလေးတွေနဲ့ ပြန်ပြီးကြိုးစားရင်ရနိုင်ပါတယ်။ အဲဒီအထုတ်ထဲမှာ ဘာတွေပါလဲ++

--အကြွေး++

--အို++

အိမ်ရှင်သည် အကြွေးထုတ်ကိုခေါင်းပေါ်ရွက်ရင်း ယောင်လည်လည်နှင့်လမ်းမပေါ် လျှောက်သွားနေသည်။

သူပိုင်အိမ်ထဲတွင်တော့ ပြည်သူ့အစေခံတွေပြည့်လို့. . .။

■



www.burmeseclassic.com

www.burmeseclassic.com



# အမှောင်ထဲကလူ ပုံပြင်

ဖြတ်ခနဲ မီးပျက်သွားသည်။

မှောင်မှောင်မည်းမည်းဖြစ်သွားသော်လည်း အမှောင်ထဲမှာပင် ထိုင်နေမိသည်။

--မီးပြန်လာမှာလား++

စိတ်ထဲ မမျှော်လင့်ရဲသော်လည်း မျှော်လင့်ချက်နှင့်ထိုင်နေမိတုန်း။

ရုတ်တရက်လေကတိုက်လာသည်။ လေကကျိုးတိုးကျဲတဲအကာ အရံ ကို ထိုးဖေါက်ကာ လူကိုလာဝင်တိုးသည်။ နောက်တော့ တဖျောက်ဖျောက် မိုးရေစက်သံ။

စိုး : မိုး : ၀ [illegible] ပ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်မိုးကို ထိတ်လန့်စွာမော့ကြည့်မိသည်။ နေသာလျှင် တက်မိုးမည်ဟု စိတ်ပိုင်းဖြတ်ထားသော်လည်း မမိုးဖြစ်သေးသောခေါင်က ဟောင်းလောင်း။

ဖြန်းခနဲ အကာအကွယ်ကြားမှရေက ခန္ဓာကိုယ်ကိုလာစင်သည်။

နောက် ခေါင်မိုးပေါ်မှ တဖျောက်ဖျောက်နှင့် မိုးစက်တွေကျလာသည်။ မိုးရေစက်နှင့်အတူ "အားရင်ဖော်မယ်"ဟု စိတ်ကူးထားသော အိမ်ရှေ့မြောင်းမှခြင်တစ်အုပ် အိမ်ထဲခပ်သုတ်သုပ်ဝင်လာသည်။

"တောက် ခြင်တွေကလည်းကွာ"

နှုတ်မှမကြေမချမ်းရေရွတ်ရင်း လက်နှစ်ဖက်ဖြင့်ခြင်များကို ယမ်းခါနေမိသည်။

ယခုအချိန်ထိ ဖယောင်းတိုင်ထထွန်းရမလား။ သူစဉ်းစားနေတုန်း

"ဂွတ်"

ခြေလှမ်းအနည်းငယ်ရွှေ့လိုက်ရုံနှင့် ကြမ်းပြင်က ကျွဲလုလုဖြစ်နေသည်ကို သူသတိရသွားသည်။ နောက် မှောင်မှောင်စမ်းစမ်းမှာ ယောင်ယောင်ကန်းကန်းနှင့် ခြေရင်းမှကြမ်းကို ခြေနှင့်စမ်းဖာနေမိသည်။ မှောင်နေ၍ ကြမ်းပေါ်က နေရာကျရဲ့လားလည်းမသိ။ လုပ်မိလုပ်ရာ လုပ်နေခြင်းပင်။

အပြင်လေနှင့်အတူ မိုးစက်တွေလူကိုလာစင်သည်။ ခေါင်မိုးပေါက်မှ မိုးရေများကလည်း ခေါင်းပေါ်အဆက်မပြတ်ကျဆဲ။

"တောက် ခြင်တွေကလည်း"

အပြစ်မရှိရှိရာ ပုံချလိုက်မိသည်။ မှောင်မှောင်မည်းမည်းမှာ ဖယောင်းတိုင် ထွက်ဝယ်ရမလား၊ သူစဉ်းစားမိသေးသည်။ သို့သော်သွားလို့မဖြစ်နိုင်။ အိမ်ရှေ့မှရေ မြောင်းပုပ်ကို ကျော်သောတံတားကျိုးနေမှန်း သူသတိရသွားသည်။ ထိုထက်ပိုဆိုးသည်မှာ အားလျှင်ခုတ်သင်မည်ဟု စိတ်ထဲတေးထားသော အိမ်ရှေ့မှ မြက်ရိုင်းပင်များကြား မြွေပါး၊ကင်းပါး အန္တရာယ်ကလည်း ရှိသေး။

သူအမှောင်ထဲမှာပဲ ဆက်နေရမလား စဉ်းစားသည်။

"ဒီအတိုင်းနေမယ့်အစား အိမ်နီးချင်းဆီမှာ ဖယောင်းတိုင်ချေးရမလား"



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ အရင်သူဖယောင်းတိုင်ပိုတုန်း ထိုသူကိုပင်ပြန်ရောင်းစားမိခဲ့တာအမှတ်ရပြီး အခုလို လိုမှပြန်ချေးလျှင် မဲ့ရွဲ့ပြောဆိုလွှတ်မှာသေချာ၏။

မိုးတွေကလည်းစို၊ ခြင်တွေကလည်းကိုက်နှင့် အမှောင်ထဲထိုင်နေမိတုန်း။

သူများလုပ်စရာအလုပ်တွေ အများကြီးကျန်သေးမှန်း သူသိသည်။

ဒီထက်ပိုပြီး မိုးသည်းလာပါက ကြမ်းပေါက်များမှတစ်ဆင့် အိမ်ထဲသို့ ရေတွေဒလဟော ဝင်ပေတော့မည်။

••တောက် ခြင်တွေကလည်းကွာ++

သူအပြစ်ဖို့စရာကိုရှာကြံတွေးပြီး အပြစ်တင်သည်။ ယခုအချိန်ထိ ဖယောင်းတိုင်ထွက်ရှာရမလား၊ ဒီအတိုင်းပဲ သူများအကူအညီထိုင်စောင့်နေရ မလား။ မဝေခွဲနိုင်သေး။ ဒီကြားထဲ။

••ဟာ သွားပြီ++

သူ့ရင်ထဲထိတ်ခနဲ မိသားစုအတွက်လည်း ထမင်းအိုးမတည်ရသေးမှန်း သူသတိရသွားသည်။ ရင်ထဲမှာ ပြာပြာသလဲ။

အိုး သူကဘာမှ မလုပ်ရသေး။ ဘာဆိုဘာမှ မလုပ်ရသေးဘူး။

ကြမ်းခင်းလည်း မဖာရသေး။ အိမ်ထရံလည်း မပြင်ရသေး။ အိမ်အမိုးလည်း လုံခြုံအောင်မမိုးရသေး။ မြက်ရိုင်းလည်းမရှင်းရသေး၊ မြောင်းလည်း မဖော်ရသေး၊ တံတားလည်းမပြင်ရသေး၊ သားသမီးများအတွက် ထမင်းအိုးလည်း မပြင်ပေးရသေး အပြင်မှချေးယူထားသော အကြွေးများလည်း ပြန်မဆပ်ရသေး။

ဘာဆိုဘာမှ မလုပ်ရသေးပေ။

သူလုပ်ပေးနိုင်တာ တစ်ခုပဲရှိသည်။

လွယ်လွယ်ကူကူရသော ကတိပေးခြင်းပင်။ ထို့ကြောင့် အမှောင်ထဲက သူမထသေး။ အိမ်ကလေးကိုပို၍ပင် ယိုယွင်းလာသယောင်။

ေလ း စ ၁ း ၈ ၁ ကြို း စ ၁ း ထျ က်

အပြည်တော်



www.burmeseclassic.com